# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

**ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)**


၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက် ၂၀၁၉ ခုနှစ်၊ ဇွန် ၂၄ ရက်၊ စနေနေ့ အတွဲ (၅၈)၊ အမှတ် (၂၇၂)


# တောင်သူလယ်သမားအများစု စိုက်ပျိုးနေကြတဲ့ အဓိကသီးနှံတွေကို အခြေခံဈေးနှုန်းသတ်မှတ်နိုင်ဖို့ လုပ်ဆောင်

## ဈေးကွက်အခြေအနေ၊ ထုတ်လုပ်မှုအနေအထားစတဲ့ အခြေခံအကြောင်းရင်းတွေကို အခြေပြုပြီး စဉ်ဆက်မပြတ် ပြောင်းလဲပြင်ဆင်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဓနုဖြူမြို့နယ် ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံ

နေပြည်တော် ဇွန် ၂၈

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးမင်းသူ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့သို့ ရောက်ရှိသည်။**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများက ဓနုဖြူမြို့နယ်အားကစားကွင်း၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**တက်ရောက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဓနုဖြူမြို့ လယ်ယာဝန်ဆောင်မှုစင်တာ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ဒေသခံတောင်သူ လယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဦးမောင်မောင် ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီနေ့ တွေ့ဆုံပွဲကို ဒေသခံတောင်သူလယ်သမား နှစ်ထောင်နီးပါး တက်ရောက်ကြတယ်လို့ သိရပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ အသင်းအဖွဲ့တွေနဲ့ ကုန်သည်၊ စက်ပိုင်ရှင်တွေ တက်ရောက်လာတယ်ဆိုတာ သိရပါတယ်။ အုပ်ချုပ်ရေးပိုင်းက ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူတွေလည်း တက်ရောက်ကြပါတယ်။ ကျွန်မတို့နိုင်ငံရဲ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဒီကနေ့ တက်ရောက်လာတဲ့သူတွေအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြဖို့၊ တစ်ဦးနဲ့တစ်ဦး စာနာနားလည်စိတ်နဲ့ ရိုင်းပင်းကူညီကြဖို့ အထူးပဲအရေးကြီးလှပါတယ်။ အထူးသဖြင့် ကျွန်မတို့ရဲ့ တောင်သူလယ်သမားတွေနဲ့ ကုန်သည်၊ စက်ပိုင်လုပ်ငန်းရှင်တွေအကြားမှာ ***စာမျက်နှာ ၃ ကော်လံ ၁*** ❋




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဓနုဖြူမြို့နယ် ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။**

သတင်းစဉ်






မြန်မာ့အလင်း

## ဘေးအန္တရာယ်ကင်း၍ အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာသီးနှံများ စိုက်ပျိုးထုတ်လုပ်

ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ စားနပ်ရိက္ခာပိုမိုလိုအပ်လာခြင်း၊ စိုက်ပျိုးမြေဧရိယာနှင့် သဘာဝအရင်းအမြစ်များ လျော့နည်းရှားပါးလာခြင်း စသည့် အရင်းခံအကြောင်းတရားများကြောင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတ်မြေသြဇာနှင့် အခြားဓာတုဆေးဝါးများကို အဓိကအားထားသုံးစွဲလာခြင်း၊ သီးနှံများ၊ သစ်သီးဝလံများကို မျိုးဗီဇ ပြုပြင်မှုများပြုလုပ်ခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြသည်။ တစ်ဖက်တွင် အထွက်နှုန်းများ မယုံကြည်နိုင်လောက်စရာ တိုးတက်ခဲ့ကြသလို သစ်သီးဝလံ၊ သီးနှံတို့၏ အရောင်အသွေးနှင့် အရွယ်အစားတို့မှာလည်း ဈေးကွက်တွင် ရောင်းပန်းလှသည့်အသွေးအမွေးနှင့် ပမာဏတို့ကို ထုတ်လုပ်နိုင်ခဲ့ကြသည်။

ခေတ်မီဓာတ်မြေသြဇာ၊ ဓာတုဆေးဝါး၊ မျိုးဗီဇနည်းဖြင့် ပြုပြင်ထုတ်လုပ်ထားသည့် သီးနှံများနှင့် သစ်သီးဝလံများကို ကာလတစ်ရပ်ထိ ရောင်းဝယ်စားသုံးခဲ့ကြပြီးသည့်နောက်တွင်မှ ယင်းအစားအစာများကို စားသုံးခြင်းနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းမှုအပေါ် မေးခွန်းထုတ်လာခဲ့ကြသလို ပြန်လည်ဆန်းစစ်မှုများ၊ သုတေသနပြုမှုများနှင့်အတူ သဘာဝနည်းဖြင့် ထုတ်လုပ်ထားသည့် အော်ဂဲနစ်အစားအစာများက ရှေ့တန်းသို့ ပြန်ရောက်လာသည်။ သစ်သီးဝလံတွင် ပိုးပေါက်ကလေးပါမှ ဓာတုပိုးသတ်ဆေးတို့ ကင်းလွတ်သည်ဟူသော အမြင်မျိုးပင်ရှိလာသည်။ မည်သို့ပင်ဆိုစေကာမူ စိုက်ပျိုးရေးထုတ်ကုန်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် မြေကနည်းနည်းတွင် များများစိုက်ပျိုးထုတ်လုပ်ရန်မှာလည်း မဖြစ်မနေ လုပ်ရမည်ဖြစ်သည့်အလျောက် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများအပါအဝင် အခြားစိုက်ပျိုးရေးသုံးဆေးဝါးများကို အတိုင်းအတာတစ်ရပ်အထိ သုံးစွဲရန် လိုအပ်နေဆဲဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ကျင့်သုံးရန်လိုအပ်လာသည်။

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ **GAP (Good Agricultural Practices)** ၏ ရည်ရွယ်ချက်မှာ စားသုံးသီးနှံများကို ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် အာဟာရပြည့်ဝစွာ ထုတ်လုပ်နိုင်ရေးပင်ဖြစ်သည်။ တောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးကြရာတွင် အချက် ၁၆ ချက်ပါ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ကာ ဈေးကွက်တွင်လည်း ဈေးကောင်းရရှိနိုင်မည်ဖြစ်သည်။ လက်ရှိတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ဥယျာဉ်ခြံသီးနှံများဖြစ်သည့် သရက်၊ ကျွဲကော၊ သခွားမွှေး၊ ဖရဲသီး၊ ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ကြက်သွန်နီ၊ ဂေါ်ဖီထုပ်၊ ထောပတ်သီး၊ လယ်ယာသီးနှံများဖြစ်သည့် အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ (မတ်ပဲ၊ ပဲတီစိမ်း၊ ပဲလွန်း)၊ နှမ်း၊ မြေပဲ၊ စပါး၊ ကော်ဖီတို့အတွက် လမ်းညွှန်ချက် **(Guide Line)**များ ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်သည်။

"ကျွန်မတို့က တစ်ကမ္ဘာလုံးနဲ့ ယှဉ်နေရတာ ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးက သတ်မှတ်ထားတဲ့စံကို မီဖို့လိုပါတယ်။ ဖွံ့ဖြိုးပြီး ကြွယ်ဝချမ်းသာတဲ့ နိုင်ငံတွေမှာ သူတို့ရဲ့ကျန်းမာရေးအတွက် ဂရုစိုက်ပါတယ်။ သူတို့သုံးတဲ့ အစားအစာတွေဟာ ကျန်းမာရေးနဲ့ကိုက်ညီရဲ့လားဆိုတာ အလေးထားပြီး လေ့လာပါတယ်။ ကျွန်မတို့နိုင်ငံကထွက်တဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေဟာ ကမ္ဘာက သတ်မှတ်ထားတဲ့စံနှုန်းတွေနဲ့ မကိုက်ညီဘူးဆိုရင် ကမ္ဘာ့ဈေးကွက်မှာ ထဲထဲဝင်ဝင်တိုးဖို့ဆိုတာ ခက်သွားပါလိမ့်မယ်"ဟူ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးရာတွင် ထည့်သွင်းပြောကြားထားသည်။ နိုင်ငံတစ်ဝန်းလုံးတွင်ရှိနေသည့် စားနပ်ရိက္ခာစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားကြီးများအားလုံးကို အသိပေးပြောကြားခြင်းလည်း ဖြစ်သည့်အလျောက် မိမိတို့ ထုတ်လုပ်လိုက်သည့် စားသုံးသီးနှံများ ဘေးကင်းအာဟာရပြည့်ဝ ဈေးကောင်းရခြင်းဖြင့် အတ္တပရနှစ်ဖက်အကျိုးစီးပွားတို့ကို ရရှိနိုင်ကြပါစေကြောင်း။ ။

## ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (ရန်ကုန်) အား ခေတ္တပိတ်ထားမည်

**နေပြည်တော် ဇွန် ၂၈**

(၇၂) ကြိမ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (ရန်ကုန်) ကို ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ခေတ္တပိတ်ထားမည်ဖြစ်ပါကြောင်းနှင့် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (ရန်ကုန်) နှင့် (နတ်မောက်) တို့အား ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

## အမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**လှိုင်းဘွဲ့ ဇွန် ၂၈**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက်က ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး မင်းတပ်မြို့နှင့် မတူပီမြို့တို့ရှိ ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး

**မင်းတပ် ဇွန် ၂၈**

ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးတဲရင့်စ်စံမွိုင်းနီခွဲသည် ချင်းပြည်နယ်တရားသူကြီးချုပ်ရုံး၊ ရုံးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦး၊ မင်းတပ်ခရိုင်တရားသူကြီး ဦးဌေးအောင်၊ ဦးစီးအရာရှိ ဦးခွာကမ်းတို့နှင့်အတူ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့ အရှေ့ပြင်ရပ်ကွက် မင်းတပ်မြို့မရဲစခန်း အချုပ်ခန်းကို ဇွန် ၂၆ ရက်က ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်တရားလွှတ်တော် တရားသူကြီးနှင့် အဖွဲ့အား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲလွင်ဦး၊ မင်းတပ်မြို့ ရဲစခန်းမှူးတင်ဌေးနိုင်တို့က မင်းတပ်ရဲစခန်း အချုပ်ခန်းနှင့် ပတ်သက်၍ စီမံရေးရာကိစ္စရပ်များ၊ လုံခြုံရေးဆောင်ရွက်ထားမှု၊ အချုပ်သူ အချုပ်သားတို့၏ အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နေထိုင်စားသောက်မှု၊ သောက်သုံးရေရရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်နယ်တရား လွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် မြို့မရဲစခန်းအချုပ်ခန်းအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဥပဒေပါအခွင့်အရေးများရရှိမှု အခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေ၊ သောက်သုံးရေနှင့် သုံးရေရရှိမှုအခြေအနေ၊ စစ်ဆေးဆဲအချုပ် တရားခံများအနေဖြင့် အမှုစစ်ဆေးရာတွင် ကြန့်ကြာမှုရှိ/မရှိ၊ နှိပ်စက်ညှဉ်းပန်းမှုရှိ/မရှိ၊ ဥပဒေနှင့် အညီရထိုက်သော အခွင့်အရေးများ ရရှိမှု/မရှိ တွေ့ဆုံ မေးမြန်းကာလိုအပ်သည်များ မှာကြားခဲ့သည်။

ထို့အတူ ဇွန် ၂၅ ရက်တွင်လည်း ပြည်နယ်တရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့သည် မတူပီမြို့မရဲစခန်း အချုပ်ခန်းသို့လည်း သွားရောက်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များမှာကြား ခဲ့ကြောင်းသိရသည်။

**ခီရှိန်း(ပြန်/ဆက်)**

## မြိတ်မြို့နယ် ကြေးနန်းတိုင်-ကသာရိုင်-နန်းတော်ရာကျေးလက်လမ်းပေါ်၌ တောင်းရှည်တံတားတည်ဆောက်

**ရန်ကုန် ဇွန် ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကြေးနန်းတိုင် - ကသာရိုင်- နန်းတော်ရာ ကျေးလက်လမ်းပေါ်၌ အလျား ၂၉၅ ပေ၊ အကျယ် ၁၆ ပေရှိသည့် တောင်းရှည်တံတားကို မြိတ်ခရိုင် ကျေးလက် လမ်းဦးစီးအစီအစဉ်ဖြင့် တံတားတည်ဆောက်ရေး အဖွဲ့ (၃) တံတား အထူးအဖွဲ့(၉)က တည်ဆောက်လျက်ရှိသည်။



မြိတ်မြို့နယ်အတွင်းရှိ တောင်းရှည်တံတားတည်ဆောက်နေမှုကို တွေ့ရစဉ်။

တံတားမှာ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ တစ်လမ်းသွား တံတားဖြစ်ပြီး ရေလမ်းကင်းလွတ်အကျယ် ၄၅ ပေ၊ ရေလမ်း ကင်းလွတ်အမြင့် လေးပေ ခြောက်လက်မနှင့် တံတားအမျိုးအစားမှာ အုတ်မြစ်၊ ကိုယ်ထည်မှာ အာစီ ကွန်ကရစ် အမျိုးအစားဖြစ်သည်။ ခွင့်ပြုယာဉ် အလေးချိန် ၃၆ တန် သတ်မှတ်ထားပြီး စီမံကိန်းတန်ဖိုးမှာ ခန့်မှန်းငွေကျပ် သန်း ၁၀၅၀ ဖြစ်သည်ဟု သိရသည်။

တံတားစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်ခဲ့ပြီး တံတားတစ်စင်းလုံးကို ၃၀-၉-၂၀၂၀ ရက်တွင် အပြီး တည်ဆောက်သွားမည်ဟု သိရပြီး တံတားပြီးစီးသွားလျှင် တံတားတစ်ဖက်ကမ်းရှိ ကျေးရွာ ၁၇ ရွာမှ လူဦးရေ ၁၇၉၆၀ ကျော်တို့အတွက် အကျိုးပြုလာမည့် တံတားဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## ရပ်ကွက်အတွင်း တစ်ပိုင်တစ်နိုင်မွေးမြူရေးခြံများ စနစ်တကျမွေးမြူရန် လိုအပ်

**ဖယ်ခုံ ဇွန် ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့ရှိ ရပ်ကွက်များ၌ တစ်နိုင်တစ်ပိုင် ကြက်၊ ဝက်၊ ငါး မွေးမြူရေးလုပ်ကိုင်သော မွေးမြူရေးခြံများအနေဖြင့် သတ်မှတ်စည်းကမ်းများအတိုင်း စနစ်တကျမွေးမြူရန် လိုအပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီထံမှ သိရှိရသည်။



တစ်ပိုင်တစ်နိုင် မွေးမြူရေးခြံများကို ကွင်းဆင်းစစ်ဆေးစဉ်။

"မွေးမြူရေးလုပ်ငန်းရှင်များအနေနဲ့ မိမိကိုယ်ကျိုးစီးပွား တစ်ခုတည်းမကြည့်ဘဲ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကူးစက်ရောဂါ မဖြစ်ပွားစေရေးတွေအတွက် သက်ဆိုင်ရာဌာနတွေကထုတ်ပြန်ထားတဲ့ သတ်မှတ်စည်းမျဉ်း စည်းကမ်းများအတိုင်း စနစ်တကျလိုက်နာဆောင်ရွက်ကြဖို့လိုပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်နိုင်ကပြောသည်။

အဆိုပါ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ကိုင်သော မွေးမြူရေးခြံများကို ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမြတ်သူ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ အောင်ကိုလတ်၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

"အများပြည်သူနေထိုင်တဲ့ မြို့ပေါ်ရပ်ကွက်တွေထဲမှာ တစ်နိုင်တစ်ပိုင် ဝက်၊ ကြက် မွေးမြူသူတွေအနေနဲ့ ကောင်းမွန်တဲ့ မွေးမြူရေးကျင့်စဉ်နဲ့အညီ မွေးမြူတဲ့ မွေးမြူရေးခြံတွေဖြစ်စေဖို့၊ ပတ်ဝန်းကျင် အနံ့အသက် ထိခိုက်မှုမရှိတဲ့ မွေးမြူရေးစနစ်ဖြစ်စေရေးတို့အတွက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတွေအနေနဲ့ မွေးမြူရေးခြံ သန့်ရှင်းဖို့နဲ့ အနံ့အသက်ကင်းစင်ဖို့အတွက် စနစ်တကျလိုက်နာဆောင်ရွက်ပြီးတော့ လိုအပ်တဲ့ဆေးဝါးတွေ အသုံးပြုဖို့ပါတယ်" ဟု မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ အောင်ကိုလတ်က ပြောသည်။

**ကိုထွေး(ဖယ်ခုံ)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဓနုဖြူမြို့နယ်အားကစားကွင်း၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်

❇ *ရှေ့ဖုံးမှ*

ခိုင်မာပြီး ရေရှည်တည်တံ့တဲ့ ဆက်ဆံမှု၊ နားလည်မှု၊ စာနာမှုတွေ ရှိရမှာ ဖြစ်ပါတယ်။

**ရှင်းနှီးနွေးထွေးစွာ ကူညီပေးဖို့လို**

"ဒီလိုဆက်ဆံမှုမျိုးတွေ တည်ဆောက်နိုင်အောင် အစိုးရဌာနဆိုင်ရာတွေကလည်း တောင်သူလယ်သမားတွေရဲ့လိုအပ်ချက်၊ လယ်ယာစီးပွားရေးလုပ်ငန်းရှင် ကုမ္ပဏီတွေရဲ့လိုအပ်ချက်တွေကို နည်းမှန်လမ်းမှန် ကူညီဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဌာနဆိုင်ရာအပိုင်းမှာဆိုရင် မြေစာရင်းဌာန၊ ဆည်မြောင်းဌာန၊ စိုက်ပျိုးရေးဌာန၊ စက်မှုလယ်ယာဌာနတွေဟာ တောင်သူလယ်သမားတွေနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး နိုင်ငံတော်အစိုးရကိုယ်စား ဝန်ဆောင်မှုပေးနေရတာဖြစ်လို့ ဒီဌာနတွေအနေနဲ့ တောင်သူလယ်သမားတွေကို ရှင်းနှီးနွေးထွေးစွာ ကူညီပေးဖို့လိုပါတယ်။ နီးနီးစပ်စပ် အတူတစ်ကွ ပုံမှန်ထိတွေ့ဆက်ဆံပြီး လုပ်ပေးနိုင်တာတွေကို လုပ်ပေးရမှာဖြစ်ပါတယ်။ လုပ်ပေးရမှာတွေကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ လုပ်ဆောင်ပေးဖို့၊ မလုပ်ပေးနိုင်သေးတဲ့ ကိစ္စတွေကိုဆိုရင်လည်း မလုပ်ပေးနိုင်ရတဲ့ အကြောင်းရင်းကို ရိုးရိုးသားသားနဲ့ ပွင့်ပွင့်လင်းလင်း ရှင်းပြပေးဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ငွေကြေး၊ ဘတ်ဂျက်နဲ့ ဓနအင်အား အကန့်အသတ်ရှိတာကြောင့် ဦးစားပေးအလိုက် သုံးသပ်ရွေးချယ်ပြီးမှ ကြိုးပမ်းဆောင်ရွက်ပေးနေရတဲ့ အနေအထားဖြစ်ပါတယ်။ ဒီအခြေအနေကိုလည်း ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးတွေ သိရှိကြဖို့နဲ့ နားလည်လက်ခံပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ကိစ္စတွေတော်တော်များများက လုပ်ဖို့ဆိုရင် နောက်ကနေ ငွေလိုက်ဖို့က အင်မတန်မှ လိုအပ်ပါတယ်။ ကျွန်မတို့နိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေနဲ့ လုပ်ချင်တာလုပ်ဖို့ဆိုတာ ငွေအား၊ ဓနအင်အားက မရှိသေးပါဘူး။ ရှိဖို့ဆိုတာ အားလုံးဝိုင်းဝန်းပြီးကူညီမှ ဖြစ်ပါလိမ့်မယ်။ ဒီတော့ အခု မဖြစ်နိုင်သေးဘူးဆိုရင် ကျွန်မတို့အစိုးရကတော့ ပွင့်ပွင့်လင်းလင်းပဲ ရှင်းပြပါတယ်။ အခုအချိန်မှာတော့ မဖြစ်နိုင်သေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အခြေအနေတွေက မပေးလို့၊ ဘာတွေလိုအပ်ချက်တွေ ရှိတယ်ဆိုတာ ကျွန်မတို့ ရှင်းပြပါတယ်။ အဲဒါတွေ ရှင်းပြရမှာက အစိုးရရဲ့တာဝန်ဖြစ်သလို ဒီလိုရှင်းပြချက်တွေကို ရဖို့ဆိုတာကလည်း တောင်သူလယ်သမားတွေရဲ့အခွင့်အရေး ဖြစ်ပါတယ်။ အခွင့်အရေးနဲ့ တာဝန်ဆိုတာ လူတိုင်းမှာ ရှိပါတယ်။ ကျွန်မတို့အစိုးရဘက်မှာလည်း တာဝန်ရှိတယ်။ အခွင့်အရေးရှိတယ်။ တောင်သူလယ်သမားကြီးတွေဘက်မှာလည်း အခွင့်အရေးရှိတယ်။ တာဝန်ရှိတယ်။ နှစ်ဦးနှစ်ဖက်က အခွင့်အရေးကိုရော၊ တာဝန်ကိုရော တန်းတူညီမျှတန်ဖိုးထားပြီး လုပ်သွားမယ်ဆိုရင် ဘယ်လိုပဲပြဿနာတွေရှိရှိ ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။

**တောင်သူလယ်သမားများအတွက် မြေယာကိစ္စ ဦးစားပေး**

"ကျွန်မတို့ရဲ့ တောင်သူလယ်သမား ဦးကြီးများအတွက်ဆိုရင် အဓိကကျတဲ့ မြေအသုံးချမှုနဲ့ပတ်သက်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို လွယ်ကူရှင်းလင်းအောင်၊ လက်တွေ့လုပ်ဆောင်ရာမှာ အခက်အခဲမရှိအောင် တတ်နိုင်သမျှ ဦးစားပေးပြီး ပြင်ဆင်ရေးဆွဲတာတွေ ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် လယ်ယာမြေ ဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေတွေကို အထူးဦးစားပေးပြီး လွှတ်တော်အဖွဲ့အစည်း အသီးသီးက အစိုးရဌာနတွေနဲ့ ညှိနှိုင်းပြီး လုပ်ကိုင်နေတာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း အရင်တုန်းက အကြောင်းအမျိုးမျိုးနဲ့ သိမ်းဆည်းခဲ့တဲ့ လယ်ယာမြေတွေကို မူလပိုင်ရှင်တွေထံ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ဖို့ကိုလည်း နိုင်ငံတော်သမ္မတရုံးက ဦးစီးပြီးတော့ အလေးပေးဆောင်ရွက်လျက်ရှိပါတယ်။

**အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ပေး**

"ကျွန်မအနေနဲ့ နိုင်ငံအနှံ့အပြားကပြည်သူတွေနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံရတဲ့အခါမှာ ဘယ်နေရာပဲရောက်ရောက် လူထုက တင်ပြတဲ့အထဲမှာ လယ်ယာမြေကိစ္စက ထိပ်ဆုံးက အများဆုံးဖြစ်နေတာကို ကိုယ်တိုင်ကိုယ်ကျ တွေ့ရှိရပါတယ်။ ဒါ့ကြောင့်လည်း လယ်ယာမြေပြဿနာတွေကို အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ပေးဖို့ တွန်းအားပေးနေရတာ ဖြစ်ပါတယ်။ အချိန်ကာလ သတ်မှတ်ချက်တွေ သတ်မှတ်ထားပေမယ့် လက်တွေ့မြေပြင်မှာ နှစ်နဲ့ချီပြီး စောင့်ဆိုင်းနေရတဲ့ ကိစ္စရပ်တွေ အများကြီး ကျန်နေသေးတယ်ဆိုတာကိုလည်း စိစစ်တွေ့ရှိရပါတယ်။ ဝန်ထမ်းအင်အား မလုံလောက်လို့လား၊ လုပ်ထုံးလုပ်နည်းတွေကပဲ ကြန့်ကြာနေတာလား၊ တာဝန်ယူ၊ တာဝန်ခံမှုမရှိဘဲ ဟိုဘက်ဒီဘက် စာတွေလွှဲနေလို့ မပြီးပြတ်တာလား၊ ဒါတွေကို သေသေချာချာ သုံးသပ်လေ့လာပြီး လိုအပ်တာမှန်သမျှ ဖြည့်ဆည်းဆောင်ရွက်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကို တိုက်တွန်းအားပေးနေရပါတယ်။

**တာဝန်ကို ကျေပွန်ဖို့ဟာ သိပ်အရေးကြီး**

"ကျွန်မတို့ တွေ့ရတာကတော့ ဒီလိုမြေတွေနဲ့ ပတ်သက်ရင် သိမ်းထားတဲ့သူတွေက ပြန်မပေးချင်လို့ အချိန်ဆွဲတာတွေလည်း ရှိပါတယ်။ တချို့ဟာတွေကျတော့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွေက လုပ်ထုံးလုပ်နည်းတွေဟာ မပီပြင်လို့ မကြန့်ကြာသင့်ဘဲနဲ့ ကြန့်ကြာနေတာတွေလည်း ရှိပါတယ်။ အဲဒီအထဲမှာလည်း တစ်ခါတလေ မြေတွေနဲ့ပတ်သက်လို့ မူလပိုင်ရှင်ပါဆိုပြီးတော့ ပြန်ပြီးတော့ တောင်းတဲ့သူတွေကလည်း ပြည့်ပြည့်စုံစုံ အထောက်အထားမရှိတာတို့၊ တစ်ခါတလေလည်း မမှန်မကန်ဘဲနဲ့ တောင်းတာတို့ ဒါတွေလည်း ရှိပါတယ်။ အဲဒီတော့ အားလုံးဘက်ကနေပြီးတော့ ဖြောင့်ဖြောင့်မှန်မှန်နဲ့ ကိုယ်လုပ်ရမယ့်တာဝန်ကို ကျေပွန်ဖို့ဟာ သိပ်အရေးကြီးပါတယ်။ ဒါမှလည်း မြေယာကိစ္စတွေကို အမြန်ဆုံးဖြေရှင်းနိုင်မှာပါ။ ဒီဧရာဝတီတိုင်းမှာတော့ စောစောက ဧရာဝတီတိုင်းဝန်ကြီးချုပ်က ဆွေးနွေးတဲ့အခါမှာ တချို့ပြန်ပေးရမယ့် ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေက ပြန်ပေးတဲ့နေရာမှာ နှောင့်နှေးနေတယ်ဆိုတာ ကြားရပါတယ်။ နှောင့်နှေးနေတဲ့ပုဂ္ဂိုလ်များ မနှောင့်နှေးဖို့ တိုက်တွန်းပါရစေ။ ကိုယ်မပိုင်ဆိုင်တဲ့ကိစ္စကို ဘာဖြစ်လို့ ကပ်ပြီး ဖက်တွယ်နေကြရမှာလဲ၊ မြန်မြန်ဆန်ဆန် ပြန်ပေးလိုက်တော့ အားလုံးအတွက်လည်း ကောင်းပါတယ်။ ကျွန်မတို့နိုင်ငံအတွက်လည်း ကောင်းပါတယ်။ ကျွန်မတို့နိုင်ငံဟာ အခုထက်ထိ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တာကြောင့် လယ်ယာမြေကိစ္စဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် ကိုယ်မပိုင်ဆိုင်တာ ကိုယ်ပြန်ပေးရမယ့် မြေတွေကို မြန်မြန်ဆန်ဆန် ပြန်ပေးခြင်းဟာ ကိုယ့်အတွက်လည်း သိက္ခာရှိတယ်၊ ကိုယ့်ရဲ့နိုင်ငံအတွက်လည်း အကျိုးရှိတယ်ဆိုတာကို နှလုံးသွင်းပြီးတော့ မြန်မြန်ဆန်ဆန်ဖြစ်အောင် သက်ဆိုင်သူများက ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်။

**ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်အောင်**

"တစ်ဆက်တည်းမှာပဲ လယ်ယာမြေနဲ့ ပတ်သက်လာရင် ကျွန်မတို့ရဲ့တောင်သူလယ်သမားကြီးတွေ အခက်အခဲဖြစ်စေတဲ့ ကိစ္စတွေကိုလည်း လေ့လာသုံးသပ်နေပါတယ်။ ဥပမာအားဖြင့် မကြာသေးခင်ကပဲ ပြည်ပဈေးကွက် အပြောင်းအလဲတွေကြောင့် ပြည်တွင်းက စိုက်ပျိုးသီးနှံတွေ ရွေးချယ်စိုက်ပျိုးမှုအပေါ်မှာ ကြီးကြီးမားမား သက်ရောက်စေခဲ့ပြီး အခက်အခဲတွေ ဖြစ်ပေါ်စေခဲ့တာမျိုးတွေလည်း ကြုံတွေ့ခဲ့ကြရပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် လယ်ယာမြေတွေမှာ သီးနှံတစ်မျိုးကနေ အခြားတွက်ခြေကိုက်တဲ့ သီးနှံတစ်မျိုး ပြောင်းလဲပြီး စိုက်ပျိုးနိုင်အောင်၊ ဈေးကွက်အနေအထားအရ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်အောင် ကျွန်မတို့အစိုးရအနေနဲ့ မူဝါဒပိုင်းကနေ ကူညီပေးရမှာ ဖြစ်ပါတယ်။

**အမြန်ဆုံးပြောင်းလဲသင့်တဲ့နေရာမှာ ပြောင်းလဲစေချင်**

"တောင်သူလယ်သမားကြီးတွေ ကိုယ်တိုင်ကလည်း ကြိုးစားရမှာဖြစ်ပါတယ်။ မြန်မြန်ဆန်ဆန် ပြောင်းလဲနေတဲ့ ခေတ်ကြီးမှာ နှေးနေလို့မရပါဘူး၊ တစ်နှစ်နဲ့ တစ်နှစ်တောင် မဟုတ်ဘူး၊ တစ်လနဲ့တစ်လ၊ ရာသီဥတုရဲ့ အနေအထားအရ၊ ကမ္ဘာ့ဈေးကွက်ရဲ့ အနေအထားအရ ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးတွေအတွက် အသင့်တော်ဆုံး၊ ကျွန်မတို့နိုင်ငံအတွက်လည်း အကျိုးအမြတ်အရှိဆုံး ဘယ်လိုဟာမျိုးတွေ စိုက်သင့်သလဲဆိုတာ တစ်ချိန်လုံးလေ့လာနေဖို့ လိုပါတယ်။ အစိုးရပိုင်းကနေ အကူအညီပေးရမှာကတော့ ပေးရမှာပါပဲ၊ တောင်သူလယ်သမားကြီးတွေကိုယ်တိုင်က ကိုယ့်ဟာကိုယ် လေ့လာချင်တဲ့စိတ်ရှိဖို့ လိုပါတယ်။ ကြုံတုန်းပြောရရင် ရာသီဥတုပြောင်းလဲမှုကြောင့် အရင်တုန်းက အင်မတန်မှဖြစ်ထွန်းတဲ့ သီးနှံတွေက အခုဖြစ်ချင်မှဖြစ်မှာ၊ ဒါကြောင့် အရင်တုန်းက စိုက်ပျိုးပုံ စိုက်ပျိုးနည်းတွေနဲ့ အခုဖြစ်ချင်မှဖြစ်မှာ။ အဲဒါတွေကိုလည်း တစ်ချိန်လုံးသတိပြုပြီးတော့ ခေတ်နဲ့အညီ၊ ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့အညီ ကိုယ်ကိုယ်တိုင်က စိုက်ပျိုးနည်းတွေ၊ စိုက်ပျိုးတဲ့ အပင်တွေ ဘာတွေပြောင်းလဲရမလဲဆိုတာကို တစ်ချိန်လုံး လေ့လာသုံးသပ်ပြီး အမြန်ဆုံးပြောင်းလဲသင့်တဲ့နေရာမှာ ပြောင်းလဲစေချင်ပါတယ်။ အဲဒါကို စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက တတ်နိုင်သမျှ ပညာဖြန့်ဝေခြင်းအားဖြင့် ကူညီလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

"စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းကို လုပ်ကိုင်အသက်မွေးတဲ့ တောင်သူလယ်သမားကြီးတွေဟာ ကျွန်မတို့နိုင်ငံရဲ့ စီးပွားရေးအတွက်သာမက ကျွန်မတို့ ပြည်သူတွေရဲ့စားနပ်ရိက္ခာ ဖူလုံရေးအတွက်ပါ အင်မတန်အရေးကြီးပါတယ်။ ဒီလို အရေးကြီးတာကြောင့်လည်း တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းထားရှိပြီး တောင်သူလယ်သမားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ရရှိအောင်၊ လယ်ယာထွက်ကုန်တွေအတွက် သင့်တင့်မျှတတဲ့ ဈေးကွက်ဈေးနှုန်းရရှိအောင်၊ တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားကို တတ်နိုင်သမျှ ဖော်ဆောင်ပေးနိုင်အောင် ရည်ရွယ်ပြီးဥပဒေပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

"ဒီဥပဒေကို အကောင်အထည်ဖော်ဖို့အတွက် ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ခေါင်းဆောင်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အတွင်းရေးမှူး ဖြစ်ပါတယ်။ တိုင်းဒေသကြီးများနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေကလည်း အဖွဲ့ဝင်တွေဖြစ်ပါတယ်။ ဥပဒေရဲ့ရည်ရွယ်ချက်၊ ဥပဒေမှာ ဖော်ပြထားချက်တွေကို အခြေခံပြီး ကျွန်မတို့ရဲ့တောင်သူလယ်သမားတွေအတွက် ကြိုးစားအားထုတ် ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။

**တရားဥပဒေစိုးမိုးရေးက အင်မတန်အရေးကြီး**

"ဒီအဖွဲ့အနေနဲ့ ဥပဒေပါပြဋ္ဌာန်းချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်မှုတွေ ရှိနေသေးတယ်ဆိုရင်လည်း ကျွန်မတို့ တောင်သူလယ်သမားကြီးတွေအနေနဲ့ တောင်းဆိုပိုင်ခွင့်၊ တိုက်တွန်းပိုင်ခွင့်၊ ဝေဖန်ပိုင်ခွင့် ရှိရမှာ ဖြစ်ပါတယ်။ ဥပဒေနဲ့ ပြဋ္ဌာန်းထားတဲ့ ဆောင်ရွက်ပေးရမယ့် လုပ်ငန်းတွေကို ကျွန်မတို့အနေနဲ့ မဖြစ်မနေ ဦးစားပေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်လို့ နည်းနည်းပြောချင်ပါတယ်။ အစိုးရဟာ အုပ်ချုပ်ရေးတာဝန်ကို ယူကတည်းကစပြီး တရားဥပဒေစိုးမိုးရေးကို အဓိကလိုအပ်ချက်တစ်ခုလို့ သတ်မှတ်ထားပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ တည်ငြိမ်မှု၊ အေးချမ်းမှုအတွက်ဆိုတာ တရားဥပဒေစိုးမိုးရေးက အင်မတန်အရေးကြီးပါတယ်။ နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းမှု မရှိဘူးဆိုရင် ဘယ်လိုမှ တိုးတက်နိုင်မှာ မဟုတ်ပါဘူး။ ဥပဒေဆိုတာ တစ်ဖက်သတ်မဟုတ်ပါဘူး။ ဥပဒေဆိုတာ အားလုံးကို ကာကွယ်ထားဖို့ဖြစ်ပါတယ်။ ဥပဒေအထက်မှာက ဘယ်သူမှမရှိဘူး။ အားလုံးအတွက် မျှမျှတတဖြစ်ရမယ်။ ဥပဒေတွေဟာ အကယ်၍ မမျှတဘူး၊ ခေတ်နဲ့မညီဘူးလို့ထင်ရင် ဥပဒေပြုမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်တွေက ပြောင်းသင့် ပြောင်းထိုက်တာကို ပြောင်းရမှာ ဖြစ်ပါတယ်။

**ဥပဒေဟာ မျှမျှတတဖြစ်ရမယ်**

"အဲဒါကြောင့် တရားဥပဒေစိုးမိုးရေးကို အလေးထားပါ။ တည်ဆဲဥပဒေတွေကို လေးစားလိုက်နာဖို့ လိုပါတယ်။ အကယ်၍ တည်ဆဲဥပဒေတွေဟာ မမျှတဘူး၊ မသင့်တော်ဘူးလို့ထင်ရင် ပြည်သူပြည်သားအားလုံးဟာ ဥပဒေတွေ ပြင်သင့်ကြောင်း ကိုယ့်ရဲ့လွှတ်တော်ကိုယ်စားလှယ်ကနေတစ်ဆင့် တင်ပြလို့ရပါတယ်။ လွှတ်တော်ဆိုတာ ဥပဒေပြုမဏ္ဍိုင်ဖြစ်ပါတယ်။ ဥပဒေတွေကို ပြင်ဖို့လိုရင် ဥပဒေဘောင်အတွင်းက ပြင်ရမယ်။ ဥပဒေတွေဟာ ဟိုဖက်၊ဒီဖက် မျှမျှတတရှိတယ်ဆိုရင် အားလုံးက ဒီဥပဒေတွေကို လေးစားလိုက်နာရမှာ ဖြစ်ပါတယ်။ ကိုယ်နိုင်မှ ဥပဒေကို လိုက်နာတယ်ဆိုတာ တရားဥပဒေစိုးမိုးရေး မဟုတ်ပါဘူး။ အဲဒါကိုတော့ ကျွန်မအားလုံးကို၊ နှစ်ဖက်ကို သတိပေးလိုပါတယ်။ ဥပမာ- မြေပိုင်ဆိုင်မှုနဲ့ ပတ်သက်ရင် ဟိုဖက်၊ ဒီဖက် ကိုယ့်ဘက်က နိုင်သွားရင် ဥပဒေကကောင်းတယ်လို့ ထင်ကြတယ်၊ ကိုယ့်ဘက်ရှုံးသွားတယ်ဆိုရင် ဥပဒေကိုကန့်ကွက်ကြတယ်။ ဒီလိုလုပ်လို့ မရပါဘူး။ ဥပဒေဟာ မျှမျှတတဖြစ်ရမယ်။ မမျှတဘူးထင်ရင် ဥပဒေပြုလွှတ်တော်ကနေတစ်ဆင့် ပြင်ဖို့ကို ဥပဒေပြုဘောင်အတွင်းကနေ ကြိုးစားရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

**ဆန်စပါး အခြေခံဈေးနှုန်းသတ်မှတ်ရေးလုပ်ငန်းစဉ်**

"ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ မတ်လတုန်းက နေပြည်တော်မှာ ပြုလုပ်ခဲ့တဲ့ တွေ့ဆုံဆွေးနွေးပွဲမှာ ဆန်စပါးအတွက် အခြေခံဈေးနှုန်းအဖြစ် သတ်မှတ်အရည်အသွေးပြည့်စုံရင် တင်းတစ်ရာကို ကျပ်ငါးသိန်းနှုန်း ကြေညာဆောင်ရွက်ပေးဖို့ ကျွန်မအနေနဲ့ အထူးအလေးပေး တိုက်တွန်းခဲ့ပါတယ်။ တိုက်တွန်းခဲ့တဲ့အတိုင်းလည်း အခြေခံဈေးနှုန်းအဖြစ် သတ်မှတ်ကြေညာနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အခြေခံဈေးနှုန်းဆိုတာ တစ်ရာသီပြီးရင် တစ်ရာသီ၊ တစ်နှစ်ပြီးရင် နောက်တစ်နှစ် ပြောင်းလဲကြေညာပေးနေရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာတော့ စိုက်ပျိုးရာသီမတိုင်မီ ပြည်တွင်း၊ ပြည်ပဈေးကွက် အခြေအနေတွေကို လေ့လာသုံးသပ်ပြီး ကြိုတင်ကြေညာပေးရပါတယ်။ ဒီလိုကြေညာပေးတဲ့ အခြေခံဈေးနှုန်းကို လေ့လာပြီး တောင်သူတွေက သူတို့အတွက် တွက်ခြေကိုက်တဲ့သီးနှံကို ရွေးချယ်စိုက်ပျိုးကြတဲ့ ပုံစံမျိုးကို ဆောင်ရွက်ကြပါတယ်။

"ကျွန်မတို့နိုင်ငံမှာလည်း သီးနှံအားလုံးအတွက် မလုပ်နိုင်သေးရင်တောင် တောင်သူလယ်သမားအများစု စိုက်ပျိုးနေကြတဲ့ မြေပဲ၊ နှမ်း၊ ပြောင်း၊ ကြံစတဲ့ အဓိကစိုက်ပျိုးသီးနှံတွေကို အခြေခံဈေးနှုန်းသတ်မှတ်နိုင်ဖို့ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ မနှစ်က ဆန်စပါး အခြေခံ ဈေးနှုန်းကြေညာခဲ့ပြီးနောက် တစ်နှစ်ကျော်ကာလ အတွေ့အကြုံရဲ့အားသာချက်၊ အားနည်းချက်တွေကို ပြန်လည်သုံးသပ်ပြီး အခြေခံဈေးနှုန်း ကြေညာတဲ့ လုပ်ငန်းစဉ်နဲ့ ဈေးကွက်အတွင်း ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို အစိုးရအပိုင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအပိုင်းနဲ့ တောင်သူတွေအပိုင်းက မျက်ခြည်မပြတ် လေ့လာပြီး ရေရှည်ပူးပေါင်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရပိုင်းအနေနဲ့လည်း အခြေခံဈေးနှုန်းအောက် မရောက်အောင် မူဝါဒပိုင်းအရဖြစ်စေ၊ ပြည်ပနိုင်ငံအစိုးရတွေနဲ့ ချိတ်ဆက်ပြီးတင်ပို့ ရောင်းချနိုင်အောင်ပဲဖြစ်စေ ကြိုးပမ်းလုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

"အခြေခံဈေးနှုန်းဟာ အခြေခံအကျဆုံး ဈေးနှုန်းဖြစ်လို့ ဒီအခြေခံဈေးအောက်ကို ရောက်မသွားအောင် သီးနှံတွေ စုပြုံပေါ်ထွက်ချိန်မှာ ဝယ်လိုအားတိုးမြှင့်မယ့် အစီအစဉ်တွေကို ပုဂ္ဂလိကနဲ့ အစိုးရက ပူးပေါင်းလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ကျွန်မတို့က တခြားနိုင်ငံတွေနဲ့လည်း ဆွေးနွေးရတယ်ဆိုတာဟာ တစ်ခါတလေ ပြည်သူတွေက ဒီကိစ္စကို သိပ်ပြီးမသိကြဘူး။ တောင်သူလယ်သမားကြီးတွေကလည်း မသိကြဘူး။ ပဲဈေးတွေကျသွားတာဟာအိန္ဒိယနိုင်ငံက အရင်တုန်းက ယူသလောက် မယူလို့ဖြစ်သွားတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့က အိန္ဒိယနိုင်ငံနဲ့ ညှိနှိုင်းရပါတယ်။ နှစ်နိုင်ငံအတွင်း မိတ်ဆွေပီပီ ညှိနှိုင်းပြီးတော့ ဒီလိုကိစ္စတွေကို လုပ်ရပါတယ်။ တခြားနိုင်ငံတွေနဲ့ဆိုရင်လည်း ဒီအတိုင်းပါပဲ။ ကျွန်မတို့ဟာ ဘယ်နိုင်ငံနဲ့မဆို မိတ်ဖြစ်ဆွေဖြစ် ကောင်းကောင်းမွန်မွန်ဆက်ဆံပြီး ဟိုဘက်ဒီဘက် အကျိုးအမြတ်ရှိအောင် ညှိနှိုင်းပြီးလုပ်ရတဲ့ကိစ္စတွေ အများကြီး ရှိပါတယ်။

"အကြောင်းကြောင်းကြောင့် အခြေခံဈေးနှုန်းအောက် ဈေးကျသွားမယ်ဆိုရင်လည်း ဝယ်ယူရေးအစီအစဉ်တွေ၊ သိုလှောင်ရေးအစီအစဉ်တွေကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းပြီး စနစ်တကျ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေဟာ တစ်ရာသီတည်းအတွက်၊ တစ်နှစ်တည်းအတွက် မဟုတ်ဘဲ တစ်ရာသီပြီးတစ်ရာသီ၊ တစ်နှစ်ပြီးတစ်နှစ် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားရမယ့် လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။ ကျွန်မတို့ အစိုးရလက်ထက်မှာတင် မဟုတ်ပါဘူး၊ နောင်အစိုးရအဆက်ဆက်ကလည်း တောင်သူလယ်သမားတွေအတွက်၊ ကျေးလက်နေပြည်သူလူထုအတွက် ဦးစားပေးပြီး ဥပဒေအရဆက်လက် လုပ်ကိုင် ဆောင်ရွက်ပေးသွားရမယ့် လုပ်ငန်းစဉ်လည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် အခြေခံဈေးနှုန်းသတ်မှတ်ရေးဆိုတာ ဈေးကွက် အခြေအနေ၊ ထုတ်လုပ်မှုအနေအထား စတဲ့ အခြေခံအကြောင်းရင်းတွေကို အခြေပြုပြီး ရေရှည်အားဖြင့် စဉ်ဆက်မပြတ် ပြောင်းလဲပြင်ဆင်သွားရမယ့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်တယ်ဆိုတာကို အလေးထားပြီး တိုက်တွန်းမှာကြားလိုပါတယ်။

**စိုက်ပျိုးစရိတ်ချေးငွေ**

"ကျွန်မတို့အစိုးရအနေနဲ့ ရေတိုလုပ်ငန်းတွေကို တစ်ဖက်က လုပ်သလို၊ ရေရှည်အတွက် အကျိုးရှိမယ့် လုပ်ငန်းတွေကို ပိုမိုဦးစားပေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်မတို့ တောင်သူလယ်သမားအများစု မှီခိုအားထားရတဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ရေရှည်မှာ အမှန်တကယ် ဖွံ့ဖြိုးရေးဘဏ်အဖြစ် ပီပီပြင်ပြင်ပေါ်ထွက်လာဖို့ ပြုပြင်ပြောင်းလဲရေးတွေကို နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ အကြံဉာဏ်တွေ၊ အကူအညီတွေရယူပြီး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ကျွန်မတို့ တောင်သူလယ်သမားကြီးတွေအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ အလွန်ပဲအရေးကြီးတယ်ဆိုတာ ကျွန်မတို့ သိပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းတွေ နှစ်တို၊ နှစ်လတ် ချေးငွေတွေကို ယခုထက်ပိုပြီး တိုးချဲ့ဆောင်ရွက်နိုင်အောင်၊ ပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်အောင် ကျွန်မတို့ ကြိုးစားနေပါတယ်။

"ဒီနေရာမှာ ကျွန်မတို့အစိုးရ တာဝန်ရယူခဲ့တဲ့ ၂၀၁၆ ခုနှစ်မှာ မိုးစပါးအတွက် တစ်ဧကကို ယခင်တစ်သိန်းကနေ တစ်သိန်းခွဲနှုန်း တိုးမြှင့်ပြီး ထုတ်ပေးသလို ယမန်နှစ်က စတင်ပြီးတော့ ဆန်စပါးမဟုတ်တဲ့ အခြားသီးနှံတွေအတွက် ယခင် ကျပ်ငါးသောင်းနှုန်းကနေ တစ်သိန်းနှုန်းအထိ တိုးမြှင့်ထုတ်ပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း တကယ်တမ်းကျတော့ ကျွန်မတို့ရဲ့ တောင်သူ လယ်သမားကြီးတွေအတွက် ပြည့်စုံလုံလောက်ဦးမှာ မဟုတ်သေးပါဘူး။ ဆက်လက်ပြီးတော့လည်း နိုင်ငံတော်ရဲ့



ဇလွန်မြို့နယ်မှ ဒေသခံ တောင်သူ ဒေါ်သန်းသန်းဦး တင်ပြစဉ်။

ဘဏ္ဍာငွေကြေးအခြေအနေအပေါ် မူတည်ပြီး စိုက်ပျိုးစရိတ်ချေးငွေတွေကို တိုးမြှင့်ထုတ်ပေးသွားနိုင်ဖို့ တစ်ဆင့်ပြီးတစ်ဆင့် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားချင်ပါတယ်။

"ဒီနေရာမှာ ကျွန်မအနေနဲ့ ပုဂ္ဂလိကဘဏ်ကြီးတွေကို အထူးပဲ မေတ္တာရပ်ခံပြောကြားလိုပါတယ်။ လယ်ယာကဏ္ဍအတွက်၊ ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးတွေအတွက် လိုအပ်တဲ့ နှစ်တိုနှစ်ရှည်ချေးငွေတွေကို လုပ်ထုံးလုပ်နည်းတွေနဲ့အညီ တတ်နိုင်သမျှ ဦးစားပေးပြီးတော့ ထုတ်ချေးပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ပုဂ္ဂလိကဘဏ်ကြီးတွေဘက်ကလည်း ဘဏ်လုပ်ထုံးလုပ်နည်းနဲ့ ကိုက်ညီတဲ့ လယ်ယာစီးပွားရေးလုပ်ငန်းတွေကို ချေးငွေတွေ ထုတ်ပေးနိုင်မယ်ဆိုရင် နိုင်ငံပိုင်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်လိုမျိုးပဲ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ယှဉ်ပြိုင်မှုကို အားပေးပါတယ်။ မျှတတဲ့ ယှဉ်ပြိုင်မှု၊ ကောင်းမွန်တဲ့ယှဉ်ပြိုင်မှု၊ ကျွန်မတို့ပြည်သူတွေ အကျိုးရှိစေမယ့် ယှဉ်ပြိုင်မှုမျိုးဖြစ်ဖို့ လိုအပ်ပါတယ်။ နိုင်ငံပိုင်ဘဏ်တွေကလည်း ပုဂ္ဂလိကဘဏ်တွေနဲ့ ယှဉ်ပြိုင်နိုင်ရမယ်၊ နိုင်ငံခြားဘဏ်တွေနဲ့လည်း ယှဉ်ပြိုင်နိုင်ရမှာ ဖြစ်ပါတယ်။ ဒီလိုမျှတတဲ့ ယှဉ်ပြိုင်မှုတွေ ရှိလာမယ်ဆိုရင် တောင်သူလယ်သမားတွေ အပါအဝင် ကျွန်မတို့ ပြည်သူတစ်ရပ်လုံး အကျိုးရှိစေမှာဖြစ်ပါတယ်။

ကျွန်မတို့ တောင်သူလယ်သမားကြီးတွေကလည်း ကိုယ့်နိုင်ငံအတွင်းမှာ ယှဉ်ပြိုင်နေရမှာ မဟုတ်ဘူး။ ကမ္ဘာနဲ့ချီပြီး ယှဉ်ပြိုင်နေရတယ်ဆိုတာ သတိပြုစေချင်ပါတယ်။ အခုခေတ်က ကိုယ့်နိုင်ငံအတွင်းမှာပဲ ကြိုက်သလိုနေလို့မရပါဘူး။ တစ်ခြားနိုင်ငံတွေရဲ့အခြေအနေကို ကျွန်မတို့ ကြည့်ရပါတယ်။ တစ်ကမ္ဘာလုံးနဲ့ ယှဉ်ပြိုင်နေရတဲ့ခေတ်ကြီးမှာ ရှန်းကန်နေရတာ၊ တစ်ကမ္ဘာလုံးနဲ့ ယှဉ်ပြိုင်ပြီး ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်နေရတာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ သူ့အချိန်နဲ့သူ ရှိပါတယ်။ အရှေ့တောင်အာရှအတွက် ဖွံ့ဖြိုးတိုးတက်ဖို့ကောင်းတဲ့ အချိန်တုန်းက မမီလိုက်တဲ့ အခါမှာ အခုမှ ကြိုးစားအားထုတ်ပြီး လိုက်နေရတာဖြစ်ပါတယ်။ သို့သော်ငြားလည်း ဒီလိုကြိုးစားပြီး လိုက်နေတဲ့အချိန်မှာ ကျွန်မတို့ နိုင်ငံဟာ အရှေ့တောင်အာရှထဲမှာ ဖွံ့ဖြိုးမှုနှုန်း အမြန်ဆုံးနိုင်ငံဖြစ်မယ်ဆိုပြီး ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းတွေက သတ်မှတ်ထားပါတယ်။ ဒါသည် ကျွန်မတို့အတွက် အားတက်စရာအချက်ဖြစ်သလို ကျွန်မတို့ကလည်း ကိုယ်လုပ်မှ ကိုယ်ရမယ်ဆိုတာကိုလည်း သတိပြုဖို့ လိုပါလိမ့်မယ်။ ငါတို့ကတော့ ဖွံ့ဖြိုးမှုနှုန်း အတိုးတက်ဆုံးနိုင်ငံဖြစ်ပြီဆိုပြီး အေးအေးဆေးဆေး လုပ်လို့မရပါဘူး။ အေးအေးဆေးဆေးပဲဆိုရင် အဲဒီနှုန်းက ပြန်ပြီးတော့ ကျသွားမှာဖြစ်ပါတယ်။ အားလုံးဝိုင်းပြီး ကြိုးစားကြမှာသာ တိုးတက်မှုနှုန်းကို ထိန်းသိမ်းထားနိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ တစ်ကမ္ဘာလုံးနဲ့ ယှဉ်ပြိုင်နေရတယ်ဆိုတဲ့ အသိလေးနဲ့ တောင်သူလယ်သမားကြီးတွေဘက်ကရော၊ ဘဏ်တွေဘက်ကရော၊ လုပ်ငန်းရှင်တွေဘက်ကရော အားလုံးကိုယ်စား ပြောချင်ပါတယ်။

**ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဖိတ်ခေါ်**

"မကြာသေးခင်ကပဲ ကျွန်မတို့အစိုးရအနေနဲ့ နိုင်ငံတကာလုပ်ငန်းရှင်တွေကို ကျွန်မတို့ရဲ့ လယ်ယာကဏ္ဍမှာ ဝင်ရောက်ပြီး ဝယ်ယူတင်ပို့ရောင်းချနိုင်ဖို့ မူဝါဒတွေ ခွင့်ပြုပေးခဲ့ပါတယ်။ အဓိကအားဖြင့် တန်ဖိုးမြှင့်ထုတ်လုပ်တဲ့ လယ်ယာထွက်ကုန်တွေအတွက် ဈေးကွက်တိုးချဲ့ပြီး လမ်းဖွင့်ပေးတဲ့သဘော ဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်မတို့ရဲ့ ပြည်တွင်းလုပ်ငန်းရှင်ကြီးတွေအနေနဲ့ စိုးရိမ်ပူပန်စိတ်တွေ မဖြစ်စေလိုပါဘူး။ မျှတတဲ့ယှဉ်ပြိုင်မှုအတွက် အားလုံးက လုံ့လ၊ ဝီရိယ၊ ပညာ၊ သတ္တိတွေ စိုက်ထုတ်ပြီး ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် ပြိုင်ဖက်လို့ မမြင်ဘဲ မိတ်ဖက်လို သဘောထားဆောင်ရွက်ကြမယ်ဆိုရင် နိုင်ငံတကာအတွေ့အကြုံတွေ၊ ကျွန်မတို့ မလုပ်နိုင်သေးတဲ့ သုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို နိုင်ငံတကာလုပ်ငန်းရှင်တွေဆီကနေ လေ့လာသင်ယူနိုင်မှာ ဖြစ်ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာနဲ့ စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်သလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုလည်း လယ်ယာကဏ္ဍအတွက် တိုးမြှင့်ဖိတ်ခေါ် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။



ဆီဆုံကုန်း ကျေးရွာမှ တောင်သူ ဦးလှုနိုင်စိုး တင်ပြစဉ်။

**စားနပ်ရိက္ခာ ဘေးကင်းလုံခြုံရေး**

"လယ်ယာလုပ်ငန်းလုပ်ကိုင်ကြတဲ့ တောင်သူလယ်သမားကြီးတွေကို တွေ့ဆုံခွင့်ရခိုက်မှာ ကျွန်မအနေနဲ့ အထူးမေတ္တာရပ်ခံလိုတာကတော့ စားနပ်ရိက္ခာ ဘေးကင်းလုံခြုံရေးပဲ ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်း လယ်ယာကဏ္ဍဟာ ကျွန်မတို့နိုင်ငံရဲ့ အဓိကအခြေခံဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့လယ်ယာထွက်ကုန်တွေဟာ ဂုဏ်သတင်းကောင်း၊ နာမည်ကောင်းတွေ ရှိခဲ့ပါတယ်။ လူတွေရဲ့ စားသောက်နေထိုင်မှုပုံစံတွေ ပြောင်းလဲတိုးတက်လာတာနဲ့အမျှ ဘေးကင်းလုံခြုံတဲ့ စားနပ်ရိက္ခာတွေကို ပိုမိုပြီး တောင်းဆိုလာကြပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးတွေအနေနဲ့ ပိုးသတ်ဆေးတွေ၊ ဓာတုဆေးဝါးတွေကို မဖြစ်မနေလိုအပ်မှသာ ချင့်ချိန်သုံးစွဲကြဖို့ တိုက်တွန်းလိုပါတယ်။

"ကျွန်မတို့က တစ်ကမ္ဘာလုံးနဲ့ ယှဉ်နေရတာဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးက သတ်မှတ်ထားတဲ့စံကို မီဖို့လိုပါတယ်။ ဖွံ့ဖြိုးပြီး ကြွယ်ဝချမ်းသာတဲ့ နိုင်ငံတွေမှာ သူတို့ရဲ့ ကျန်းမာရေးအတွက် ဂရုစိုက်ပါတယ်။ သူတို့သုံးတဲ့ အစားအစာတွေဟာ ကျန်းမာရေးနဲ့ ကိုက်ညီရဲ့လားဆိုတာ အလေးထားပြီး လေ့လာပါတယ်။ ကျွန်မတို့နိုင်ငံကထွက်တဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေဟာ ကမ္ဘာက သတ်မှတ်ထားတဲ့ စံနှုန်းတွေနဲ့ မကိုက်ညီဘူးဆိုရင် ကမ္ဘာ့ဈေးကွက်မှာ ထဲထဲဝင်ဝင်တိုးဖို့ဆိုတာ ခက်သွားပါလိမ့်မယ်။ ရေရှည်ကိုကြည့်ပြီးတော့ အမြန်ဖြစ်နိုင်မယ့်အရာကိုပဲ မစဉ်းစားဘဲနဲ့ ပိုးသတ်ဆေးတွေ သုံးလိုက်တော့ မြန်မြန်ပိုးသေပေမယ့် အဲဒီရဲ့အကျိုးဆက်က ကိုယ့်ရဲ့ထွက်ကုန်တွေကို ရသင့်သလောက်ဈေးလည်းမရဘူး။ ရောင်းလို့ရနိုင်တဲ့အဆင့်ထိလည်း ရောင်းလို့မရဘူး ဖြစ်သွားမှာ ဖြစ်ပါတယ်။ ရေတိုကို မကြည့်ပါနဲ့၊ ရေရှည်ကိုကြည့်ပြီးတော့ ပိုမိုအပင်ပန်းခံပြီးတော့ ကမ္ဘာ့စံနှုန်းနဲ့ ကိုက်ညီမယ့် စားသောက်ကုန်တွေ ထွက်ဖို့ကို အလေးထားစေချင်ပါတယ်။

"မလိုအပ်ဘဲ ဓာတုဆေးဝါးတွေ အလွန်အကျွံသုံးစွဲရင် ကျွန်မတို့နိုင်ငံက လယ်ယာထွက်ကုန်တွေဟာ ပြည်တွင်း၊ ပြည်ပဈေးကွက်မှာ နာမည်ဂုဏ်သတင်းထိခိုက်စေမှာ ဖြစ်ပါတယ်။ ကုန်သွယ်မှုမှာပဲဖြစ်ဖြစ်၊ စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်ရာမှာပဲဖြစ်ဖြစ် ယုံကြည်မှုနဲ့ စိတ်ချနိုင်မှုက အထူးပဲအရေးကြီးပါတယ်။ ယုံကြည်မှုပျက်စီးသွားပြီ၊ စိတ်ချနိုင်မှုမရှိတော့ဘူးဆိုရင် ပျက်စီးသွားတဲ့ နာမည်၊ ဂုဏ်သတင်းကို ပြန်ပြီးတည်ဆောက်ရတာ အင်မတန်ခက်ခဲပါတယ်။ ကျွန်မတို့ စားသုံးသူတွေရဲ့ မျှော်မှန်းချက်၊ စားသုံးသူတွေရဲ့ ကျန်းမာရေးကိုလည်း ထုတ်လုပ်သူဖြစ်တဲ့ ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးတွေက တာဝန်ယူ၊ တာဝန်ခံပေးဖို့ လိုအပ်ပါတယ်။

**တောင်သူလယ်သမားများအတွက် ထိရောက်တဲ့ ဝန်ကြီးဌာနဖြစ်ရေး**

"ကျွန်မတို့ရဲ့ ကျေးလက်ဒေသ တောင်သူလယ်သမားအများစုဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို ဒွန်တွဲပြီး လုပ်ဆောင်နေကြပါတယ်။ ရှေးမိရိုးဖလာ အစဉ်အလာအရလည်း ဒွန်တွဲပြီး လုပ်ကိုင်ခဲ့ကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် စိုက်ပျိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးဝန်ကြီးဌာနဆိုပြီး သက်သက်စီရှိခဲ့ပါတယ်။ လက်ရှိကာလမှာတော့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို ပူးတွဲပြီးဖွဲ့ထားပါတယ်။ ကျေးလက်နေတောင်သူတွေရဲ့စိုက်ပျိုးရေး၊ မွေးမြူရေး လိုအပ်ချက်တွေအတွက် ဝန်ကြီးဌာနတစ်ခုတည်းကနေ တာဝန်ယူပြီး ထိထိရောက်ရောက် စုစုစည်းစည်း လုပ်ကိုင်ပေးနိုင်ဖို့ ရည်ရွယ်ပြီး ဖွဲ့စည်းခဲ့တာပဲ ဖြစ်ပါတယ်။ ဒါ့အပြင် သမဝါယမကဏ္ဍပါ ပါဝင်တဲ့အတွက် ကျေးလက်တောင်သူတွေ စုပေါင်းလုပ်ဆောင်နိုင်မယ့် (၂၁)ရာစုနဲ့ ကိုက်ညီတဲ့ သမဝါယမစနစ်ကို ကျေးလက်ဒေသတွေမှာ စနစ်တကျ လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

"မွေးမြူရေးနဲ့ ပတ်သက်ရင် အာဖရိက ဝက်တုပ်ကွေးရောဂါ (Africa Swine Flu)ကို သတိထားရဖို့ အခြေအနေမှာ ရှိနေပါတယ်။ အာဆီယံနိုင်ငံအချို့မှာ ဒီကပ်ဘေးဟာ ထိခိုက်မှု အလွန်ပဲကျယ်ပြန့်နေပါတယ်။ ကျွန်မတို့ရဲ့တောင်သူလယ်သမားကြီးတွေအနေနဲ့လည်း ဝက်မွေးမြူရေးကို အများအပြားလုပ်နေကြတော့ ဒီကိစ္စအပေါ်မှာ အထူးသတိထားပြီး ကာကွယ်မှုတွေ ကြိုတင်လုပ်ဆောင်ထားဖို့ အရေးကြီးပါတယ်။ ဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး အစိုးရကလည်း ကျွန်မတို့ရဲ့တောင်သူလယ်သမားကြီးတွေကို စနစ်တကျပညာပေးဖို့နဲ့ လိုအပ်တာတွေ ပြင်ဆင်ဆောင်ရွက်ထားဖို့ အရေးကြီးတဲ့အတွက် အထူးမှာကြားလိုပါတယ်။ ဒီလိုမျိုး နိုင်ငံဖြတ်ကျော်ပြီး ကူးစက်မှုတွေ မဖြစ်အောင် ကြိုတင်သတိပေးချက်တွေ မြန်မြန်ဆန်ဆန် ထုတ်ပေးဖို့၊ သတိပြုသင့်တဲ့ အခြေအနေတွေကို မျှဝေပေးဖို့ လိုအပ်ပါတယ်။

**လယ်ယာအခြေခံအရင်းအမြစ်များ တိုးတက်ရေး**

"လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် လိုအပ်တဲ့ စီမံကိန်းတွေ၊ ကျေးလက်လမ်းပန်းဆက်သွယ်ရေး အပါအဝင် လိုအပ်တဲ့ သိုလှောင်ရုံတွေ၊ အခြောက်ခံစက်တွေ၊ မျိုးကောင်းမျိုးသန့်ရရှိရေးတွေ၊ ဈေးကွက်ရရှိရေးတွေဟာ အမြဲကြိုးပမ်းနေမယ့် လုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့တောင်သူလယ်သမားတွေအတွက် လိုအပ်တဲ့ ကုန်ထုတ်လမ်းတွေ၊ နည်းပညာတွေနဲ့ အခြားအရင်းအမြစ်တွေ တိုးတက်လာရေးကို အစိုးရပိုင်းက တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်နေသလိုပါပဲ၊ ဒီနေ့ကမ္ဘာကြီးနဲ့ ကမ္ဘာ့ဈေးကွက်၊ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးတွေဟာနေ့စဉ် ပြောင်းလဲနေတာဖြစ်လို့ ဒါတွေကို မျက်ခြည်မပြတ်လေ့လာပြီး ကျွန်မတို့ရဲ့ တောင်သူလယ်သမားကြီးတွေအနေနဲ့ နိုင်ငံတော်အစိုးရနဲ့ အတူ ပူးပေါင်းပြီး ကြိုးပမ်းပေးပါလို့ အထူးမေတ္တာရပ်ခံလိုပါတယ်။

"ဒီကနေ့ ဒီနေရာကို ရောက်ရှိလာကြတဲ့ ပုဂ္ဂိုလ်အဖွဲ့အစည်းများရဲ့ တင်ပြချက်တွေကို အလေးအနက်ထားမှာ ဖြစ်ပါတယ်။ လယ်ယာကဏ္ဍနဲ့ အဓိကသက်ဆိုင်တဲ့ ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ၊ တိုင်းဒေသကြီး အစိုးရတာဝန်ရှိသူတွေလည်း ရောက်ရှိနေကြတာကြောင့် ပါဝင်ဆွေးနွေးဖြေကြားပေးကြမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

**ဒေသခံများ၏ တင်ပြချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း**

ထို့နောက် အစုအဖွဲ့အသီးသီးမှ ဒေသခံတောင်သူလယ်သမား ကိုယ်စားလှယ် လေးဦးဖြစ်ကြသည့် ဇလွန်မြို့နယ်မှ တောင်သူ ဒေါ်သန်းသန်းဦး တင်ပြသည့် လယ်ယာလုပ် သားများ ရှားပါးလာပြီး သီးနှံများ ပိုးမွှားကျရောက်မှုများရှိနေသဖြင့် မြို့နယ်များအတွက် ဆေးဖျန်းစက်များ ဆောင်ရွက်ပေးရန်၊ သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများ ကျဆင်းနေသည့်အတွက် ဈေးနှုန်းတစ်ခု သတ်မှတ်ပေးပြီး ဝယ်ယူနိုင်သည့် အကျိုးတူလယ်ယာစနစ် လုပ်ဆောင်နေသည့် အသင်းအဖွဲ့များကို မြို့နယ်တိုင်းတွင် ရောက်ရှိအောင် ဆောင်ရွက်ပေးရန်၊ မြေဩဇာကို ဈေးနှုန်းသက်သာစွာဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးရန်၊ သီးနှံပြောင်းလဲစိုက်ပျိုးမှုကို ခရိုင်၊ မြို့နယ်အဆင့်တွင် ပြီးပြတ်အောင်ဆောင်ရွက်ပေးရန်၊ စပါးစိုက်ဧက ၅၀၀၀ ကျော်ကို အကျိုးပြုသည့် တိမ်ကောနေသော အင်းကောမြောင်းကို အမြန်ဆုံး တူးဖော်ပေးရန်၊ တစ်နှစ်တစ်ခါ ဝါးဖြင့် ဆောက်လုပ်နေရသည့် ချောင်းကူးတံတားကို အမြန်ဆုံး အခိုင်အမာ တည်ဆောက်ပေးရန် စသည့်ကိစ္စရပ်များကိုလည်းကောင်း၊

ဆီဆုံကုန်းကျေးရွာမှ တောင်သူ ဦးလှုနိုင်စိုး တင်ပြသည့် မျိုးကောင်းမျိုးသန့် စပါးဈေးနှင့် အရည်အသွေးမြင့် စပါးသီးနှံဈေးကွက်တစ်ခု ဖော်ဆောင်ပေးမည့် အသင်းအဖွဲ့များနှင့် ကုမ္ပဏီများအား ကျေးရွာများအရောက် စေလွှတ်ပေးရန်၊ သီးနှံဈေးနှုန်းများကို မစိုက်ပျိုးမီ သတ်မှတ်ကြေညာပေးရန်၊

*စာမျက်နှာ ၅ သို့*

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ်၊ ၈၁/ ၂၀၁၉**

**၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်)**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်းခြင်း**

သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၏ သဘောတူညီချက်အရ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့တွင် **“ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ”** ကို တိုးချဲ့ဖွဲ့စည်းလိုက်သည်။

**(ပုံ)ဝင်းမြင့်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၂၂/ ၂၀၁၉**

**၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက်)**

**တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးမိုးကျော်သူကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ဝင်းမြင့်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

*စာမျက်နှာ ၄ မှ*

စိုက်ဘဏ်ချေးငွေ ချေးယူခွင့်မရသည့် လယ်သမားများအား အတိုးနှုန်းသက်သာစွာဖြင့် ပုဂ္ဂလိကဘဏ်များမှ ချေးယူနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ စိုက်ပျိုးစရိတ်ချေးငွေကို လုံလောက်စွာ ထုတ်ချေးပေးရန်၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ကျေးရွာသစ်စီမံကိန်းကဲ့သို့ ပြောင်းလဲဆောင်ရွက်ပေးရန် ကိစ္စရပ်များကို လည်းကောင်း။

လေ့ဆွဲကျေးရွာမှ တောင်သူ ဦးတိုးတိုးဝင်း တင်ပြသည့် ပြည်ပဈေးကွက်ဝင် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို တောင်သူလယ်သမားများလက်ဝယ်သို့ အချိန်မီဖြန့်ဖြူးပေးရန်နှင့် စိုက်ပျိုးသင့်သည့်မျိုးကို အချိန်မီကြေညာပေးရန်၊ စိုက်ပျိုးရေးဦးစီးဌာနက မစိုက်ပျိုးမီ မြေဆီလွှာတိုင်းတာစစ်ဆေးမှုများ ပြုလုပ်ပေးရန်၊ တောင်သူလယ်သမားများ လက်ဝယ်သို့ မျိုးကောင်းမျိုးသန့်၊ နည်းပညာနှင့် အရင်းအနှီး မြန်မြန်ဆန်ဆန်ရောက်ရှိအောင် ဆောင်ရွက်ပေးရန်၊ ဧကကွက်များနှင့် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်ပေးရန်၊ ကုန်ထုတ်လမ်းများ ရာသီမရွေးသွားလာနိုင်အောင် ဆောင်ရွက်ပေးရန်၊ နိုင်ငံတော်က စိုက်ပျိုးရေးဝန်ထမ်းများအတွက် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးရန်၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေးဆေးများ အတွက် သွင်းအားစုအသုံးစရိတ်များ မြင့်မားနေသည့်အတွက် ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံတော်က ထဲထဲဝင်ဝင် ကူညီဆောင်ရွက်ပေးရန်၊ လယ်ယာမြေသီးနှံများတွင် ပိုးမွှားရောဂါကျရောက်လာပါက အချိန်မီကာကွယ်နိုင်ရေးအတွက် ကောင်းကင်ဆေးဖျန်းစက်များအား ဈေးနှုန်းသက်သာစွာဖြင့်ဌာနမှ ဖြစ်စေ၊ ပုဂ္ဂလိကမှဖြစ်စေ ငှားရမ်းအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊ စပါးတင်ပို့ရောင်းချခွင့်အား လုံးလုံးပိတ်ပင်ထားခြင်းမျိုး မဟုတ်ဘဲ ဝယ်ယူသူရှိပါက ရောင်းချခွင့်ပေးရန် ကိစ္စရပ်များကို လည်းကောင်း။

ရွာသစ်တောင်ကျေးရွာမှ ဦးလှရွှေ တင်ပြသည့် ဆန်စက်ပိုင်များအနေဖြင့် စပါးအရည်အသွေးကောင်းမွန်စေရန်နှင့် လယ်သမားများထံမှ စပါးများ ပိုမိုဝယ်ယူထိန်းသိမ်းထားရန် အတွက် သိုလှောင်ရုံများ၊ ခေတ်မီအခြောက်ခံစက်များ တိုးချဲ့ဆောင်ရွက်ရန်အတွက် အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေ စီစဉ်ပေးရန်၊ တရုတ်နိုင်ငံဈေးကွက်၊ အိန္ဒိယဈေးကွက်အပြင် အခြားအိမ်နီးချင်းနိုင်ငံ ဈေးကွက်များမှ ဈေးကွက်ဝေစုရရှိရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ပေးရန်၊ စပါးပေါ်ချိန်တွင် ကာလတိုချေးငွေ စီစဉ်ပေးရန်၊ နိုင်ငံတော်အစိုးရ အနေဖြင့် SME လုပ်ငန်းများအား ကူညီပေးရန် ကိစ္စရပ်များကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူး၊ ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများနှင့် အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဖြေကြားကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်ရှင်းလင်းသည်။

### ဖြည့်စွက်ရှင်းလင်း

ထို့နောက် ဆွေးနွေးတင်ပြရန် စာရင်းပေးထားသည့် ၂၅ ဦးအနက်မှ မဲပေါက်သူ သုံးဦးဖြစ်သည့် ပကွန်ကျေးရွာမှ တောင်သူ ဦးမောင်စိုး၏ တောင်သူလယ်သမားများအား နှစ်ရှည်ချေးငွေများ ထုတ်ချေးပေးနိုင်ရန်ကိစ္စရပ်ကို လည်းကောင်း၊ ရေကြည်မြို့နယ်မှ လုပ်ငန်းရှင် ဦးစိုးနိုင်၏ လယ်ယာမြေပေါင်နှံခွင့်နှင့် လယ်ယာမြေ၏ တန်ဖိုး ၃၀ ရာခိုင်နှုန်းအထိ ချေးယူပေါင်နှံခွင့်ရရှိရေး ကိစ္စရပ်ကိုလည်းကောင်း၊ ကျုံပျော်မြို့နယ်မှ တောင်သူ ဦးစိုးတင့်၏ ဟသ်ာတ၊ ဇလွန်၊ ငနုဖြူ၊ ကျုံပျော်၊ ပန်းတနော်မြို့နယ် ငါးမြို့နယ်အား ဖြတ်သန်းစီးဆင်းသည့် ဇောမိချောင်းရိုးကြီးသည် နွေရာသီတွင် ရေခန်းခြောက်နေသည့်အတွက် ဒေသခံများ အခက်အခဲကြုံတွေ့နေရမှုနှင့် ချောင်းရိုးအတွင်း ရေမခန်းခြောက်အောင် ဆောင်ရွက်ပေးရန်ကိစ္စရပ်ကို လည်းကောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဖြေကြားကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်ရှင်းလင်းသည်။



လေ့ဆွဲကျေးရွာမှ တောင်သူ ဦးတိုးတိုးဝင်း တင်ပြစဉ်။



ရွာသစ်တောင်ကျေးရွာမှ ဦးလှရွှေ တင်ပြစဉ်။

**“ တိုင်း၊ ပြည်နယ်အစိုးရတွေက တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ဗဟိုအစိုးရနဲ့ ပြည်သူလူထုတွေကြားမှာရှိနေတဲ့ တံတားတစ်ခုပဲဖြစ်ပါတယ်။ အဲဒါကြောင့် ခြုံငုံပြီးတော့ အကြံပြုချင်တာက တိုင်းအစိုးရအဖွဲ့ဝင်များနဲ့ တိုင်းမှာရှိတဲ့ အုပ်ချုပ်ရေး ယန္တရားက ဝန်ထမ်းများဟာ တောင်သူလယ်သမားများနဲ့ ပုံမှန်ထိတွေ့မှုရှိအောင် လုပ်ကြပါ၊ ကွင်းဆင်းပါ၊ လယ်သမားကြီးများဆီရောက်အောင်သွားပါ၊ ဒါမှမဟုတ် တစ်နေရာမှာစုပြီးတော့ တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်ပါ”**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် “ကျွန်မ အားလုံးခြုံငုံပြီး ပြောရမယ်ဆိုရင် အဓိကလိုအပ်ချက်ကတော့ တောင်သူလယ်သမားကြီးများနဲ့ အစိုးရအကြားမှာ ထိတွေ့မှုလိုတယ်လို့ မြင်ပါတယ်။ တောင်သူလယ်သမားကြီးများ၊ အစိုးရနဲ့ လုပ်ငန်းရှင်များ ဒီဆွေးနွေးပွဲမှာ အားလုံးပါလာပါတယ်။ တောင်သူလယ်သမားကြီးတွေဘက်ကလည်း အများစုပါလာတယ်။ လုပ်ငန်းရှင်တွေလည်းပါလာတယ်။ အစိုးရဘက်ကလည်းပါတယ်။ ဒီလိုတွေ့ဆုံမှုမျိုးဆိုတာ တစ်ခါတစ်ခါတွေ့ဆုံရုံနဲ့မပြီးပါဘူး။ တစ်ချိန်လုံးဆက်သွယ်မှုရှိနေဖို့လည်း လိုပါတယ်။ အဓိကတာဝန်ကတော့ တိုင်းအစိုးရမှာရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ထောင်စုအစိုးရအဆင့်က တစ်ချိန်လုံးဆင်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ တစ်တိုင်းပြည်လုံးကို မျှပြီးတော့ လုပ်ရပါတယ်။ ဧရာဝတီတိုင်းတစ်ခုတည်းအတွက်တင် မဟုတ်ဘူး၊ အခြား တိုင်းနဲ့ပြည်နယ် (၁၃)ခုအတွက်ပါ လုပ်ရတာဖြစ်ပါတယ်။ ကျွန်မ ဆော်ဩချင်တာကတော့ အထူးသဖြင့် ဧရာဝတီလို စိုက်ပျိုးမွေးမြူရေးကို အားကိုးအခြေခံနေရတဲ့ တိုင်းတစ်ခုမှာဆိုရင် တိုင်းအစိုးရအဖွဲ့ဝင်များ၊ တိုင်းအစိုးရရဲ့အုပ်ချုပ်မှုဆိုင်ရာမှာရှိနေတဲ့ ဝန်ထမ်းများဟာ တောင်သူလယ်သမားအရေးတွေနဲ့ ပတ်သက်လို့ အမြဲထိတွေ့မှုရှိနေဖို့လိုပါတယ်။ တချို့မေးသွားတဲ့ ကိစ္စတွေမှာ ဒေါက်တာအောင်သူ ပြန်ဖြေတာ၊ ဦးမောင်မောင်ဝင်းတို့ ပြန်ဖြေတာမှာဆိုရင် တောင်သူလယ်သမားတချို့က သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းဥပဒေတွေကို တိတိကျကျ မသိတာလည်း ပါပါတယ်။ အဲဒါတွေကို သိအောင် လုပ်ပေးဖို့ဆိုတာဟာ အစိုးရမှာ တာဝန်ရှိပါတယ်။ ဗဟိုအစိုးရထက် တိုင်းအစိုးရကနေ ကွင်းဆင်းထိတွေ့ပြီးတော့ ဒါလုပ်ချင်ရင် ဒီအဆင့်တွေကို ဖြတ်သန်းရမယ်ဆိုပြီးတော့ ရှင်းပြပေးဖို့လိုပါတယ်။

“နောက်တစ်ခုကလည်း တောင်သူလယ်သမားတွေရဲ့ လိုအပ်ချက်တွေကို ဗဟိုအစိုးရကနေပြီးတော့ မသိဘူးဆိုရင် ဗဟိုအစိုးရဆီရောက်အောင် တင်ပြရမှာက တိုင်းအစိုးရရဲ့ တာဝန်ဖြစ်ပါတယ်။ တိုင်း၊ ပြည်နယ်အစိုးရတွေက တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင် ဗဟိုအစိုးရနဲ့ ပြည်သူလူထုတွေကြားမှာ ရှိနေတဲ့ တံတားတစ်ခုပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် ခြုံငုံပြီးတော့ အကြံပြုချင်တာက တိုင်းအစိုးရအဖွဲ့ဝင်များနဲ့ တိုင်းမှာရှိတဲ့ အုပ်ချုပ်ရေးယန္တရားက ဝန်ထမ်းများဟာ တောင်သူလယ်သမားများနဲ့ ပုံမှန်ထိတွေ့မှုရှိအောင် လုပ်ကြပါ၊ ကွင်းဆင်းပါ၊ လယ်သမားကြီးများဆီရောက်အောင်သွားပါ၊ ဒါမှမဟုတ် တစ်နေရာမှာ စုပြီးတော့ တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်ပါ။ အခု ဓနုဖြူမှာဆိုပေမယ့်လည်း နေရာတော်တော်များများက လာတယ်ဆိုတော့ အားလုံးကနေပြီးတော့ အသေးစိတ် ကိုယ့်ရဲ့ ဒေသမှာ ဘာတွေဖြစ်နေတယ်၊ ဘာတွေလိုအပ်ချက် တွေရှိနေတယ်ဆိုတာ တင်ပြနိုင်မှာမဟုတ်ပါဘူး။ ကျွန်မတို့ကလည်း ဒီလိုကန့်သတ်ထားတဲ့ အချိန်အတွင်းမှာ အားလုံးကို ပြည့်ပြည့်ဝဝ ဖြည့်ပေးနိုင်မှာ မဟုတ်ပါဘူး။ တစ်ချိန်လုံး ထိတွေ့နေဖို့ကတော့ အင်မတန်မှ အရေးကြီးပါတယ်။

နောက်ပြီးတော့ တောင်သူလယ်သမားကြီးများအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ ထုတ်ပြန်တဲ့ သတင်းအချက်အလက်တွေကို ရအောင်ယူကြပါ။ ကိုယ့်မှာ တယ်လီဖုန်းတစ်ခုရှိတယ်ဆိုရင် လုပ်လို့ရပါတယ်။ အဲဒါကို ဝါယမစိုက်ထုတ်ပြီးတော့ လုပ်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ အဲဒီလိုလုပ်လိုက်ရင် ကိုယ့်ရဲ့ အသိအမြင်တွေလည်း အများကြီးကျယ်ပြန့်သွားမယ်။ နောက်ပြီးတော့ ပြဿနာလို့ မြင်နေတဲ့ကိစ္စတွေကိုလည်း ဘယ်လိုဖြေရှင်းရမလဲဆိုတဲ့ အဖြေကိုလည်း ရသွားမှာဖြစ်ပါတယ်။

### တစ်ဆင့်ပြီးတစ်ဆင့် တန်ဖိုးတက်လာအောင်လုပ်

“နိဂုံးချုပ်အနေနဲ့ ကျွန်မတို့ကို ဒီလိုလာရောက်တွေ့ဆုံတဲ့ အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံလို့ ကျွန်မ ပြောသွားပါတယ်။ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဆိုတော့ တချို့တွေက ဒါကို အထင်သေးကြတယ်။ စက်မှုလက်မှုကိုအားကိုးတဲ့ နိုင်ငံတွေကသာ ဖွံ့ဖြိုးတယ်၊ တိုးတက်တယ်၊ ရှေ့ရောက်တယ်လို့ ထင်နေကြပါတယ်။ ဒီလိုမဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး နိုင်ငံတချို့ဆိုရင် စိုက်ပျိုးရေးကို အခြေခံတဲ့ စက်မှုလက်မှုတိုးတက်တဲ့ နိုင်ငံဖြစ်ပါတယ်။ သူတို့အခြေခံက စိုက်ပျိုးရေး၊ စိုက်ပျိုးရေး ကုန်ပစ္စည်းတွေကို သူတို့ကနေပြီးတော့ တစ်ဆင့်ပြီးတစ်ဆင့် ပိုပြီးတော့ တန်ဖိုးတက်လာအောင်လုပ်ပြီးတော့ အဲဒီကနေ ဖွံ့ဖြိုးတိုးတက်တာပါ။

“ကျွန်မတို့နိုင်ငံကို ဒီလိုနိုင်ငံဖြစ်နိုင်မလားလို့ မကြာခဏ စဉ်းစားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုခေတ်မှာ ကမ္ဘာ့ရဲ့ လိုအပ်ချက်ကြီးတစ်ခုက စားနပ်ရိက္ခာ ဖူလုံရေးပါ။ အားလုံးက ဒါကို စိုးရိမ်လာကြပါတယ်။ စားနပ်ရိက္ခာဖူလုံကြပါ့မလား၊ တိုးတက်ဖွံ့ဖြိုးပါတယ်ဆိုတဲ့ နိုင်ငံတွေ တော်တော်များများမှာ သူတို့ရဲ့ စိုက်ပျိုးရေးကဏ္ဍက အင်မတန်မှ ကျဆင်းလာတယ်။ ကျဆင်းလာတဲ့အခါကျတော့ အစားအစာကို တခြားနိုင်ငံတွေကနေပြီးတော့ တင်သွင်းရတယ်၊ ပြောရမယ်ဆိုရင် ကျွန်မတို့လို စိုက်ပျိုးရေးကို အခြေခံပြီးတော့ အစားအစာထုတ်တဲ့ နိုင်ငံတွေဘက်ကို လှည့်ရမှာပဲဖြစ်ပါတယ်။

“အဲဒီတော့ ကျွန်မတို့က ကမ္ဘာ့ရဲ့အခြေအနေတွေကို ကြည့်ပြီးတော့ ကျွန်မတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးရော၊ တစ်ကမ္ဘာလုံးရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းရေးရော နှစ်ခုအတွက် ကျွန်မတို့အကျိုးအတွက်ရော၊ အများအကျိုးအတွက်ရော ကြည့်ပြီးတော့ လုပ်သွားနိုင်မယ်ဆိုရင် တောင်သူလယ်သမားကြီးတွေအတွက်တင်မကဘဲ ကျွန်မတို့နိုင်ငံအတွက် အများကြီး အကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။

### မကြာခဏဆွေးနွေးပွဲတွေလုပ်စေချင်

“ဒါကြောင့်မို့ ကျွန်မတို့ တောင်သူလယ်သမားကြီးတွေဟာ မိမိကိုယ်ကိုယ်ယုံကြည်မှုနဲ့ လုပ်ကြပါ။ ပြဿနာရှိရင် သက်ဆိုင်ရာဌာနတွေကို အသိပေးပါ။ ဘာမှမပြောဘဲနဲ့တော့ ဘာအဖြေမှ ရမှာမဟုတ်ပါဘူး။ ပြောစရာရှိရင်ပြောပါ၊ တိုင်းအစိုးရနဲ့ တိုင်းအုပ်ချုပ်ရေးဌာနတွေက ကွင်းဆင်းပါ၊ တောင်သူလယ်သမားကြီးတွေနဲ့ ထိတွေ့မှု အမြဲရှိစေချင်ပါတယ်။ နောက်ပြီးတော့ မကြာခဏဆွေးနွေးပွဲတွေ လုပ်စေချင်ပါတယ်။ အဲဒီလိုလုပ်မှ တစ်ဖက်ကစကားကို တစ်ဖက်က ကြားရမှာဖြစ်ပါတယ်။ အဲဒီတော့မှရှိတဲ့ပြဿနာတွေကို အမြန်ဆုံး အတူတူပူးတွဲပြီးတော့ ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တောင်သူလယ်သမားများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

ယနေ့တွေ့ဆုံပွဲ အခမ်းအနားသို့ ဒေသခံတောင်သူလယ်သမား ၁၉၆၃ ဦး၊ ဒေသခံဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော် ၄၀၀၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ ဧည့်သည်တော်များ ၁၁၂ ဦး စုစုပေါင်း ၂၄၇၅ ဦး တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဓနုဖြူမြို့မှ ပြန်လည်ထွက်ခွာကြပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**

# သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းအကြောင်း သိကောင်းစရာ

ဒေါက်တာစန်းဝင်း (သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်)

လွန်ခဲ့သောနှစ် ၄၀ ခန့်က ကျွန်တော့်အိမ်သို့ မန္တလေး၊ ထုံးဘိုစာတိုက်မှ ကတ်ပြားလေးတစ်ခုရောက်လာသည်။ အဆိုပါကတ်ပြားအပေါ်တွင် ကျွန်တော့်အမည်ဖြင့် ရေးထားသောကိစ္စမှာ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်- သစ်တောပညာဌာနတွင် ဝင်ရောက်ခွင့်ရသည်တဲ့။ ထို့နောက် ကျောင်းဖွင့်ရက်ဖြစ်သော ဇန်နဝါရီလဆန်းတွင် မန္တလေးမှ ရန်ကုန် ညအမြန်ရထား (လက်မှတ်ခ ၃၂ ကျပ်ဟု မှတ်မိနေပါသည်) ဖြင့် စုန်ဆင်းလာခဲ့ပါသည်။ ရထားပေါ်တွင် "သစ်တောပညာတဲ့ ဘာတွေများ လေ့လာရမလဲပေါ့"

အစပိုင်းသစ်တောကျောင်းသားဘဝက ဒီပညာရပ်ကို သိပ်စိတ်မဝင်စားလှသော်လည်း ဒီပညာရပ်ဟာ ခေတ်အဆက်ဆက် တကယ်အရေးပါတယ်ဆိုတာ သိလာရတဲ့ လူလတ်ပိုင်းဘဝမှာ တော်တော်စိတ်ဝင်စားလာပါတယ်။

သစ်တောတွေကို အစောပိုင်း ၁၅-၁၆-၁၇ ရာစုလောက်မှာ အပန်းဖြေကိစ္စ (Recreation) အတွက်လောက်သာ စိတ်ဝင်စားခဲ့ကြရာကနေပြီး ၁၈-၁၉-၂၀ ရာစုပိုင်းမှာကျတော့ စီးပွားရေး (Commercial)အတွက် အရေးပါခဲ့ကြပါတယ်။ ပင်လယ်ရေကြောင်းကူးသန်းရောင်းဝယ်ရေးအတွက် သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်း၊ ရထားလမ်းများဖောက်လုပ်ရေးတွေမှာ သစ်ဇလီဖားတုံးများလိုအပ်ချက်ရှိလာခြင်း၊ မြို့ပြများတိုးချဲ့ဆောက်လုပ်ရေးတွေအတွက် သစ်လိုအပ်ချက် မြင့်မားလာခြင်းစတာတွေကြောင့် သစ်တောတွေဟာ အဆိုပါကာလမှာ စီးပွားရေးအတွက် အလွန်အရေးပါလာကြတယ်။ ၂၀ ရာစုနောက်ပိုင်းကနေ အခုအချိန်ထိကျတော့ သစ်တောတွေဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအတွက် အရေးပါလာပြန်ပါရော။ သစ်တောများဟာ အောက်ဆီဂျင်ထုတ်ပေးရာဌာနဖြစ်လို့ အမေဇုန်သစ်တောအား ကမ္ဘာ့အဆုတ်ကြီးလို့ တင်စားလာတဲ့အထိပါပဲ။ အနာဂတ်မှာလည်း ဂေဟစနစ် မပျက်ယွင်းအောင်ထိန်းနိုင်ပါမှ လူရော၊ ကျန်သတ္တဝါတွေရော တည်တံ့နေနိုင်မှာမို့ ဂေဟစနစ်ထိန်းသိမ်းရေးအတွက် သစ်တောများရဲ့ကဏ္ဍဟာ ဆက်လက်အရေးပါနေဦးမှာပါ။ ဒါကရာစုနှစ်နဲ့ချီတဲ့ကာလအရှည်များအတွင်း သစ်တောများရဲ့အရေးပါပုံတွေပါ။

မျက်စိတမြင်လက်တစ်ကမ်းအကွာကနေ ကြည့်ရင်လည်း သစ်တောရှိမှ ရာသီဥတုထိန်းညှိနိုင်မှာ၊ သစ်တောတွေကောင်းမွန်နေမှ ဇီဝမျိုးစုံတို့ တည်တံ့မှာ၊ သစ်တောတွေထိန်းနိုင်မှ သဲကန္တာရမဖြစ်မှာ၊ သစ်ပင်သစ်တောစည်ပင်ဝေဖြာမှ စိုက်ပျိုးရေးအတွက် ရေချိုရရှိမှာ၊ ကမ္ဘာမြေပူနွေးလာမှုလျှော့ချနိုင်အောင်လို့ သစ်တောတွေက GHGs ဓာတ်ငွေ့တွေ စုပ်ပေးနိုင်တာစတဲ့ အရည်အချင်းတွေရှိတာတွေကိုလည်း အသီးသီး ရေးသားပြောဟောနေတာမို့ အကျယ်မချဲ့လိုပါ။ ဒါတွေဟာအထက်မှာတင်ပြခဲ့သလို ဒီနေ့ခေတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍမှာ သစ်တောတွေ အရေးပါပုံတွေတချို့ပါ။

ဒီလိုအရေးပါမှုတွေကြောင့် ကမ္ဘာမှာသစ်တောပညာရပ်ကို ပြင်သစ်နိုင်ငံမှာစတင်သင်ကြားခဲ့တယ်လို့ မှတ်သားရဖူးပါတယ်။ မြန်မာနိုင်ငံမှာတော့ ၁၉၂၃ ခုနှစ်က ရန်ကုန်တက္ကသိုလ်မှာ စတင်သင်ကြားခဲ့ပါတယ်။ အဲဒီတုန်းက ရန်ကုန်တက္ကသိုလ်ရဲ့အောက်မှာ Forestry School ရယ်လို့ရှိခဲ့ပါတယ်။ ဒါက တက္ကသိုလ်အဆင့် သစ်တောပညာသင်ပေးခြင်းကိုပြောတာပါ။ အခြေခံအဆင့်သစ်တောပညာသင်ကြားပေးရန်အတွက် မြန်မာနိုင်ငံ သစ်တောကျောင်းကို သာယာဝတီခရိုင်မှာ ၁၈၉၈ မှာ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။ အဲဒီကျောင်းက အကြောင်းအမျိုးမျိုးကြောင့် သာယာဝတီ၊ အင်းစိန်၊ ပျဉ်းမနား၊ မေမြို့(ယခုပြင်ဦးလွင်) စသဖြင့် နေရာအမျိုးမျိုးပြောင်းဖွင့်ခဲ့ပါတယ်။

ဒီကျောင်းကို အိမ်နီးနားချင်းနိုင်ငံများက သစ်တောကျောင်းသားတွေလာတက်ခဲ့တဲ့ မှတ်တမ်းများလည်း ဖတ်ရှုသိရှိရပါတယ်။ (ဥပမာ-Dr. Sureebhumibanon, Faculty of Forestry, Kasetsart University, Bangkok, Thailand) ရေးတဲ့ Thai Foresters in Myanmar Forest School ဆောင်းပါးကို ဖတ်ရှုကြည့်ရင် သိနိုင်ပါတယ်။

ရန်ကုန်တက္ကသိုလ်မှာ ၁၉၂၃ ခုနှစ် School of Forestry ဖွင့်လှစ်ခဲ့စဉ်က သင်တန်းသား ၆-၁၀ ဦးအထိ လက်ခံခဲ့ပြီး ဥပစာသိပ္ပံအောင်မြင်သူများ တက်ရောက်ကြပါတယ်။ သင်တန်းကာလ နှစ်နှစ်လို့သိရပြီး ၁၉၂၆ ခုနှစ်မှာ သင်တန်းကာလ သုံးနှစ်၊ ၁၉၆၄ ခုနှစ်မှာ သင်တန်းသား ၅၀ ထိ တိုးချဲ့ခေါ်ခဲ့ပြီး သင်တန်းကာလ ခြောက်နှစ်ဖြစ်ခဲ့ပါတယ်။ သစ်တောပညာဌာနကို ၁၉၈၅ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ကနေ စိုက်ပျိုးရေးတက္ကသိုလ် - ရေဆင်း - ပျဉ်းမနား လက်အောက်သို့ ရွှေ့ခဲ့ပြီး ၁၉၉၂ မှာ Institute of Forestry (သစ်တော တက္ကသိုလ်)အဖြစ် သီးခြားရပ်တည်ခဲ့ပါတယ်။ ၁၉၉၄ အထိ ကျောင်းသားသီးသန့်ခေါ်ယူသင်ကြားပေးခဲ့သော်လည်း ၁၉၉၅ ခုနှစ်မှာ ကျောင်းသူများ ရာခိုင်နှုန်း အချိုးတစ်ခုဖြင့် စတင်ခေါ်ယူသင်ကြားပေးခဲ့ရာ ယနေ့အထိ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ University of Forestry and Environmental Science ရယ်လို့ ဖွဲ့စည်းခဲ့ပြီး သစ်တောပညာရပ်သာမက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘာသာရပ်ကိုပါ တွဲဖက်သင်ကြားဖို့ ဖြစ်လာပါတယ်။




သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်(ရေဆင်း)အဆောက်အအုံကို တွေ့ရစဉ်။

## တည်နေရာ

လက်ရှိသစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်အကြောင်း ဆက်လက်တင်ပြရလျှင် တက္ကသိုလ်ဟာ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း ရေဆင်းရွာအနီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောသုတေသနဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့နှင့်အတူ ရှိပါတယ်။

## ရည်မှန်းချက်နှင့်တာဝန်

သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၏ ရည်မှန်းချက်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဆိုင်ရာပညာရေး၊ သုတေသနနှင့်ဝန်ဆောင်မှုများ ပေးစွမ်းနိုင်သည့် အဆင့်မီတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ရန်ဖြစ်ပြီး အဓိကလုပ်ငန်းတာဝန်များမှာ အရည်အချင်းပြည့်မီသော ဘွဲ့ရများ မွေးထုတ်ပေးရန်အတွက် ဘွဲ့ကြို/ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း၊ သုတေသနလုပ်ငန်းများမှတစ်ဆင့် သစ်တောပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊ ပညာရပ်ဆိုင်ရာဝန်ဆောင်မှုများပေးခြင်းတို့ ဖြစ်ပါတယ်။

## တက္ကသိုလ်၏ ဖွဲ့စည်းပုံ

ဖွဲ့စည်းပုံအသစ်တွင် သစ်တောပညာမဟာဌာန (Faculty of Forestry) နှင့် ပတ်ဝန်းကျင်ဆိုင်ရာမဟာဌာနဟူ၍ မဟာဌာနကြီးနှစ်ခုပါဝင်ပြီး သစ်တောပညာမဟာဌာနအောက်တွင် ရေရှည်တည်တံ့စေမည့် သစ်တောနှင့် သစ်တောဂေဟဗေဒပညာဌာန (Department of Sustainable Forestry and Forest Ecology)၊ ရေ၊ မြေနှင့် ရာသီဥတုဆိုင်ရာပညာဌာန (Department of Soil, Water and Climate) နှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် ဝန်းကျင်သားငှက်ထိန်းသိမ်းမှုပညာဌာန (Department of Biodiversity and Wildlife Conservation) ဟူ၍ ဌာနကြီး (၃) ခု ပါဝင်ပါတယ်။ ပတ်ဝန်းကျင်ဆိုင်ရာ မဟာဌာနအောက်တွင် ပတ်ဝန်းကျင်ဆိုင်ရာစီးပွားရေး၊ မူဝါဒနှင့် စီမံအုပ်ချုပ်မှုပညာဌာန (Department of Environmental Economics, Policy and Management)၊ သဘာဝသယံဇာတစီမံအုပ်ချုပ်မှုပညာဌာန (Department of Natural Resource Management) နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုပညာဌာန (Department of Pollution Control and Waste Management) ဟူ၍ ဌာနကြီး (၃) ခုရှိပါသည်။ ထို့အပြင် မြန်မာစာဌာန၊ အင်္ဂလိပ်စာဌာန၊ သင်္ချာဌာန၊ ဓာတုဗေဒဌာန၊ ရူပဗေဒဌာန၊ သတ္တဗေဒဌာန၊ ရုက္ခဗေဒဌာန၊ ဘူမိဗေဒဌာနနှင့် စာရင်းအင်းပညာဌာနဟူ၍ အထောက်အကူပြုဌာန (၉) ခုပါဝင်ပါတယ်။

## ဘွဲ့ကြိုအဆင့် သင်ကြားရေးလုပ်ငန်းများ

ဘွဲ့ကြိုတန်းဝင်ခွင့် အရည်အချင်းသတ်မှတ်ချက်ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။ လျှောက်ထားသူဟာ-

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။
(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် (၃၆၀)နှင့် အထက်ရရှိရမည်။
(ဃ) တောတွင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေး(က)အဆင့် ရှိကာ၊ မျက်စိအရောင်ခွဲခြားခြင်း အောင်မြင်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူဖြစ်ရမည်။
(င) မိုင် (၂၀) လမ်းလျှောက်စွမ်းရည်စစ်ဆေးမှု အောင်မြင်ရမည်။

ဘွဲ့ကြိုသင်တန်းနှစ်ကာလမှာ ပထမနှစ်မှ ပဉ္စမနှစ်အထိ (၅) နှစ် ဖြစ်ပြီး၊ အပ်နှင်းသည့်ဘွဲ့မှာ သိပ္ပံ(သစ်တောပညာ)ဘွဲ့ {B.Sc. (Forestry)} ဖြစ်ပါသည်။ လက်ရှိနှစ်စဉ်ခေါ်ယူသူဦးရေမှာ ၁၀၀ ဦး (ကျောင်းသား ၈၀% နှင့် ကျောင်းသူ ၂၀%) ဖြစ်ပါသည်။ သင်ကြားမှုအစီအစဉ်အနေဖြင့် ပညာသင်နှစ် တစ်နှစ်လျှင် နှစ်ဝက် (၂) ခုခွဲ၍ သင်ကြားလျက်ရှိကာ ပထမပညာသင်နှစ်ဝက်မှာနိုဝင်ဘာလလယ်မှ မတ်လအကုန်အထိဖြစ်ပြီး ဒုတိယပညာသင်နှစ်ဝက်မှာ မေလလယ်မှ စက်တင်ဘာလကုန်အထိ ဖြစ်ပါတယ်။ တက္ကသိုလ်တွင် အခြေခံဘာသာရပ်(၇)ခု၊ သစ်တောနှင့်ဆက်စပ်ဘာသာရပ် (၉) ခု၊ သစ်တောပညာဘာသာရပ် (၂၅) ခုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဘာသာရပ် (၄)ခုတို့ကို သင်ကြားပို့ချလျက်ရှိသည့်အပြင် နောက်ဆုံးနှစ်တွင် စာတမ်းငယ်တင်သွင်းခြင်းတို့ ပါဝင်ပါတယ်။

သင်ကြားမှုတွင် ပထမနှစ် ကျောင်းသား ကျောင်းသူများအား စာတွေ့အပြင် ဓာတ်ခွဲခန်းတွင် လက်တွေ့လုပ်ကိုင်စေခြင်း၊ ပထမနှစ်မှ နောက်ဆုံးနှစ်အထိ ကျောင်းသား ကျောင်းသူများအား ရက်တိုလေ့လာရေးခရီးများ သွားရောက်စေခြင်း၊ တတိယနှစ်မှ ပဉ္စမနှစ်(နောက်ဆုံးနှစ်) အထိ ကျောင်းသား ကျောင်းသူများအား တောတွင်းလက်တွေ့ကွင်းဆင်းလေ့လာခြင်းများ စေလွှတ်၍ စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လေ့လာတွေ့ရှိချက်များအား အစီရင်ခံစာရေးသားတင်သွင်းစေခြင်း၊ ပဉ္စမနှစ် ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း သုတေသနငယ်များ ပြုလုပ်၍ စာတမ်းငယ်များ ရေးသားစေခြင်း၊ တစ်ဦးချင်းစာတမ်းငယ် (Term Paper) ရေးသားစေခြင်း စသည်တို့ကို ရန်ပုံငွေရရှိမှု၊ ကြီးကြပ်ကွပ်ကဲ နိုင်မည့် ဆရာ/ဆရာမအင်အားရှိမှု၊ တက္ကသိုလ်မှ အထောက်အပံ့ပေးနိုင်သည့် လုပ်ငန်းသုံးကိရိယာပစ္စည်းများရှိမှု စသည်တို့အပေါ်မူတည်၍ တက္ကသိုလ်ပညာရေးတွင် လက်တွေ့လေ့လာသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

## ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ခြင်း

သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများကို အဖွဲ့အစည်း(၅)ခုမှ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်ပေးလျက်ရှိပါတယ်။

## အလုပ်အကိုင်အခွင့်အလမ်းများ

သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ သိပ္ပံ(သစ်တောပညာ)ဘွဲ့ကိုရရှိပြီးနောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြန်မာ့ သစ်လုပ်ငန်းနှင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း စသည့်ဌာနများတွင် အစိုးရဝန်ထမ်းအနေဖြင့် တောအုပ်ကြီး/ဒု-ဦးစီးမှူး/ သစ်အုပ်ကြီး/သရုပ်ပြ စသည့် ရာထူးအဆင့်များမှစ၍ တာဝန်ထမ်းဆောင်ခွင့် ရရှိနိုင်မည်ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

**"ကမ္ဘာမှာသစ်တောပညာရပ်ကို ပြင်သစ်နိုင်ငံမှာ စတင်သင်ကြားခဲ့တယ်လို့ မှတ်သားရဖူးပါတယ်။ မြန်မာနိုင်ငံမှာတော့ ၁၉၂၃ ခုနှစ်က ရန်ကုန်တက္ကသိုလ်မှာ စတင်သင်ကြားခဲ့ပါတယ်။ အဲဒီတုန်းက ရန်ကုန်တက္ကသိုလ်ရဲ့အောက်မှာ Forestry School ရယ်လို့ ရှိခဲ့ပါတယ်။ ဒါက တက္ကသိုလ်အဆင့် သစ်တောပညာသင်ပေးခြင်းကိုပြောတာပါ။ အခြေခံအဆင့် သစ်တောပညာသင်ကြားပေးရန်အတွက် မြန်မာနိုင်ငံ သစ်တောကျောင်းကို သာယာဝတီခရိုင်မှာ ၁၈၉၈ မှာ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့"**

❒ *ကျောဖုံးမှ*

အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုံခြုံရေးကော်မတီနှင့် ဆပ်ကော်မတီ (၈) ခုတို့ကို ဖွဲ့စည်းခဲ့ပြီး အဆိုပါ ကော်မတီများနှင့် ဆပ်ကော်မတီများ အနေဖြင့်လည်း သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို အချိန်မီပြီးစီးရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း။

**သတ်မှတ်ချိန်အတွင်း ပြီးစီးရေး**

(၇၂) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရန် အတွက် ဗဟိုကော်မတီ၏ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၆ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၂၄)ချက် ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ချိန် အတွင်း အမြန်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် “(၇၂) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ များ” အစည်းအဝေးကို ဇွန် ၂၀ ရက်တွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဦးဆောင်၍လည်းကောင်း၊ ဇွန် ၂၄ ရက် တွင် ဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေး နှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကို ဦးဆောင်၍ လည်းကောင်း အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါ ကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက် များနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေး အမြန် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြား လိုပါ ကြောင်း။

အာဇာနည်နေ့အခမ်းအနားကို နိုင်ငံ၏ လွတ်လပ်ရေးအတွက် အသက်ပေး ခဲ့ကြသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့ သည့် ခေါင်းဆောင်ကြီးများ၏ စွန့်လွှတ် အနစ်နာခံဆောင်ရွက်ခဲ့မှုများနှင့် ကျေးဇူး တရားများကို မမေ့မလျော့စေရန်အတွက် နှစ်စဉ် ကျင်းပပြုလုပ်ရခြင်းဖြစ်ပါ ကြောင်း၊ လွတ်လပ်ရေးသည် အသက် သွေးချွေးများကို စတေးပြီးမှ ခက်ခက်ခဲခဲ ရယူခဲ့ရသည်ကို နောင်လာနောက်သား များ သိရှိစေရန်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပါကြောင်း။

အာဇာနည်နေ့အခမ်းအနားသည် နှစ်စဉ်နှစ်တိုင်း ဆောင်ရွက်နေကျဖြစ် သော်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမို အနှစ်သာရပြည့်ဝအောင် ဆောင်ရွက် လျက်ရှိရာ ယခုနှစ်တွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ မြို့နယ်အသီးသီး၌ ပိုမို လှုပ်ရှားအသက်ဝင်အောင် စနစ်တကျ ဆောင်ရွက်သွားကြရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁၆၊ ၁၇၊ ၁၈ ရက်များတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၊ အာဇာနည်နေ့နှင့် သက်ဆိုင်သည့် တေးသီချင်းများနှင့် တွေ့ဆုံမေးမြန်းမှု အစီအစဉ်များ စသည်တို့ကို အသံချဲ့စက် အသုံးပြု၍ သတ်မှတ်ဥပဒေနှင့်အညီ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် နှိုးဆော်ဆောင်ရွက် သွားရန် ညွှန်ကြားထားပြီးဖြစ်ပါ ကြောင်း။

“ပြန်ကြားရေးဝန်ကြီးဌာန” အနေ ဖြင့်လည်း အာဇာနည်နေ့နှင့် သက်ဆိုင် သည့် အကြောင်းအရာများကို ပြည်သူ များသိရှိနိုင်ရန်အတွက် ယခင်နှစ်များ နည်းတူ သတင်းဆောင်းပါးများ၊ တွေ့ဆုံ မေးမြန်းမှုအစီအစဉ်များ၊ ဗိုလ်ချုပ် အောင်ဆန်း၏ မိန့်ခွန်းများ၊ သီချင်းများ၊ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့သည့် မှတ်တမ်းများ၊ ဓာတ်ပုံများ၊ ရုပ်ရှင်များ စသည်တို့ကို သတင်းစာ၊ ရုပ်မြင်သံကြား နှင့်ရေဒီယိုများတွင် ကြိုတင်ထုတ်လွှင့်နိုင် ရေး စီမံဆောင်ရွက်သွားရန်နှင့် “ပညာ ရေးဝန်ကြီးဌာန” အနေဖြင့်လည်း တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ အဆင့် ကျောင်းများတွင် အာဇာနည်နေ့ နှင့်သက်ဆိုင်သည့် စာစီစာကုံးပြိုင်ပွဲများ၊ ဟောပြောပွဲများ၊ ကျပန်းစကား ပြောပြိုင်ပွဲများနှင့် ပန်းချီပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားကြရန် ညွှန်ကြား ထားပြီးဖြစ်ပါကြောင်း။

**စနစ်တကျ စစ်ဆေးကြပ်မတ်**

(၇၂) နှစ်မြောက်အာဇာနည်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယခင်နှစ်များနည်းတူ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပပြုလုပ်မည်ဖြစ် သဖြင့် နိုင်ငံတော်အဆင့်ကျင်းပနိုင်ရေး အတွက် သက်ဆိုင်ရာကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် လိုအပ် သည်များကို အသေးစိတ်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ထို့အပြင် အခမ်းအနားများတွင် ဧည့်ခံ ကျွေးမွေးမည့် အစားအသောက်များ သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် စနစ်တကျ စစ်ဆေး ကြပ်မတ် ဆောင်ရွက်သွားကြရန် လိုအပ် မည်ဖြစ်ပါကြောင်း။



**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရှင်းလင်းပြောကြားစဉ်။**

အာဇာနည်ဗိမာန်တွင် ကျင်းပမည့် အာဇာနည်နေ့အခမ်းအနားသို့ တက် ရောက်လာကြမည့် အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိသားစုဝင် များအပါအဝင် တက်ရောက်လာကြသူ များကို ကြိုဆိုနေရာချထားခြင်းအပိုင်း နှင့် ဂါရဝပြုခြင်းအပိုင်းတို့တွင် လစ်ဟာမှု မရှိစေရေး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အဝင်အထွက် အချိန်ကိုက်ဖြစ်စေရေးတို့အတွက် စေ့စပ် သေချာစွာ စီမံဆောင်ရွက်သွားရန်နှင့် စနစ်ကျပြီး အချိန်ကိုက်ဖြစ်အောင် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ခြင်းများ ကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါ ကြောင်း၊ ထို့အပြင် ကြိုတင်ဇာတ်တိုက် လေ့ကျင့်သည့်ရက်များနှင့် အခမ်းအနား ကျင်းပသည့် ရက်များတွင် ကားလမ်းများ ပိတ်ဆို့မှုမဖြစ်အောင် လမ်းလွှဲများ စီမံ ဆောင်ရွက်ပေးထားရန်နှင့် ပြည်သူလူထု ကိုလည်း ကြိုတင်အသိပေးထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲများ တက် ရောက်သော အခမ်းအနားဖြစ်သည့် အတွက် တက်ရောက်ဂါရဝပြုသည့်အခါ ပြည်ထောင်စုအင်္ဂါစဉ်နှင့်အညီ စီစဉ် ဆောင်ရွက်ရန်နှင့် နိုင်ငံခြားသံရုံးများကို



**ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။**

သတင်းစဉ်

လည်း ဝါစဉ်အတိုင်း စီစဉ်ဆောင်ရွက်ပေး ရန် လိုအပ်ပါကြောင်း၊ ထို့အပြင် မိုးရာသီ ဖြစ်သည့်အတွက် ဂါရဝပြုသူများ အဆင် ပြေချောမွေ့စေရေး လိုအပ်သည်များကို ကြိုတင်စီမံ ဆောင်ရွက်ထားရမည်ဖြစ်ပြီး ပြည်သူများ လာရောက်ဂါရဝပြုလေ့လာ ကြည့်ရှုနိုင်မည့် အချိန်နှင့် ဆောင်ရန် ရှောင်ရန်အချက်များကိုလည်း ကြိုတင် သိရှိနိုင်ရေးအတွက် ရုပ်မြင်သံကြား၊ သတင်းစာများနှင့် ရေဒီယိုများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ကြေညာ ပေးသွားရမည် ဖြစ်ပါကြောင်း။

အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ၌ ကျင်းပမည့် အလံတင်ခြင်းနှင့် အလေးပြုခြင်းအခမ်းအနား အောင်မြင် စွာ ကျင်းပနိုင်ရေး စနစ်တကျစုဖွဲ့၍ ကြိုတင်ဇာတ်တိုက် လေ့ကျင့်သွားကြရန်၊ “တိုင်းပြုပြည်ပြုလွှတ်တော် အစည်း အဝေးခန်းမ” ကို ယခင်အတိုင်း ပြန်လည် ခင်းကျင်းပြသနိုင်ရေး မွမ်းမံပြင်ဆင် ဆောင်ရွက်သွားကြရန်နှင့် “အာဇာနည် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် အခန်း” ကိုလည်း ယခင်နှစ်များအတိုင်း ပြသနိုင်ရေး စီမံဆောင်ရွက်သွားကြစေလို ပါကြောင်း။

ထို့အတူ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်တွင် ဗိုလ်ချုပ်အောင်ဆန်းအသုံး ပြုခဲ့သည့် အသုံး အဆောင်ပစ္စည်းများကို ယခင်နှစ်များအတိုင်း ခင်းကျင်းပြသနိုင် ရေး၊ ခြံဝင်းအတွင်း သန့်ရှင်းသပ်ရပ် တင့်တယ်စေရေး၊ ဗိုလ်ချုပ် အောင်ဆန်း သက်ရှိထင်ရှားရှိစဉ်ကကဲ့သို့ ရာသီသီးနှံ များ စိုက်ပျိုးထားရှိရေးနှင့် အဆောက် အအုံ၏ ကြံ့ခိုင်မှုအပေါ် မူတည်ပြီး ဝင်ရောက်လေ့လာသူများ အဆင်ပြေစေ ရေးအတွက် စနစ်တကျစီမံဆောင်ရွက် သွားရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အဆင့်အခမ်းအနားဖြစ် သည့်အတွက် လုံခြုံရေးအပိုင်းကို အထူး အလေးထားဆောင်ရွက်ရန်နှင့် လုံခြုံရေး တာဝန်ရှိသူများအနေဖြင့် လုံခြုံရေး လုပ်ငန်းတာဝန် (၁၂) ချက်နှင့် အညီ စနစ်တကျ စီမံချက်များ ရေးဆွဲကာ လစ်ဟာမှုများမရှိအောင် ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရ မည်ဖြစ်ပါကြောင်း။

(၇၂) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အနှစ်သာရပြည့်ဝစွာဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး အတွက် ယခင်နှစ်များက ဆောင်ရွက်ခဲ့ သည့် အတွေ့အကြုံများအပေါ် ပြန်လည် သုံးသပ်ပြီး လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများအချင်းချင်း ပေါင်းစပ် ညှိနှိုင်းကာ ချို့ယွင်းအားနည်းချက်များ မရှိစေရန် စနစ်တကျဆောင်ရွက်သွားရ မည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေး တွင် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ များနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိ သူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍ များအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု



**တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရှင်းလင်းတင်ပြစဉ်။**

အခြေအနေများ၊ ဆက်လက်ဆောင်ရွက် သွားမည့် အစီအမံများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြု ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေး ပေးကြရန်ပြောကြားသည်။

**ဆောင်ရွက်မည့်အစီအမံများ ရှင်းလင်း**

ထို့နောက် (၇၂) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက အစည်း အဝေးဆုံးဖြတ်ချက်များအပေါ် ဆောင် ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက် ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက် သွားမည့် အစီအမံများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ (၇၂) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်း သိန်းက အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ များ၏ အကောင်အထည်ဖော် ဆောင်ရွက်ထား ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြ သည်။

ယင်းနောက် အခမ်းအနားကျင်းပ ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကြည်မင်းက အာဇာနည်နေ့ အခမ်းအနားကို မြန်မာ နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီးတွင် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ ကော်မတီများနှင့် ဆပ်ကော်မတီများ၏ ပူးပေါင်းဆောင်ရွက် နေမှုအခြေအနေများကို ရှင်းလင်းတင်ပြ သည်။

**လုံခြုံရေးဆောင်ရွက်ထားရှိမှု တင်ပြ**

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် မျိုးဆွေဝင်းနှင့် ရဲမှူးချုပ် တင်ကိုကိုတို့က လုံခြုံရေးဆောင်ရွက် ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် “အခမ်းအနားပြင်ဆင် ရေးနှင့် စီစဉ်ရေးဆပ်ကော်မတီ”အတွင်း ရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် တွဲဖက် အတွင်းရေးမှူး ဦးတင်မောင်ကြည်၊ “ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် မှတ်တမ်း ပြုစုရေးဆပ်ကော်မတီ” ဥက္ကဋ္ဌ ဦးဇော် အေးမောင်နှင့် အတွင်းရေးမှူး ဒေါ်သန်း မြင့်အောင်၊ “ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ပြသရေးဆပ်ကော်မတီ” အတွင်း ရေးမှူး ဦးကျော်ဦးလွင်၊ “လွှမ်းသူ့ ပန်းခွေချအလေးပြုအခမ်းအနား စီစဉ် ရေး ဆပ်ကော်မတီ” ဥက္ကဋ္ဌ ဦးဟံထွန်းနှင့် အတွင်းရေးမှူး ရဲမှူးချုပ် မျိုးမင်းထိုက်၊ “ကျန်းမာရေးဆပ်ကော်မတီ” မှ ဒေါက်တာ ခင်ဇော်၊ “စည်းကမ်း ထိန်းသိမ်းရေးဆပ်ကော်မတီ” ဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်စိုးမိုး၊ “ဆွမ်းဆက်ကပ် ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီနှင့် အတွင်းဝန်ရုံး (ယခင် ဝန်ကြီးများရုံး) အလံတင် အခမ်းအနား ကျင်းပရေးဆပ်ကော်မတီ” ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် အတွင်းရေးမှူး ဦးသန်းတို့က သက်ဆိုင်ရာဆပ်ကော်မတီ များအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီး မှုနှင့်ဆောင်ရွက်နေမှု အခြေအနေများ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးမင်းသိမ်း၊ ရန်ကုန်တိုင်းစစ်ဌာန ချုပ်မှ ဗိုလ်မှူးကြီး သန်းထူးဇော်တို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြား သည်။

**ကြိုတင်ပြင်ဆင်ထားမှု ကြည့်ရှု**

ဆက်လက်၍ ဗဟိုကော်မတီ နာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တာဝန်ရှိသူများနှင့်အတူ အာဇာနည် ဗိမာန်သို့ သွားရောက်ပြီး အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင် ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားရှိမှု အခြေအနေများကို ကြည့်ရှု သည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ် အောင်ဆန်း ပြတိုက်သို့ ရောက်ရှိ ပြီး ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ ခင်းကျင်း ပြသထားရှိမှုအခြေအနေ၊ ပြတိုက် အဆောက်အအုံ မွမ်းမံပြင်ဆင်ထားရှိမှု အခြေအနေနှင့် ခြံဝင်းအတွင်း ရာသီ သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေ တို့ကို ကြည့်ရှုစစ်ဆေးသည်။

**ပြည်သူများ လေ့လာကြည့်ရှုနိုင်ရေး**

ယင်းနောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် ဗိုလ်တထောင် မြို့နယ်ရှိ အတွင်းဝန်ရုံး (ယခင်ဝန်ကြီး များရုံး) သို့ ရောက်ရှိပြီး လွတ်လပ်ရေး ရသည့်နေ့တွင် ယူနီယံဂျက်အလံကို ဖြုတ်ချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကို ပြန်လည်လွှင့်တင်ခဲ့သည့် အလံတိုင်နေရာ၊ အာဇာနည်ခေါင်းဆောင် ကြီးများ၏ သမိုင်းဝင်မော်ကွန်း ကျောက် စာတိုင်နေရာ၊ တိုင်းပြုပြည်ပြု လွှတ်တော်အစည်းအဝေးခန်းမနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံ ခံရသည့် အခန်းတို့ကို အများ ပြည်သူများ လေ့လာကြည့်ရှုနိုင်ရေးအတွက် မွမ်းမံ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ တို့ကို လှည့်လည် ကြည့်ရှုခဲ့သည်။

**သတင်းစဉ်**

# မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် ဇွန် ၂၈

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ဝန်ထမ်းရေးရာနှင့် အဖွဲ့အစည်းရေးရာကော်မတီ ဒုတိယအကြီးအကဲ၊ အမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ကိုယ်စားလှယ်များရေးရာ ကော်မရှင် အကြီးအကဲ Mr. Tran Van Tuy အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံလွှတ်တော်များ၏ ဖွဲ့စည်းဆောင်ရွက်ပုံ နှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ အထွေထွေရွေးကောက်ပွဲကျင်းပမှုနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များအပြင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဗီယက်နမ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ဝန်ထမ်းရေးရာနှင့်အဖွဲ့အစည်းရေးရာကော်မတီ ဒုတိယအကြီးအကဲ၊ အမျိုးသားလွှတ်တော်အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ကိုယ်စားလှယ်များရေးရာကော်မရှင် အကြီးအကဲ Mr. Tran Van Tuy အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်



# အလုပ်အကိုင်အခွင့်အလမ်း ၃၀၀၀ ခန့် ဖန်တီးပေးနိုင်မည့် လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှခွင့်ပြု

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပရာ**(ဓါတ်ပုံ)** အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ကိုးဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် သတ္တုကဏ္ဍတို့မှ လုပ်ငန်းစုစုပေါင်း ၁၂ ခု ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၂၄၇ သန်းနှင့် ကျပ် ၆၂၇၇၅ ဒသမ ၇၇၂ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၉၀၉ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ **သတင်းစဉ်**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရှင်းလင်းခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၈**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ဦးဆောင်ပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးနှင့်ပူးပေါင်း၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာရှင်းလင်းခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး၊ ဗိုလ်ချုပ်အောင်သူ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး၊ ရဲမှူးချုပ် ကျော်ဝင်းသိန်းက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာအား ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် သက်ဆိုင်ရာ အစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးနှင့် ဩစတြေးလျသံရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယပိုင်း) တွင် မဟာဗျူဟာနယ်ပယ်(၅)ရပ်၏ နယ်ပယ်တစ်ခုချင်းအလိုက် သက်ဆိုင်ရာ ဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များကို အသေးစိတ် ရှင်းလင်းခဲ့ပြီး တက်ရောက်လာသူများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသည် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များ၊ မဟာဗျူဟာ နယ်ပယ်အလိုက်အကောင်အထည်ဖော်မှုကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်မည့် အစီအစဉ်များ၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက လုပ်ငန်းစီမံချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရေးနှင့် မဟာဗျူဟာအား သတ်မှတ်ကာလအလိုက် ပြီးစီးအောင် အလေးထားဆောင်ရွက်ရေး စသည်တို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အမျိုးသားအဆင့်မဟာဗျူဟာကို ၂၀၁၉-၂၀၂၃၊ (၅)နှစ်တာကာလအတွင်း ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး မဟာဗျူဟာလုပ်ငန်းစီမံချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်အား ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်အောင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး **Kyoshin Co.,Ltd** မှ တာဝန်ရှိသူအား တွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မသန်စွမ်းအဖွဲ့ချုပ်နှင့် Kyoshin Co.,Ltd အဖွဲ့တို့အား သီးခြားစီတွေ့ဆုံ

**ရန်ကုန် ဇွန် ၂၈**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် မသန်စွမ်းသူများအဖွဲ့ချုပ်မှ ယာယီဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများအား ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးတွင် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်ရှိ ရေပန်းဥယျာဉ်နှင့် မြို့မဈေးတို့တွင် မသန်စွမ်းသူများ အလွယ်တကူ သွားလာနိုင်ရေးအတွက် စီမံကိန်းနှစ်ရပ် အကောင်အထည်ဖော်ရန် လိုအပ်သည့် အကြံဉာဏ်များရယူနိုင်ရေးကိစ္စ၊ နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွင့်အရေးတို့ကို ဆောင်ရွက်ပေးရာတွင် ဖြည့်ဆည်းပေးရန်လိုအပ်လျက်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံအခြေစိုက် Kyoshin Co.,Ltd မှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်သူများ ပိုမိုမွေးထုတ်ပေးနိုင်ရန် သင်တန်းကျောင်း အဆောက်အဦအသစ် ဆောက်လုပ် လှူဒါန်းသွားမည့်ကိစ္စ၊ တစ်နှစ်လျှင် သင်တန်းသား ၁၅၀ ကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးသွားမည့်ကိစ္စ၊ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြဝတီမြို့နယ် လေးကေ့ကော်နေရပ်ပြန်များ ပြန်လည်ထူထောင်ရေးအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၈

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယမန်နေ့ မွန်းလွဲပိုင်းက ဦးစောဌေးမြင့်အောင် ဦးဆောင်သည့် ကရင်ပြည်နယ် မြဝတီမြို့နယ် လေးကေ့ကော်နေရပ်ပြန်များ ပြန်လည်ထူထောင်ရေး အဖွဲ့အား ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြဝတီမြို့နယ် လေးကေ့ကော်နေရပ်ပြန်များ ပြန်လည်ထူထောင်ရေးအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

တွေ့ဆုံစဉ် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများအတွက် ကူညီဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာကိစ္စနှင့် ကရင်ပြည်နယ်အား Agro tourism ဒေသတစ်ခုအဖြစ် ဖော်ဆောင်ပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**အလုပ်အကိုင်ဖန်တီးပေးနိုင်ရေး**

လေးကေ့ကော် နေရပ်ပြန်များ ပြန်လည်ထူထောင်ရေးဒေသ အဖွဲ့က ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပြန်လည်နေရာချထားရေးကို ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ မိသားစုတစ်ပိုင်တစ်နိုင် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည်။

**စံပြခြံနှင့် စိုက်ခင်းများထူထောင်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် နေရပ်ပြန်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကရင်ပြည်နယ် မြဝတီခရိုင် မြို့နယ်ရုံးနှင့် Greater Mekong Subregion Agriculture and Education Development Center (GMSAEDC) အဖွဲ့တို့ပူးပေါင်းပြီး KNU/KNLA (PC) အမှတ်(၇၇၅) အထူးတပ်ရင်း၊ ထီးဝါပလော မွေးမြူရေးစခန်းတွင် 'ပေါင်းစည်းလယ်ယာမြေ စိုက်ပျိုးမွေးမြူရေးသင်တန်း' ဖွင့်လှစ်သင်တန်းပေးခြင်း၊ ထီးဝါပလောကျေးရွာရှိ လူငယ်များ၊ အမှတ်(၇၇၅) အထူးတပ်ရင်းမှ တပ်မိသားစုဝင်များ၊ စောနေစိုးမြ မွေးမြူရေးခြံမှ တပ်မိသားစုဝင်များ၊ မွေးမြူရေးတောင်သူများအပါအဝင် သင်တန်းသားများအား သင်တန်းပို့ချပေးခြင်း၊ စိုက်ပျိုးရေးကဏ္ဍအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနက ဒေသတွင်းရှိ သက်ဆိုင်ရာ အစိုးရဌာနများ၊ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး နေရပ်ပြန်တိုင်းရင်းသားများ ပြန်လည်ထူထောင်ရေးနှင့် ကရင်ပြည်နယ် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စံပြခြံနှင့် စိုက်ခင်းများ ထူထောင်ခြင်း၊ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ၊ အော်ဂဲနစ် စိုက်ပျိုးနည်းစနစ်များ၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းစနစ်၊ မြေအရည်အသွေး စစ်ဆေးခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာ သင်တန်းများပို့ချခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်ရှိ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် ယမန်နေ့ နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် လောက်ကိုင်မြို့နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ အစည်းအဝေးခန်းမ၌ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် လောက်ကိုင်မြို့နယ်၌ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

အခမ်းအနားသို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ ဦးစီးဥက္ကဋ္ဌ ဦးကျော်တယ်ချန်နှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်မြို့နယ် ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

**ငြိမ်းချမ်းရေးသည် အဓိက**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခင်က မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် အချမ်းသာဆုံးနိုင်ငံဖြစ်ခဲ့ပြီး ပြည်တွင်း ငြိမ်းချမ်းမှုမရှိသည့်အတွက် တိုင်းရင်းသားများ အချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ကြသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရပါကြောင်း၊ ငြိမ်းချမ်းရေးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိမှသာ ဒေသခံတိုင်းရင်းသားများ လိုလားတောင့်တကြသည့် လမ်းတံတား၊ လျှပ်စစ်မီး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ ဖွံ့ဖြိုးတိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးဆိုသည့် လူ့သယံဇာတမြင့်မားရန်လည်း လိုအပ်ပါကြောင်း။

**ဒေသတွင်းလိုအပ်ချက်များ တင်ပြ**

စင်ကာပူနိုင်ငံသည် သယံဇာတတွင်းထွက်ပစ္စည်းမရှိဘဲ လူ့သယံဇာတဖြင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြသည်ကို အားလုံး တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ လူ့သယံဇာတဆိုသည့် ပညာရေးမြှင့်တင်ကြမှသာ ဒေသတွင်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေတွင် တိုင်းရင်းသားများသည် မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာသာသနာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိပါကြောင်း၊ အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပဆောင်ရွက်ခွင့်ရှိပါကြောင်း၊ ယခုအချိန်အခါတွင် တိုင်းရင်းသားဒေသများ၌ နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလျင်အမြန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့ တွေ့ဆုံပွဲတွင် ဒေသခံတိုင်းရင်းသားများ အနေဖြင့် မိမိတို့တိုင်းရင်းသားများ၏ ဆန္ဒသဘောထားများနှင့် ဒေသတွင်းလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြစေလိုပါကြောင်း ပြောကြားသည်။

**နယ်စပ်ဒေသ ဖွံ့ဖြိုးရေး**

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံတိုင်းရင်းသားများက မှတ်ပုံတင်ပြုလုပ်ခြင်းကိစ္စ၊ မြန်မာနှင့် တရုတ်နယ်စပ်၊ ချင်းရွှေဟော်နယ်စပ်ဂိတ် တိုးမြှင့်ဖွင့်လှစ်နိုင်ရန်ကိစ္စ၊ လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည့် ဒေသတွင်းလိုအပ်ချက်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ ဦးစီးဥက္ကဋ္ဌ ဦးကျော်တယ်ချန်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို တင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားသည်။ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဒေသခံတိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ချင်းရွှေဟော်နယ်စပ်ဂိတ်ကြည့်ရှု**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နန်ဆန်နယ်စပ်စစ်ဆေးဂိတ်၊ ချင်းရွှေဟော်မြို့ရှိ ထာဝရငြိမ်းချမ်းရေး မော်ကွန်းကျောက်တိုင်နှင့် နမ့်ဖာဟော်နယ်စပ်မြစ်တံတားရှိ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးဂိတ်သို့ သွားရောက်ကြည့်ရှု လေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မင်္ဂလာရုပ်ရှင်ရုံ တောင်ဒဂုံတွင် ဖွင့်လှစ်မည်

**ရန်ကုန် ဇွန် ၂၈**

နိုင်ငံတစ်ဝန်းတွင် ဒီဂျစ်တယ်ရုပ်ရှင်ရုံပေါင်း ၁၅၀ ခန့်ရှိပြီး ရန်ကုန်မြို့တွင် ရုပ်ရှင်ရုံအများဆုံးရှိသည်။ ထို့ပြင် ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ် (၂၀)ရပ်ကွက် မြိတ်လမ်းအမှတ် (၁-က) ၌ မင်္ဂလာရုပ်ရှင်ရုံသစ်ကို ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

တောင်ဒဂုံမြို့နယ် (၂၀)ရပ်ကွက်တွင် ဖွင့်လှစ်မည့် မင်္ဂလာရုပ်ရှင်ရုံအား မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံအုပ်စုက ဖွင့်လှစ်ပြသခြင်းဖြစ်ပြီး အဆင့်မြင့်ရုပ်ရှင် ရုံပေါင်း ၂၃ ရုံဖြင့် မြန်မာပြည်တစ်ဝန်း ပြသလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**



## မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇွန် ၂၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

# (၁၉)ကြိမ်မြောက် အာရှသိပ္ပံကောင်စီညီလာခံကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၂၈**

(၁၉)ကြိမ်မြောက် အာရှသိပ္ပံကောင်စီညီလာခံ ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသက်လွင်က (၁၉)ကြိမ်မြောက် အာရှသိပ္ပံကောင်စီ ညီလာခံကျင်းပရခြင်းနှင့် ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ကြည်ကြည်လှက Academic Programme Committee အဖွဲ့အင်အားကို ဖြည့်စွက်ဖြည့်ဆည်းရန်နှင့် သုတေသနစာတမ်းရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်မင်းက လုပ်ငန်းကော်မတီများ အတည်ပြုထုတ်ပြန်ရန်နှင့် Office Team ဖွဲ့စည်းဆောင်ရွက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ အတွင်းရေးမှူး၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက လုပ်ငန်းကော်မတီများ၏ အဖွဲ့အလိုက်ဆောင်ရွက်ရမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဇော်ဌေးက လုပ်ငန်းအဖွဲ့အလိုက် ကုန်ကျစရိတ် အသေးစိတ် လျာထားချက်ကိစ္စနှင့်စပ်လျဉ်း၍ လည်းကောင်း တင်ပြဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး (၁၉)ကြိမ်မြောက် အာရှသိပ္ပံကောင်စီညီလာခံ ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အာရှသိပ္ပံကောင်စီ (SCA) သည် အာရှသိပ္ပံကောင်စီအဖွဲ့ဝင် အာရှဒေသတွင်းရှိ (၁၈)နိုင်ငံက အာရှဒေသဖွံ့ဖြိုးမှုဆိုင်ရာ သုတေသနညီလာခံကို အလှည့်ကျနှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ သုတေသီများသည် အာရှဒေသတွင်း ပူးပေါင်းဆောင်ရွက်ခွင့်နှင့် အမြင်ချင်းဖလှယ်ခွင့်များရရှိစေနိုင်ရန်၊ အာရှဒေသရေရှည်ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်သုတေသီများ ပေါ်ထွန်းလာစေရေး အားပေးမြှင့်တင်နိုင်ရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံမှ ပထမဦးဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း ဖြစ်ပါကြောင်း၊ ညီလာခံ၏ ဦးတည်ချက်အနေဖြင့် အာရှသိပ္ပံကောင်စီ၏ (၁၉)ကြိမ်မြောက် ညီလာခံအတွက် Theme ကို Sustainable Development Goal ဦးတည်ချက်(၁၇)ရပ်ကို လွှမ်းခြုံစေမည့် Research and Innovation for sustainable Development in Asia ကို ရွေးချယ်၍ အဆိုပါ Theme နှင့် အကျုံးဝင်သော သုတေသနနယ်ပယ် Sub-theme များ ချမှတ်၍ သုတေသနစာတမ်းများ၊ ပိုစတာများ၊ စိစစ်ရွေးချယ်ခြင်းများ ကြိုတင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာပညာရှင်များ ပါဝင်သော ကော်မတီကို ဖွဲ့စည်းဆောင်ရွက်မည် ဖြစ်ပါကြောင်း။

အာရှသိပ္ပံကောင်စီ(SCA)၏ (၁၉)ကြိမ်မြောက် ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူ၍ ဒီဇင်ဘာ ၃ ရက်မှ ၅ ရက်အတွင်း နေပြည်တော် Grand Amara Hotel တွင် ကျင်းပမည်ဖြစ်ပါကြောင်း၊ ညီလာခံပြီးဆုံးပါက ပြန်လည်သုံးသပ်သည့် အစည်းအဝေးများပြုလုပ်ပြီး အားသာချက် အားနည်းချက်များကို သုံးသပ်ပြီး မှတ်တမ်းထားရှိရန် လိုအပ်ပါကြောင်း၊ ညီလာခံအောင်မြင်စေရန် မိမိတို့အနေဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမသို့ ရောက်ရှိကြပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပရေး ညှိနှိုင်းအစည်းအဝေးသို့လည်းကောင်း တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူများ၏ မျှော်လင့်ချက်ဖြစ်သော မြန်မာ - ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားစီမံကိန်းလုပ်ငန်း စတင်ဆောင်ရွက်




**မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားလုပ်ငန်း တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။**

**နေပြည်တော် ဇွန် ၂၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီးနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် ဒလဘက်ကမ်း၌ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားလုပ်ငန်း စတင်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ Soosung , Dohwa, Jinwoo ကုမ္ပဏီတို့မှ တာဝန်ရှိသူများက တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်၊ ဒလဘက်ကမ်း ဘိုးပိုင်လုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်၊ Quality Control Plan နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံချက်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဒလဘက်ကမ်း A-1 ဘိုးပိုင် စတင်တူးနေမှု ၊ စီမံကိန်းလုပ်ငန်းများ အချိန်အဟုန်ဖြင့် လည်ပတ်နိုင်ရန် ဆောင်ရွက်ထားရှိမှု၊ ဆိပ်ကမ်းမှတစ်ဆင့် တံတားတည်ဆောက်ရေး ပစ္စည်းများ သယ်/ချနိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်ဘက်ကမ်းသို့ ရောက်ရှိပြီး Contractor GS Engineering & Construction မှ တာဝန်ရှိသူတို့က တံတားတည်ဆောက်ရေးစီမံကိန်း၊ ရန်ကုန်ဘက်ခြမ်းတွင် တာဝန်ယူဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ - ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်း ၏ ရန်ကုန်ဘက်ခြမ်း RAP -1 ဘိုးပိုင် စတင်တူးနေမှုကို ကြည့်ရှုအားပေးသည်။

မြန်မာ - ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းသည် ပြည်သူများ၏ မျှော်လင့်ချက်ကို အကောင်အထည်ဖော် ပေးလိုက်ခြင်းဖြစ်ပြီး တံတားကြီးသည် ရန်ကုန်မြို့၏ Land Mark တစ်ခုဖြစ်ကာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုနှင့်အတူ မြို့ပြဒေသ ဖွံ့ဖြိုးတိုးတက်လာပြီး သွားလာရေး လွယ်ကူအဆင်ပြေ ချောမွေ့ကာ ကုန်စည်စီးဆင်းမှုများလည်း သွက်လက်မြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်ဖြူခရိုင်တွင် ကျွမ်းကျင်မှုအခြေပြု ကာလတိုသင်တန်း ဖွင့်လှစ်

**ကျောက်ဖြူ ဇွန် ၂၈**

ပညာရေးဝန်ကြီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ) ကျောင်းနှင့် Posco International Corp တို့ ပူးပေါင်းဖွင့်လှစ်သော (၅)ကြိမ်မြောက် ကျွမ်းကျင်မှုအခြေပြုကာလတို အခြေခံကွန်ပျူတာ၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း၊ လက်သမား၊ အင်္ဂလိပ်စကားပြောသင်တန်း ဖွင့်ပွဲကို ကျောက်ဖြူခရိုင် ရမ္မာဝတီခန်းမ၌ ဇွန်လနောက်ဆုံးပတ်က ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဖြူခရိုင်စီမံခန့်ခွဲမှုကော်မတီ ဒုဥက္ကဋ္ဌ ဒုရဲမှူးကြီး သန့်စင်ဦးက အမှာစကားပြောကြားခဲ့ပြီး အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ) ကျောင်းအုပ်ဆရာကြီး ပါမောက္ခ ဒေါက်တာဖြိုးဝေလင်းက ကျွမ်းကျင်မှုအခြေပြု ကာလတိုသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းတွင် အခြေခံကွန်ပျူတာသင်တန်းသား ၃၅ ဦး၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းသင်တန်းသား ၂၅ ဦး၊ လက်သမားသင်တန်းသား ၂၀၊ အင်္ဂလိပ်စကားပြောသင်တန်းသား ၂၆ ဦး စုစုပေါင်း ၁၀၆ ဦး တက်ရောက်ကြောင်း၊ အစိုးရဝန်ထမ်းသင်တန်းသား အများဆုံးဖြစ်၍ စနေ၊ တနင်္ဂနွေ နှစ်ရက် ပို့ချကြောင်း သိရသည်။ **ဗထူး**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ)တွင် သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် Bridge Asia Japan (BAJ) တို့ ပူးပေါင်း၍ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ)၌ ဆောက်လုပ်ရေးသင်တန်းအမှတ်စဉ်(၉)၊ လျှပ်စစ်သင်တန်းအမှတ်စဉ်(၉)၊ မော်တော်ယာဉ်/စက်ပြင်သင်တန်းအမှတ်စဉ်(၈)နှင့် ဂဟေသင်တန်းအမှတ်စဉ်(၇)တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင် **(ယာပုံ)** က သင်တန်းဆင်း အမှာစကားပြောကြားပြီး ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်မြင့်က သင်တန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။



### သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်

ထို့နောက် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က ဆောက်လုပ်ရေးသင်တန်းနှင့် လျှပ်စစ်သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို လည်းကောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်မြင့်က မော်တော်ယာဉ် စက်ပြင်သင်တန်းနှင့် ဂဟေသင်တန်းတွင် ထူးချွန်ဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ပြီး BAJ မှ အစီအစဉ်မန်နေဂျာ Mr. Hiroshi Sudo က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

### တက်ရောက်

သင်တန်းဆင်းပွဲအခမ်းအနားသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ NGO အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ BAJ မှ ဝန်ထမ်းများ၊ သင်တန်းဆင်းသင်တန်းသားများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်သည်။

### အလုပ်အကိုင်အခွင့်အလမ်း ၈၂ ရာခိုင်နှုန်းဖော်ဆောင်

ယင်းသင်တန်းများတွင် ဆောက်လုပ်ရေးသင်တန်းသား ၂၀၊ လျှပ်စစ်သင်တန်းသား ၁၉ ဦး၊ မော်တော်ယာဉ်/စက်ပြင်သင်တန်းသား ၃၀ နှင့် ဂဟေသင်တန်းသား ၂၀ စုစုပေါင်း ၈၉ ဦးတို့အား ဇန်နဝါရီ ၁၄ ရက်မှ ဇွန် ၂၈ ရက်အထိ ရက်သတ္တပတ် ၂၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချခဲ့ကြောင်းနှင့် သင်တန်းကျောင်း စတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ စုစုပေါင်း သင်တန်းသား ၆၈၃ ဦး ပြုစုပျိုးထောင်လေ့ကျင့်ပေးခဲ့ပြီး သင်တန်းသား ၅၆၀ အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် အလုပ်အကိုင်အခွင့်အလမ်း ၈၂ ရာခိုင်နှုန်း ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့နယ် ကျေးရွာ ကိုးရွာရှိ ကျွဲ၊ နွားများအား မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ပဉ္စမနှစ် ကျောင်းသူ ကျောင်းသားများ ကွင်းဆင်း၍ အခမဲ့ဆေးကုသပေးမည်

**မိတ္ထီလာ ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာမှ ကျွဲ၊ နွားများအား မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ပဉ္စမနှစ် ကျောင်းသူ ကျောင်းသားများက ကွင်းဆင်းလေ့လာ၍ အခမဲ့ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျေးရွာ ကိုးရွာမှာရှိတဲ့ ကျွဲ၊ နွားတွေရဲ့ ကျန်းမာရေးကာကွယ်ကုသမှုလုပ်ငန်းတွေ၊ ဆေးကုသတဲ့လုပ်ငန်းတွေ၊ ကျွဲ၊ နွားတွေကို ကျွေးတဲ့အစာတွေမှာ ဘယ်လိုအစာအာဟာရတွေ ပါဝင်ရမလဲဆိုတဲ့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုလာတဲ့အဖွဲ့မှာ ပဉ္စမနှစ်ကျောင်းသူ ၇၆ဦး၊ ကျောင်းသား ၄၅ ဦး၊ အုပ်ချုပ်သူ ကျွန်မအပါအဝင် ဆရာ ဆရာမ ၁၉ ဦး စုစုပေါင်း ၁၃၀ ပါဝင်ပါတယ်။ ဇွန် ၂၈ ရက်ကနေ ၃၀ ရက်အထိ ကွင်းဆင်းလေ့လာဆေးကုသတဲ့လုပ်ငန်း၊ အသိပညာပေးလုပ်ငန်းတွေကို အဖွဲ့လိုက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာစောပိုပိုက ပြောသည်။

အဆိုပါ လေ့လာကွင်းဆင်းဆေးကုသရေးအဖွဲ့များသည် မိတ္ထီလာမြို့နယ်အတွင်းရှိ ညောင်မြင့်၊ ညောင်ကိုင်း၊ မင်းရွာ၊ မြင်းကန်၊ မုန်တိုင်၊ သရက်ပင်၊ ရေဝေ၊ ရှမ်းမငယ်နှင့် မွေကျေးရွာများတွင် ဇွန် ၂၈ ရက်မှ ဇွန် ၃၀ ရက်အထိ ကျွဲ၊ နွားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။ ၎င်းလေ့လာကွင်းဆင်း ဆေးကုသရေးအဖွဲ့အား ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက မိတ္ထီလာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်နှင့် ခရိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများက ကြိုဆိုပွဲအခမ်းအနားကျင်းပ၍ ကြိုဆိုရေးအလံများ ပေးအပ်ခဲ့ကြောင်း သိရသည်။



မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ကျောင်းသားများအား ကြိုဆိုပွဲအခမ်းအနား ကျင်းပစဉ်။

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ တိရစ္ဆာန် ဆေးကုဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် စွမ်းရည်ပြည့်ဝသော တိရစ္ဆာန်ဆေးကုဆရာဝန်များ မွေးထုတ်ပေးရန်၊ နိုင်ငံတော်၏ သားငါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရည်အချင်းပြည့်ဝသော မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးရန်၊ နိုင်ငံတော်၏ မွေးမြူရေးကဏ္ဍ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နှင့် တိရစ္ဆာန် ဆေးကုဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် မွေးမြူထုတ်လုပ်ရေးနှင့် တိရစ္ဆာန်ဆေးသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊ ရည်ရွယ်ချက်တူညီသော ပြည်တွင်း ပြည်ပတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တည် လမ်းပိုင်းရှိ တံတားနှစ်စင်း ပျက်စီး

**ဝိုင်းမော် ဇွန် ၂၈**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တည် လမ်းပိုင်းရှိ ကြိုးတံတားတစ်စင်း ချောင်းရေတိုက်စား မျောပါပြီး ဘေလီတံတားတစ်စင်း ကမ်းကပ်ခုံနိမ့်ကျမှု ဖြစ်ခဲ့ကြောင်း ထိန်ချုံး-မြစ်ကြီးနား လမ်းဖောက်လုပ်ရေးကုမ္ပဏီမှ သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၇ ရက် နံနက် ၁၁ နာရီက ဝိုင်းမော်မြို့နယ် ကန်ပိုက်တည်မြို့ ဆိုင်လော်ကျေးရွာအနီးတစ်ဝိုက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများ စီးဆင်းခဲ့၍ နမ့်မလိချောင်းရေ မြင့်တက်ခဲ့ပြီး ဆိုင်လော်ကျေးရွာနှင့် ဂျန်မိုင်ကျေးရွာသို့ ဆက်သွယ်ထားသည့် အလျား ၃၀၆ ပေ၊ အကျယ်ခြောက်ပေရှိ ကိုယ့်အားကိုယ်ကိုး ကြိုးတံတားမှာ ရေစီးနှင့်အတူ မျောပါသွားခဲ့ကာ ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တည် လမ်းပိုင်းရှိ အရှည်ပေ ၅၀၊ အကျယ် ၁၅ ပေခန့်ရှိ ရွှန်းဝေတံတား(ယာယီဘေလီ)မှာ ချဉ်းကပ်လမ်းအပိုင်း သုံးပေခန့် နိမ့်ကျသွားခဲ့သည်။



အဆိုပါဖြစ်စဉ်ကြောင့် ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တည် လမ်းအပိုင်းအား ခေတ္တပိတ်ထားရပြီး ယာဉ်ကြီးနှင့် ယာဉ်များသွားလာမှု ပြတ်တောက်သွားခဲ့ကာ လမ်းပန်းဆက်သွယ်မှု အချိန်မီ ပြန်လည်ကောင်းမွန်စေရေး လမ်းဦးစီးဌာနနှင့် ထိန်ချုံး-မြစ်ကြီးနား လမ်းဖောက်လုပ်ရေးကုမ္ပဏီတို့ပူးပေါင်းပြီး ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ဧရာဝတီမြစ်ကမ်းပါးပြိုကျ၍ ပွင့်ဖြူမြို့နယ်၌ နေအိမ် ၁၆ လုံး ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့

**ပွင့်ဖြူ ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သံကိုင်းကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာ၊ ပေါက်ကုန်းကျေးရွာအုပ်စု ကျောင်းစုကျေးရွာ၊ အရှေ့လေးအိမ်ကျေးရွာအုပ်စု မြင်းခြံစုကျေးရွာတို့တွင် ယနေ့ နံနက် ၉ နာရီက ဧရာဝတီမြစ်ကမ်းပါးပြိုကျလာမှုကြောင့် နေအိမ် ၁၆ လုံး ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ခဲ့ရကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါကျေးရွာများသည် ဧရာဝတီမြစ်ကမ်းတွင် တည်ရှိသည့်ကျေးရွာများဖြစ်သည့်အတွက် ဒေသခံကျေးလက်နေပြည်သူများအနေဖြင့် ယခုကဲ့သို့ မြစ်ကမ်းပါးပြိုကျမှုဒဏ်ကို နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရသည့် ကျေးရွာများဖြစ်ကြောင်း သိရသည်။ ယနေ့ နံနက်ပိုင်းက ဧရာဝတီမြစ်ကမ်းပါးပြိုကျလာ၍ မြစ်ကမ်းပါးနှင့် နီးသည့် လူနေအိမ်များကို ဒေသခံကျေးရွာနေပြည်သူများနှင့် ကျေးရွာရှိ လူမှုကူညီရေးအသင်းဝင်များက ပူးပေါင်းပါဝင်ကူညီမှုဖြင့် ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါပြောင်းရွှေ့ရသည့် နေအိမ် ၁၆ လုံးမှ အိမ်ထောင်စုဝင်များကို နီးစပ်ရာ ဆွေမျိုးများနေအိမ်တွင် ယာယီနေထိုင်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးရွာရပ်မိရပ်ဖများက စီစဉ်ဆောင်ရွက်ပေးထားကြောင်းနှင့် မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

*စာမျက်နှာ ၆ မှ*

ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် သစ်တောစိုက်ခင်းများ၊ သစ်အခြေခံစက်ရုံ၊ အလုပ်ရုံများနှင့် အခြားသစ်တောနှင့် ဆက်စပ်ပတ်သက်နေသော ပုဂ္ဂလိကလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် အခွင့်အလမ်းများ ရရှိစေနိုင်ပါတယ်။

ထို့အပြင် ဒေသတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်နိုင်သော အခွင့်အလမ်းကောင်းများကို ရရှိစေနိုင်ပါတယ်။ ယခုဆို ဤပညာရပ် သင်ကြားဘွဲ့ရသူများအား ကုလသမဂ္ဂအဖွဲ့အစည်း၊ အခြားနိုင်ငံရှိတက္ကသိုလ်များတွင် ပါမောက္ခရာထူးစသည်ဖြင့် မြင့်မားသောတာဝန်များကို ထမ်းဆောင်နေပါတယ်။

**ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းအစီအစဉ်များ**

သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းသည် ဆရာ ဆရာမများ၏ သင်ကြားရေးနှင့် သုတေသနကိစ္စများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ သင်ကြားမှု၊ သင်ယူမှုအတွေ့အကြုံကောင်းများ ရရှိစေရန် နှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ပြည်တွင်း ပြည်ပ သင်တန်းများစေလွှတ်ခြင်း၊ ဌာနတွင်း သင်တန်းများ၊ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပြည်တွင်း၊ ပြည်ပ ညီလာခံများ၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ စေလွှတ်တက်ရောက်စေခြင်း၊ ဆွေးနွေးပွဲ/နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

**တက္ကသိုလ်၏ အဆောက်အဦများ**

သင်ကြားရေးအတွက် ဘွဲ့ကြိုသင်တန်းများကို စာသင်ခန်း ခြောက်ခန်း၊ လက်တွေ့ခန်းလေးခန်းနှင့် ကွန်ပျူတာခန်းတစ်ခန်းတို့ဖြင့်လည်းကောင်း၊ ဘွဲ့လွန်သင်တန်းများကို စာသင်ခန်းတစ်ခန်းနှင့် စာဖတ်ဆွေးနွေးခန်း တစ်ခန်းဖြင့်လည်းကောင်း သင်ကြားပို့ချပေးလျက်ရှိပါသည်။ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ သင်ကြားရေးဆိုင်ရာများ ကျင်းပပြုလုပ်ရန်အတွက် သီရေတာခန်းမကြီး နှစ်ခန်းကို လည်းကောင်း၊ Tutorial နှင့် စာမေးပွဲဖြေဆိုခြင်းတို့အတွက် စာမေးပွဲခန်းမကြီးတစ်ခုကို လည်းကောင်း၊ ဘွဲ့နှင်းသဘင်ကျင်းပခြင်းနှင့် ကျောင်းအခမ်းအနားများ ကျင်းပခြင်းတို့အတွက် ဘွဲ့နှင်းသဘင်ခန်းမကြီးတစ်ခုကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူ နားနေခန်းတစ်ခန်းကို လည်းကောင်း၊ ကျောင်းသားသမဂ္ဂများအတွက် တစ်ခန်းကို လည်းကောင်း အသုံးပြုလျက်ရှိပါတယ်။

ကျောင်းသား ကျောင်းသူများနေထိုင်ရန် အမျိုးသားဆောင် သုံးဆောင်၊ အမျိုးသမီးဆောင် တစ်ဆောင်နှင့် မဟာသိပ္ပံကျောင်းသား ကျောင်းသူများအတွက် တစ်ဆောင်ကို အသုံးပြုလျက်ရှိပါတယ်။

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများ**

သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းနှင့် ဂျပန်တောရိုင်းတိရစ္ဆာန်နှင့် အပင်များ သုတေသနဗဟိုဌာန (Japan Wildlife Research Center-JWRC) တို့အကြား ပူးပေါင်း၍ "မြန်မာနိုင်ငံအတွင်း ဇီဝဗေဒဆိုင်ရာ နမူနာပုံစံများစုဆောင်းရာ၌ အသုံးပြုနိုင်သည့် ကိရိယာများ ထုတ်လုပ်ရေးစီမံကိန်း"ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ JWRC မှ သုတေသီများနှင့် ဤတက္ကသိုလ်မှ စီမံကိန်းပေါင်းစပ်ညှိနှိုင်းသူများ၊ သတ္တဗေဒဌာနနှင့် ရုက္ခဗေဒဌာနမှ ဆရာ ဆရာမများတို့ ဇီဝဗေဒဆိုင်ရာနမူနာပုံစံများ စုဆောင်းရာ၌ အသုံးပြုနိုင်သည့် ကိရိယာစာရင်းများ တည်းဖြတ်ပြုစုခြင်းနှင့် နမူနာထုတ်လုပ်ခြင်း၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းကိစ္စများဆွေးနွေးခြင်းနှင့် နမူနာပစ္စည်းများအပ်နှံခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါမှာ ပစ္စည်းအမျိုးကွဲ ၁၂ မျိုး ထုတ်လုပ်မှုစတင်ခဲ့ပြီဖြစ်လို့ မကြာမီဖြန့်ဖြူးရောင်းချရေး စီစဉ်နေပါတယ်။

သစ်တောဦးစီးဌာန၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းနှင့် ဖင်လန်နိုင်ငံ Natural Resources Institute Finland တို့ ပူးပေါင်း၍ "မြန်မာနိုင်ငံသစ်တောသယံဇာတစာရင်းကောက်ယူခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း"ကို ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်း အစီအစဉ်အရ ဆောင်ရွက်လျက်ရှိသည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများသို့ ဤတက္ကသိုလ်မှ သက်ဆိုင်ရာ ဆရာ ဆရာမများ စေလွှတ်တက်ရောက်စေလျက်ရှိပါသည်။

ဂျာမနီနိုင်ငံ Ernst-Moritz-Arndt-University of Greifswald နှင့် ပူးပေါင်းလျက် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်ရှိ သင်ကြားရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်နှင့် တက္ကသိုလ်ချင်းပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေရန် ပို့ချဆွေးနွေးခြင်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိပါတယ်။

ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်နှင့် ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရလည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်နေပါတယ်။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းမှ အောက်ဖော်ပြပါလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားပါမယ်-

- ◆ သင်ရိုးနှင့်သင်ကြားမှုအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ဆက်လက်ဆောင်ရွက်ခြင်း၊
- ◆ ခေတ်မီသင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်း၍ သင်ကြားမှုကို ပိုမိုထိရောက်အောင် ဆောင်ရွက်ခြင်း၊
- ◆ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊
- ◆ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ခြင်း၊
- ◆ ပတ်ဝန်းကျင်ဆိုင်ရာ ဘွဲ့ကြိုတန်းဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊
- ◆ စာပေသင်ကြားရေးအပြင် စာတွေ့နှင့် လက်တွေ့ဆက်စပ်ပေးခြင်း၊
- ◆ သင်ရိုးပြင်ပလှုပ်ရှားမှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းသည် သင်ကြားရေးစနစ်များ ပြုပြင်ပြောင်းလဲခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဆင့်မီတက္ကသိုလ်တစ်ခု ဖြစ်လာစေရန်အတွက် ရပ်ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းနှင့် ဆရာ ဆရာမများ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း၊ သင်ရိုးညွှန်းတမ်းများဆန်းစစ်ခြင်း၊ ကျောင်းသားဗဟိုပြုလေ့လာမှုများ ပိုမိုအားကောင်းလာစေခြင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း စသည်တို့ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသည့် ဘွဲ့ရများနှင့် ဘွဲ့လွန်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ လွန်ခဲ့တဲ့ အနှစ် (၄၀)လောက်က မန်း-ရန်ကုန် အမြန်ရထားပေါ်မှာ "သစ်တောပညာတဲ့ ဘာတွေသင်မှာပါလိမ့်လို့" တွေးမိခဲ့တဲ့ ကျွန်တော်တစ်ယောက် ပင့်ကူမျှင်မှာ ငြိတွယ်နေသော အကောင်လေးတစ်ကောင်ပမာ ဤဘာသာရပ်နယ်ပယ်မှ ရုန်းမထွက်နိုင်အောင် ဖြစ်နေပါတယ်။ လူမှုစီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွေအတွက် ခေတ်အဆက်ဆက် အရေးပါ အသုံးပြုနေတဲ့ ဒီသစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဘာသာရပ်ကို ၁၀ တန်းအောင်ပြီးခါစ စိတ်ဝင်စားကြတဲ့ သားငယ်၊ သမီးငယ်တို့ လာမယ်ဆိုကြိုနေပါတယ်လို့-------------------

# နည်းပညာဆိုင်ရာ လုံခြုံမှုအဆင့်မြှင့်တင်ထားသည့် "ခ"၊ "ဂ"၊ "ဃ" နှင့် "င" ယာဉ်မောင်းလိုင်စင် Smart Card များကို ကောက်ခံသည့်နှုန်းထားပြောင်းလဲခြင်းမရှိဘဲ ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စတင်ပြောင်းလဲထုတ်ပေးသွားမည်

**နေပြည်တော် ဇွန် ၂၈**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လက်ရှိထုတ်ပေးလျက်ရှိသော Smart Card ယာဉ်မောင်းလိုင်စင်များကို မသမာသူများက အခကြေးငွေရယူ၍ မရိုးမသားတုပပြုလုပ် ဆောင်ရွက်မှုများရှိသဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း ဖော်ထုတ်ဖမ်းဆီးခဲ့ရာ စုစုပေါင်း တရားခံ ၁၇ ဦး အပါအဝင် ယာဉ်မောင်းလိုင်စင်ကတ်အတုများ၊ အတုပြုလုပ်သည့်စက်နှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့ပြီးဖြစ်သည်။ ထိုသို့ ယာဉ်မောင်းလိုင်စင်အတုပြုလုပ်ခြင်းများ အလွယ်တကူ မဆောင်ရွက်နိုင်စေရန်နှင့် နိုင်ငံတကာအဆင့်မီ လုံခြုံမှုအစီအမံများ ပါဝင်သည့် Smart Card ယာဉ်မောင်းလိုင်စင်များဖြစ်စေရန် ရည်ရွယ်၍ လုံခြုံမှုအဆင့်မြှင့်တင်ခြင်းအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဆင့်မြှင့်တင်ထားသည့် Smart Card ယာဉ်မောင်းလိုင်စင်များ၏ စစ်မှန်မှုနှင့် စပ်လျဉ်း၍ Chip အတွင်း ထည့်သွင်းထားသည့် အချက်အလက်များအား Chip Reader အသုံးပြု၍ လည်းကောင်း၊ QR Code အတွင်း ထည့်သွင်းထားသည့် အချက်အလက်များအား QR Code Scanner အသုံးပြု၍လည်းကောင်း ကိုင်ဆောင်သူအနေဖြင့် အလွယ်တကူ စိစစ်နိုင်မည်ဖြစ်သည်။

ထိုသို့ နည်းပညာဆိုင်ရာ လုံခြုံမှုအဆင့်မြှင့်တင်ထားသည့် "ခ"၊ "ဂ"၊ "ဃ" နှင့် "င" ယာဉ်မောင်းလိုင်စင် Smart Card များကို ကောက်ခံသည့်နှုန်းထားပြောင်းလဲခြင်းမရှိဘဲ ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စတင်ပြောင်းလဲထုတ်ပေးသွားမည်ဖြစ်ပြီး ယာဉ်မောင်းလိုင်စင် အသစ်ထုတ်ပေးခြင်း၊ နှစ်လဲဆောင်ရွက်ခြင်း၊ ပျက်စီးနှင့်ပျောက်ဆုံးမိတ္တူဆောင်ရွက်ခြင်း၊ နယ်ဝင်/ နယ်ထွက် ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်စဉ်တွင်ဖြစ်စေ၊ လက်ရှိ သက်တမ်းရှိ ယာဉ်မောင်းလိုင်စင်ကတ်များကို ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူ၏ဆန္ဒအရ အသစ်ပြောင်းလဲ ကိုင်ဆောင်လိုကြောင်း လျှောက်ထားလာလျှင်ဖြစ်စေ ပြောင်းလဲထုတ်ပေးသွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

**သတင်းစဉ်**

## မဟာမုနိဘုရားဖူးလာ ပြည်ပနိုင်ငံသားများထံမှ ဝင်ကြေးကောက်ခံမည်

**မန္တလေး ဇွန် ၂၈**

မန္တလေးမြို့ မဟာမုနိဘုရားကြီး ပရိဝုဏ် ကြည်ညိုဖွယ်ဖြစ်စေရေး၊ ဘက်စုံတိုးတက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအတွက် မဟာမုနိဘုရားကြီးဂေါပကအဖွဲ့မှ ဇူလိုင် ၁ ရက်မှ စတင်၍ နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ကောက်ခံသွားမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသော ခရီးသွားကုမ္ပဏီများ ဧည့်လမ်းညွှန်များ သိရှိစေရန်အတွက် အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

ဘုရားကြီးကို လာရောက်လေ့လာကြမည့် နိုင်ငံခြားသားများအနေဖြင့် လက်ရှိအခြေအနေအရ Tourist Information Center ဆောက်လုပ်ထားသည့် မြောက်စောင်းတန်း ရွှေဘိုခါးပြတ် တစ်ပေါက်တည်းမှသာ ဝင်ရောက်ခွင့်ပြုထားပြီး အခြားစောင်းတန်းများမှ ဝင်ရောက်ခြင်းကို ယာယီပိတ်ထားပါကြောင်း၊ ခရီးသည်တင် Bus ကားကြီးများ၊ ကိုယ်ပိုင်ကားများ ရပ်နားမှုအဆင်ပြေစေရေးအတွက် ကားရပ်နားရန် သီးသန့်နေရာများ စီစဉ်ထားကြောင်း၊ နိုင်ငံခြားသားများနားနေရန်၊ ပစ္စည်းများ သိမ်းဆည်းထားရန်နှင့် သန့်စင်ခန်းများပါ ထည့်သွင်းဆောက်လုပ်ထားပါကြောင်း၊ အုပ်စုလိုက်လာရောက်မည့် နိုင်ငံခြားသားများအနေဖြင့် မရောက်မီ ကြိုတင်အကြောင်းကြားပါက လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ထားနိုင်ပါကြောင်းနှင့် Tourist Information Center (Ph;09-447799314, 09-447799315)သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ပြည်တွင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် မြန်မာအမျိုးသမီးအသင်း ထွက်ခွာ

**ရန်ကုန် ဇွန် ၂၈**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၁၉ အာဆီယံအမျိုးသမီးပြိုင်ပွဲအကြို ပြည်တွင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ထွက်ခွာသွားသည်။



ပြည်တွင်းခြေစမ်းခရီးစဉ် သွားရောက်နေသည့် မြန်မာအမျိုးသမီးအသင်း။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ခုနစ်ဦး၊ ကစားသမား ၂၆ ဦး လိုက်ပါသွားသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် **နည်းပြချုပ်**-ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ**-ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်သန်းသန်းထွေး၊ **ဂိုးနည်းပြ**- ဦးမြကိုမင်း၊ **ဂိုး** - ဇာဇာမြင့် (အား/ကာသိပ္ပံ)၊ မေဇင်နွယ်၊ သန္တာဦး (မြဝတီ)၊ ခိုင်ဇာဝင်း (အား/ကာ)၊ **နောက်တန်း**- အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း၊ ဇင်ဇင်နိုင် (အား/ကာသိပ္ပံ)၊ အေးအေးမိုး၊ ခင်သန်းဝေ၊ ခိုင်သဇင် (မြဝတီ)၊ ချစ်ချစ် (သစ္စာအားမာန်)၊ ဖြူဖြူဝင်း (YREO)၊ **အလယ်တန်း**-ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ ခင်မာလာထွန်း၊ သင်းသင်းယု၊ ခိုင်သဇင်ဦး (အား/ကာသိပ္ပံ)၊ လဲ့လဲ့လှိုင် (ဇွဲကပင်)၊ မေသူကျော် (မြဝတီ)၊ **ရှေ့တန်း**-ခင်မိုးဝေ၊ ဂျူလိုင်ကျော် (သစ္စာအားမာန်)၊ နုနု၊ ရီရီဦး (အား/ကာသိပ္ပံ)၊ ဝင်းသိင်္ဂီထွန်း (မြဝတီ)နှင့် မြတ်နိုးခင် (YREO) တို့ လိုက်ပါသွားသည်။

မြန်မာအမျိုးသမီး အသင်းသည် ဇွန် ၂၉ ရက်မှ ဇူလိုင် ၄ ရက်အထိ ခြေစမ်းပွဲများ ကစားမည်ဖြစ်ပြီး မွန်ပြည်နယ်မှတစ်ဆင့် တနင်္သာရီတိုင်းဒေသကြီးသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲများအဖြစ် မော်လမြိုင်မြို့၌ ဇွန် ၂၉ ရက်တွင် မွန်ပြည်နယ် Old Star အသင်း၊ ဇွန် ၃၀ ရက်တွင် အား/ကာသိပ္ပံ (မော်လမြိုင်) အသင်း၊ ထားဝယ်မြို့၌ ဇူလိုင် ၂ ရက်တွင် ထားဝယ်လူငယ်လက်ရွေးစင်အသင်း၊ ဇူလိုင် ၄ ရက်တွင် ထားဝယ်လက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီး အသင်းသည် သြဂုတ်တွင်ကျင်းပမည့် ၂၀၁၉ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် ဇွန် ၁၂ ရက်မှစ၍ လေ့ကျင့်လျက်ရှိပြီး ကစားသမားအားလုံး ခေါ်ဆောင်သွားသည်။ မြန်မာအမျိုးသမီးအသင်းသည် ဇူလိုင်နောက်ဆုံးပတ်တွင် တရုတ်နိုင်ငံသို့ သွားရောက်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ညီမြတ်သော်တာ**
**ဓာတ်ပုံ - ဖိုးသော်ဇင်**

## မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ခြင်းခတ်ပြိုင်ပွဲ ဇူလိုင် ၉ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၂၈**

မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီ တံခွန်စိုက်ဝိုင်းဖွဲ့ခတ်ပြိုင်ပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဟိုတယ်ရွှေဂုံတိုင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က မြန်မာ့ရိုးရာခြင်းလုံးကစားနည်းအား အဆင့်မြှင့်တင်ခြင်းနှင့် ခြင်းလုံးကစားနည်းပညာကို ထိန်းသိမ်းလို၍ ယခုကဲ့သို့ တစ်နိုင်ငံလုံးရှိ ခြင်းလုံးပညာရှင်များ၊ ဝါသနာရှင်များအား ဖိတ်ခေါ်ကာ ပြိုင်ပွဲများကျင်းပရခြင်းဖြစ်ကြောင်း၊ အဆင့်(၄)ဆင့် သတ်မှတ်ထားပြီး ဆုကြေးများကိုလည်း ထိုက်တန်စွာ ပေးအပ်မည်ဖြစ်ပြီး တံခွန်စိုက်ဆုဖလားကိုလည်း ငွေသားစစ်စစ်ဖြင့် ပြုလုပ်ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်က အဖွဲ့ချုပ်ဖွဲ့စည်းဖြစ်သည့် အကြောင်းနှင့် လာရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ ခြင်းလုံးအဖွဲ့များအား ခရီးစရိတ်နှင့် စားသောက်နေထိုင်မှုကို စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ တံခွန်စိုက် ဒိုင်းဆုအား ပထမဆု ငွေကျပ် ၃၅ သိန်း၊ ဒုတိယဆု ငွေကျပ် သိန်း ၂၀ နှင့် တတိယဆု ငွေကျပ် ၁၀ သိန်းအပြင် ငွေဖလား(ငွေသားစစ်စစ်)ကို ပေးအပ်မည်ဖြစ်ကာ အမျိုးသမီးခြင်းအဖွဲ့ပါ ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးထားကြောင်း၊ အမျိုးသား ၁၀ ပေါက်တန်း၊ ၈ ပေါက်တန်း၊ ၆ ပေါက်တန်းနှင့် ၄ ပေါက်တန်းတို့ ယှဉ်ပြိုင်ရန်စီစဉ်ထားပြီး ဆုကြေးငွေလည်း ထိုက်တန်စွာ ပေးအပ်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကို ဇူလိုင် ၉ ရက်မှ ၁၄ ရက်အထိ အောင်ဆန်းအားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

❊ *ကျောဖုံးမှ*

ဂိုးရနိုင်သည့် အခွင့်အရေးအချို့ ဖန်တီးနိုင်သော်လည်း အသုံးမချနိုင်၍ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်မြှင့်လာပြီး ဂိုးသွင်းခွင့်များလည်း ဖန်တီးနိုင်ခဲ့သည်။ မိနစ် ၇၀ တွင် အန်ဒူဆိုက Chinland အတွက် ဂိုးစသွင်းခဲ့သော်လည်း ၈၂ မိနစ်တွင် ဝင်းမင်းထွဋ်က Southern အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး Southern အတွက် အနိုင်ဂိုးကို ပွဲပြီးခါနီးတွင် ကောင်းစည်သူက သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဇွန် ၂၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**နီတိုကို ခေါ်ယူလိုက်သည့် ဘာစီလိုနာ**

ဘာစီလိုနာအသင်းသည် ဗလင်စီယာအသင်းမှ ဘရာဇီးဂိုးသမား နီတိုကို ကနဦးပြောင်းရွှေ့ကြေး ပေါင် ၂၃ ဒသမ ၃ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ပြီးခဲ့သည့် ရာသီတွင် ဗလင်စီယာအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၄၇ ပွဲအထိ ပါဝင်ကစားထားသော နီတိုသည် ဘာစီလိုနာအသင်းနှင့် လေးနှစ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

**အိမ်ရှင်ဘရာဇီး ကိုပါအမေရိကဖလား ဆီမီးဖိုင်နယ်သို့ တက်ရောက်**

ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဇွန် ၂၈ ရက် နံနက်ပိုင်းက အိမ်ရှင်ဘရာဇီးနှင့် ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်ဘရာဇီးအသင်းက ပယ်နယ်တီတွင် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယပိုင်း ပွဲကစားချိန် ၅၈ မိနစ်အရောက်တွင် ပါရာဂွေးအသင်းမှ ဘဲလ်ဗျူနာတိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံခဲ့ရသောကြောင့် ပါရာဂွေးအသင်း နစ်နာခဲ့ရသည်။ အိမ်ရှင်ဘရာဇီးအသင်းသည် ဘောလုံးပိုင်ဆိုင်မှု၊ အခွင့်အရေးဖန်တီးနိုင်မှု၊ ဂိုးကန်သွင်းမှုအပိုင်းတို့တွင် ပါရာဂွေးအသင်းအပေါ် သိသိသာသာ အသာစီးရယူနိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်းမသေချာမှု၊ တိုက်စစ်ပိုင်းခြေစွမ်းပြသရန် ရုန်းကန်ရမှုတို့ကြောင့် ဦးဆောင်ဂိုးနဲ့ ဝေးခဲ့ရပြီး အချိန်ပိုဆက်လက်ကစားခဲ့ရသည်။ အချိန်ပိုတွင်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပယ်နယ်တီအဆုံးအဖြတ်ယူခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ်တွင် ဘရာဇီးအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဘရာဇီး အသင်းသည် ကိုပါအမေရိကဖလား ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

**အမ်တီတီကို ခေါ်ယူရန် မန်ယူအသင်း ချိန်ရွယ်နေ**

မန်ယူအသင်းသည် ဘာစီလိုနာအသင်းမှ ပြင်သစ်နောက်ခံကစားသမား ဆမ်မြူရယ် အမ်တီတီ (၂၅နှစ်) ကို ခေါ်ယူရန် ချိန်ရွယ်နေကြောင်း စပိန်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**ဆီဘယ်လ်လေ့ာ ရီးရဲမက်ဒရစ်အသင်းမှ မထွက်ခွာလို**

ရီးရဲမက်ဒရစ်အသင်းနှင့် စပိန်ကွင်းလယ်ကစားသမား ဆီဘယ်လ်လေ့ာ (၂၂နှစ်) သည် နည်းပြဇီဒန်း၏ အစီအစဉ်တွင် ပါဝင်ခြင်းမရှိသော်လည်း ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာလိုခြင်းမရှိကြောင်း မာကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ဂျိမ်းစ် ရိုဒရီဂွက်ဇ်ကို ခေါ်ယူရန် ချိန်ရွယ်နေသည့် အေတီမက်**

အက်သလက်တီကို မက်ဒရစ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ ကိုလံဘီယာကစားသမား ဂျိမ်းစ် ရိုဒရီဂွက်ဇ် (၂၇နှစ်) အား ခေါ်ယူရန် ချိန်ရွယ်နေကြောင်း စပိန်အခြေစိုက်မီဒီယာများတွင် ဖော်ပြထားသည်။

**အမျိုးသမီးကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည့် အင်္ဂလန်**

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော ၂၀၁၉ အမျိုးသမီးကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဇွန် ၂၈ ရက် နံနက်ပိုင်းက နော်ဝေနှင့် အင်္ဂလန် အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်အမျိုးသမီးအသင်းက သုံးဂိုးပြတ် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ အင်္ဂလန်အသင်းအတွက် ဂိုးများကို ပွဲကစားချိန် သုံးမိနစ်တွင် စကော့၊ မိနစ် ၄၀ တွင် အဲလင်းဝှိုက်နှင့် ဒုတိယပိုင်း ပွဲကစားချိန် ၅၇ မိနစ်တွင် ဘရွန်နှ်စ်တို့က သွင်းယူပေးခဲ့ကြသည်။ ဘောလုံးပိုင်ဆိုင်မှုပိုင်းတွင် သိသိသာသာကွာခြားမှုမရှိသော်လည်း ဂိုးကန်သွင်းမှုပိုင်းတွင် နော်ဝေအသင်းက ၁၂ ကြိမ်ရှိခဲ့ကာ အင်္ဂလန်အသင်းက ၁၅ ကြိမ်အထိရှိခဲ့ပြီး အဆုံးသတ်မှုပိုင်းတွင် သေချာသည့် အင်္ဂလန်အသင်းက ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သည့် အဲလင်းဝှိုက်သည် ယခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ငါးဂိုးအထိ ရှိလာခဲ့သည်။

**အောင်ဇော်**



# ICRC အဖွဲ့၏ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့် အရပ်ဘက်ယာဉ်တန်းကို AA အဖွဲ့က မိုင်းဖောက်ခွဲ၍ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇွန် ၂၈**

ကျောက်တော်မြို့နယ် ကျောက်ကြပ်ကျေးရွာအနီး၌ ယမန်နေ့ည ၈ နာရီက ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ရုံးမှ မောင်တောမြို့ ကညင်တန်းမြို့မ ရပ်ကွက်ရှိ ICRC ရုံးသို့ ပို့ဆောင်မည့် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့် အရပ်ဘက်ယာဉ်ခြောက်စီးကို AA အဖွဲ့က မိုင်းဖောက်ခွဲ၍ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် လူ၊ ပစ္စည်း ထိခိုက်ပျက်စီးမှု စိစစ်လျက်ရှိပြီး AA အဖွဲ့ကို ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာ့ရုပ်မြင်သံကြား

၂၉-၆-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၃၅ - "ခာတ်အားခအပြောင်းအလဲနှင့် သူတို့အမြင်"
၁၁း၂၅ - ပညာရေးစကားဝိုင်း "၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာ" (အပိုင်း-၃)
၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း- ၂၉)
၁၄း၁၀ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်

**ညပိုင်း**

၁၅း၁၅ - "MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် " (Hantharwady United FC Vs Yangon United FC)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ဆေးလိပ်ဆေးရွက်ကြီး ကင်းဝေးစေရေး(ကာတွန်း)
၂၀း၃၅ - "ခာတ်အားခအပြောင်းအလဲနှင့် သူတို့အမြင်"
- " မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ " (ပထမပိုင်း)
- ပညာရေးစကားဝိုင်း " ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာ" (အပိုင်း-၄)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **မိုး/ဇလ**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၈**

ကသာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၆ ရက် ညနေ ၄ နာရီက ကသာမြို့နယ် ပြည်သာယာကျေးရွာနေ ဘရမ်မိုင်(ခ) အားမိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၁၅ ပြားကို လည်းကောင်း၊ အလားတူ ဇွန် ၂၇ ရက် နံနက် ၆ နာရီက မော်လူးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် ငွေ့ကြီးကျေးရွာနေ ပေါ်ဦး၏နေအိမ်ကို ရှာဖွေရာ အောင်ကိုလတ်အား တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၊ ဘိန်းဖြူ ၃ ဒသမ ၅ ဂရမ်နှင့် ငွေကျပ် ၅၀၀၀၀ ကို လည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် ကာလိမြို့အမှတ်(၃)ရပ်ကွက်နေ ဒေါ်နန်းဆွေ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၆၇ ပြားကို လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့နယ် တာကော်အက် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ခရီးသည် ဒေါ်အမ်ဖွဲ့ထံမှ ဘိန်းစိမ်း ၁၄ ဒသမ ၅ ကီလိုကို လည်းကောင်း၊ အလားတူ နံနက် ၇ နာရီခွဲတွင် တပ်မတော်က မိုင်းဆတ်မြို့နယ် မိုင်းတွမ်း(တောင်ပေါ်) ကျေးရွာအုပ်စု အားဆော်ပေါ်မိုးကျေးရွာ ကားလမ်းအနီးရှိ ချုံအတွင်းတွင် စိတ်ကြွရူးသွပ်ဆေးပြား ၄၁၉၀၀၊ စိတ်ကြွရူးသွပ်ဆေးပြား (အမှုန့်) ဂရမ် ၁၆၀၊ စိတ်ကြွရူးသွပ်ဆေးပြား(ရေစိုပျက်စီး) ၃ ကီလို၊ ကဖင်း ကီလို ၆၀၊ စိတ်ကြွရူးသွပ်ဆေးပြား ရိုက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် နှစ်လုံးပြူး သေနတ်တစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည်မျိုးစုံ ၁၀၇ တောင့်တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဆက်စပ်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများအား တွေ့ရစဉ်။

# မော်လမြိုင်ကျွန်းမြို့နယ်၌ စက်လှေနှစ်စင်းတိုက်မိ၍ နှစ်ဦးဒဏ်ရာရရှိပြီး တစ်ဦးပျောက်ဆုံးနေ

**နေပြည်တော် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ဝဲစုချောင်းကျေးရွာ ဝဲစုချောင်းအတွင်း၌ ဇွန် ၂၇ ရက် နံနက် ၈ နာရီခွဲက ပွဲထောင်စက်လှေနှစ်စင်းတိုက်မိ၍ ကျောင်းသူနှစ်ဦး ဒဏ်ရာရရှိကာ အမျိုးသမီးတစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ် ဝဲစုချောင်းအတွင်း မြဂိုးစုကျေးရွာမှ ကျုံဝါးကျေးရွာသို့ ကျုံဝါးကျေးရွာနေ စိုးမင်းသူ (၁၄နှစ်) မောင်းနှင်ပြီး မင်းမင်းကို (၂၁နှစ်) လိုက်ပါလာသည့် ပွဲထောင်စက်လှေနှင့် မြွေပေါက်ကျေးရွာမှ ဘုရားကြီးကုန်းကျေးရွာသို့ ဝဲစုချောင်းကျေးရွာနေ နိုင်လင်းခိုင်(၃၁နှစ်) မောင်းနှင်ပြီး မြွေပေါက်ကျေးရွာနေ အေးမြတ်မွန်(၃၀နှစ်)နှင့် မြဂိုးစုကျေးရွာနေ အထက်တန်းပြဆရာမ ဒေါ်ရီရီချို(၄၁နှစ်) ပါ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၁ ဦး လိုက်ပါလာသည့် ပွဲထောင်စက်လှေတို့ အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် နိုင်လင်းခိုင် မောင်းနှင်သည့် စက်လှေ၏ ဝဲဘက်နံရံပွင့်ထွက်ကာ အေးမြတ်မွန်မှာ ချောင်းအတွင်း နစ်မြုပ်ပျောက်ဆုံးခဲ့ပြီး အဆိုပါစက်လှေတွင် လိုက်ပါလာသည့် မြွေပေါက်ကျေးရွာနေ မခိုင်ခိုင်ကျော် (၈နှစ်)ပါ နှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် စိုးမင်းသူနှင့် နိုင်လင်းခိုင်တို့နှစ်ဦးကို ကျိုက်ပိနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ကျိုက္ခမီမြို့တွင် မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးဟောပြော

**မော်လမြိုင် ဇွန် ၂၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဗိုလ်ချုပ်လမ်းရှိ ဓမ္မာရုံ၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၃ ရက်နေ့က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဇော်နှင့် ကျိုက္ခမီနယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်ကျော်ဇင်တို့က သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲသို့ ကျိုက္ခမီမြို့ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစံညွှန့်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။ သံဖြူဇရပ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဇော်၏ ဦးဆောင်မှုဖြင့် မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာတို့တွင် ဇွန် ၁၂ ရက်နေ့မှစတင်၍ ကွင်းဆင်းပညာပေးဟောပြောပွဲများကို ဆက်တိုက်ကျင်းပလျက်ရှိသည်။

**ကျော်သန်း(မော်လမြိုင်)**

# နေပြည်တော်-ရန်ကုန်အမြန်လမ်း၌ ယာဉ်တစ်စီးတိမ်းမှောက်၍ ၂၄ ဦး ဒဏ်ရာရ

**လှည်းကူး ဇွန် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံ အမြန်လမ်းမကြီး နေပြည်တော်-ရန်ကုန် အမြန်လမ်း မိုင်တိုင်အမှတ်(၈/၄) အနီးတွင် ယမန်နေ့ နံနက် ၇ နာရီခွဲခန့်က စက်ရုံအလုပ်သမားများ လိုက်ပါလာသောယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ကာ ၂၄ ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

နေပြည်တော်-ရန်ကုန်သွားလမ်းတွင် လှည်းကူးမြို့နယ် ကြာအင်းအနောက်ကျေးရွာနေသူ ယာဉ်မောင်း ရဲသန်း (၄၁နှစ်) မောင်းနှင်ပြီး အထည်ချုပ်စက်ရုံအလုပ်သမား အမျိုးသမီး ၂၄ ဦး လိုက်ပါလာသော MDY 9P/---- ဟွန်ဒိုင်းယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းပေါ်သို့ လဲကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါသူအမျိုးသမီး ၂၄ ဦးတို့တွင် ဒဏ်ရာများရရှိကာ လှည်းကူးဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ရဲသန်း(၄၁နှစ်)ကို လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံ အမြန်လမ်းမကြီး ရဲစခန်းက ဥပဒေအရအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

# ရနောင်းလူသတ်မှုမှာ မြန်မာရွှေ့ပြောင်းလုပ်သားများ ဖြစ်ပွားခဲ့သော လူသတ်မှုများအနက် ပထမဆုံး အယူခံအနိုင်ရရှိခဲ့သောအမှုဖြစ်

**ရန်ကုန် ဇွန် ၂၈**

ထိုင်းနိုင်ငံ ရနောင်းမြို့တွင် ၂၀၁၅ ခုနှစ်က ဖြစ်ပွားခဲ့သော လူသတ်မှုနှင့်ပတ်သက်၍ ဖမ်းဆီးခံ မြန်မာရွှေ့ပြောင်းလုပ်သားနှစ်ဦး ပြန်လည်လွတ်မြောက်လာမှုမှာ မြန်မာရွှေ့ပြောင်းလုပ်သားများ ဖြစ်ပွားခဲ့သော လူသတ်မှုများအနက် ခရိုင်တရားရုံးသို့ အယူခံဝင်ရာတွင် ပထမဆုံးအနိုင်ရရှိခဲ့သော အမှုဖြစ်ကြောင်း သိရသည်။

"အယူခံပထမအဆင့်မှာပဲ နိုင်တဲ့အတွက် ကလေးတွေ ၂၆ ရက်မှာ လွတ်သွားတယ်။ ကျွန်တော်တို့ရဲ့အတွေ့အကြုံအရ မြန်မာရွှေ့ပြောင်းလုပ်သားတွေဖြစ်ခဲ့တဲ့ လူသတ်မှုတွေအနက် ခရိုင်တရားရုံးကနေ အယူခံနိုင်တာ ပထမဆုံးအမှုလည်းဖြစ်တယ်"ဟု ဖမ်းဆီးခံလူငယ်များအရေး လိုက်ပါဆောင်ရွက်ပေးနေသူ ပညာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (FED)မှ အမှုဆောင်ဒါရိုက်တာ ဦးထူးချစ်က ပြောသည်။



ရနောင်းလူသတ်မှုဖြစ်စဉ် ပြန်လည်လွတ်မြောက်လာသူများအကြောင်း ဦးထူးချစ် ရှင်းလင်းပြောကြားနေစဉ်။

ထိုင်းနိုင်ငံ ရနောင်းခရိုင် စွိုင်လုံကျင်းရပ်ကွက်တွင် နေထိုင်သူ ထိုင်း-မြန်မာကပြား မအက်ပဲလ်(ခ) အိပုတ် အသက် ၁၆ နှစ်အရွယ်ရှိ ထိုင်းအထက်တန်းကျောင်းသူလေးသည် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် အသတ်ခံခဲ့ရသည်။ ယင်းလူသတ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ထိုင်းတာဝန်ရှိသူများက မြန်မာရွှေ့ပြောင်း လုပ်သားလေးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ထိုသို့ ဖမ်းဆီးအရေးယူခဲ့ပြီးနောက် ၂၀၁၈ ခုနှစ်တွင် အသက် ၁၈ နှစ် မပြည့်သေးသည့် လူငယ်နှစ်ဦးဖြစ်သည့် မောင်ကျော်စိုးဝင်းနှင့် မောင်မိုးဇင်အောင်တို့မှာ ပြန်လည်လွတ်မြောက်လာခဲ့ကြသည်။ ကျန်လူငယ်နှစ်ဦးဖြစ်သည့် မောင်စိန်ကတုံးနှင့် မောင်ဝေလင်းတို့အတွက် အထက်တရားရုံးသို့ အယူခံဝင်ဆက်လက်ဆောင်ရွက်ခဲ့ရာ ဇွန် ၂၆ ရက်က ခရိုင်တရားရုံးတွင် အယူခံအနိုင်ရရှိပြီး ပြန်လည်လွတ်မြောက်လာခဲ့ကြသည်။

ယခုကဲ့သို့ အယူခံတွင် အနိုင်ရရှိခဲ့ခြင်းသည် ပစ္စည်းသက်သေ၊ လူသက်သေခိုင်မာအားကောင်းမှုအပြင် ထိုင်းလူမျိုးများကိုယ်တိုင် အဓိကသက်သေအဖြစ် ထွက်ဆိုပေးမှုကြောင့်ဖြစ်ကြောင်း သိရသည်။

"အဓိက ထိုင်းလူမျိုးလုပ်ငန်းရှင်ပေါ့။ ဒီရက် ဒီအချိန်မှာ အခင်းဖြစ်သွားတယ်ဆိုတာ စီစီတီဗွီမှာပြတယ်။ အဲဒီမှာ သတ်ခဲ့တယ်လို့ ပြောတဲ့အချိန်မှာ ဒီကလေးတွေက လုပ်ငန်းခွင်မှာရှိနေတယ်။ လုပ်ငန်းခွင်မှာ ရှိနေတယ်ဆိုတာလည်း စီစီတီဗွီကရှိတယ်။ နောက်တစ်ခုက ကလေးတွေ အသုံးပြုခဲ့ပါတယ်ဆိုတဲ့ လက်နက်ဓားပေါ့။ ဓားမှာတွေ့တဲ့ DNA က ကလေးတွေမှာ တွေ့တဲ့ DNA မဟုတ်ဘူး။ ကျွန်တော်သိသလောက်ကတော့ အဲဒီအချက်နှစ်ခုက ကလေးတွေကို လွတ်မြောက်ဖို့ တွန်းအားပေးတယ်လို့ ထင်ရပါတယ်"ဟု ဦးထူးချစ်က ၎င်း၏ အမြင်ကိုပြောကြားသည်။

လက်ရှိအချိန်တွင် ပြန်လည်လွတ်မြောက်လာသူနှစ်ဦးကို မြန်မာနိုင်ငံဘက်သို့ လွှဲပြောင်းပေးမည့်ရက်အား စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

ရနောင်းလူသတ်မှုတွင် လိုက်ပါဆောင်ရွက်ပေးသော ရှေ့နေများသည် လိပ်ကျွန်းလူသတ်မှုတွင် လိုက်ပါဆောင်ရွက်ပေးခဲ့သော ရှေ့နေအများစု ပါဝင်ခဲ့ကြောင်း သိရသည်။ လိပ်ကျွန်းလူသတ်မှုတွင် သက်သေအားနည်းခဲ့သော်လည်း ရနောင်းလူသတ်မှုတွင် ထိုင်းလူမျိုးများကိုယ်တိုင် သက်သေလာရောက် ထွက်ဆိုပေးခဲ့သည့်အပြင် ရှေ့နေများနှင့် သက်သေများ စနစ်တကျကြိုတင်ပြင်ဆင်နိုင်ခဲ့ကြောင်း သိရသည်။

အမှုမှာ အချိန်ကာလအားဖြင့် လေးနှစ်နီးပါး ကြာမြင့်ခဲ့ပြီး ခန့်မှန်းခြေ ဒေါ်လာငါးသောင်းခန့်ကုန်ကျခဲ့ကြောင်း သိရသည်။ လိပ်ကျွန်းလူသတ်မှုအပါအဝင် ထိုင်းနိုင်ငံတွင် သေဒဏ်ကျခံနေရသော မြန်မာရွှေ့ပြောင်းလုပ်သား ၁၀ ဦးခန့် ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-ထိန်လင်း**

# သန်းခေါင်စာရင်းကောက်ခံမှုတွင် နိုင်ငံသားဖြစ်မှုဆိုင်ရာ မေးခွန်းထည့်သွင်းမေးမြန်းရန် ထရမ့်၏ကြိုးစားမှုကို တရားရုံးချုပ်ပယ်ချ

**ဝါရှင်တန် ဇွန် ၂၈**

အမေရိကန်နိုင်ငံက မကြာမီကောက်ခံတော့မည့် သန်းခေါင်စာရင်းတွင် နိုင်ငံသားဖြစ်မှုဆိုင်ရာ မေးခွန်းထည့်သွင်းမေးမြန်းရန် အမေရိကန်သမ္မတ ထရမ့်အစိုးရအဖွဲ့၏ ကြိုးစားမှုကို တားဆီးမည့် နိုင်ငံတော်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်အပေါ် သမ္မတက တုံ့ပြန်လိုက်ကြောင်း သိရသည်။

ဆယ်နှစ်တစ်ကြိမ်ကောက်ခံသည့် သန်းခေါင်စာရင်းတွင် နိုင်ငံသားဖြစ်မှုဆိုင်ရာမေးခွန်းကို အစိုးရတစ်ရပ်အနေဖြင့် မမေးနိုင်ဘူးဆိုသည်မှာ လုံးဝအဓိပ္ပာယ်မရှိကြောင်း သမ္မတထရမ့်က ၎င်း၏တွစ်တာပေါ်တွင် ရေးသားခဲ့သည်။ တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ထွက်ပေါ်လာပြီး နာရီအနည်းငယ်အကြာတွင် ထရမ့်အနေဖြင့် ယခုလို တွစ်တာတွင် ရေးသားလိုက်ခြင်းဖြစ်သည်။

နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းမေးခွန်းသည် မဲပေးခွင့် ဥပဒေကို ပိုကောင်းအောင် အားဖြည့်ပေးရန် လုပ်ဆောင်ခြင်း ဖြစ်ကြောင်း အမေရိကန်သမ္မတထရမ့်အစိုးရအဖွဲ့၏ ရှင်းလင်းချက်နှင့် ပတ်သက်ပြီး ယခုကိစ္စသည် အနှောင့်အယှက် ပိုမိုဖြစ်လာစေနိုင်သည်ဟုဆိုကာ တရားရုံးက ပယ်ချလိုက်ခြင်းဖြစ်သည်။

နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်းမေးခွန်းကို လက်မခံသူများက ယခုလို မေးမြန်းခြင်းသည် နိုင်ငံသားမဟုတ်သူများကို သန်းခေါင်စာရင်းမေးခွန်းများ မဖြေချင်အောင် ခြိမ်းခြောက်သည်မျိုး ဖြစ်သွားနိုင်ကြောင်းနှင့် နောက်ဆုံးတွင် လွှတ်တော်က ၎င်းတို့အပေါ် ကိုယ်စားမပြုနိုင်သည့် အနေအထားဖြစ်သွားနိုင်ကြောင်း တရားရုံးချုပ်က ပြောဆိုပြီး ပယ်ချခဲ့ခြင်းဖြစ်သည်။

ထို့အတူ အမေရိကန်ပြည်ထောင်စုတွင် နိုင်ငံရေးပါတီများ တစ်ခုနှင့်တစ်ခု အသာစီးရရန် မဲဆန္ဒနယ်မြေများအား လိုသလို ပြင်ဆင်သတ်မှတ်ခြင်းများကို တရားရုံးချုပ်က ဝင်ရောက်ထိန်းကျောင်းပေးရန် တောင်းဆိုချက်ကိုလည်း တရားရုံးချုပ်က ယမန်နေ့က ပယ်ချလိုက်သည်။

ယခုလိုမျိုးကိစ္စတွင် တရားရုံးချုပ်က ကြားဝင်ရမည့်ကိစ္စ မဟုတ်ကြောင်းနှင့် ပြည်နယ်အစိုးရများ ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း ထို့ကြောင့် ယခုကဲ့သို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း တရားရုံးချုပ်က ပြောသည်။

**အေအက်ဖ်ပီ**




၂၀၂၀ သန်းခေါင်စာရင်းကောက်ယူမှုနှင့် ပတ်သက်၍ ဆန္ဒပြသူများကို တွေ့ရစဉ်။

# ၂၀၂၀ အမေရိကန် ကာကွယ်ရေးအသုံးစရိတ် ယခင်နှစ်ကထက် ပိုမိုများပြား

**ဝါရှင်တန် ဇွန် ၂၈**

၂၀၂၀ ပြည့်နှစ် အမေရိကန်ကာကွယ်ရေး အသုံးစရိတ်ကို အမေရိကန်အထက်လွှတ်တော်က မဲခွဲအတည်ပြုခဲ့ကြောင်း သတင်းရရှိသည်။ အမျိုးသားကာကွယ်ရေးခွင့်ပြုချက် အက်ဥပဒေအရ ကာကွယ်ရေးအသုံးစရိတ် ပမာဏ အမေရိကန် ဒေါ်လာဘီလီယံ ၇၅၀ ပေးအပ်ထားကြောင်း သိရသည်။

အောက်တိုဘာလတွင် စတင်မည့် ယခုအသုံးစရိတ်ပမာဏသည် ယမန်နှစ် ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၇၁၆ သန်း ပိုမိုများပြားသည်။

ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရက် အများစု သဘောတူညီခဲ့သည့် အမျိုးသားကာကွယ်ရေး ခွင့်ပြုချက် အက်ဥပဒေတွင် မြောက်ကိုရီးယားနိုင်ငံနှင့် စီးပွားရေးလုပ်သည့် အဖွဲ့အစည်းများကို အမေရိကန်ဘဏ်မှ ပယ်ထုတ်မည့် ဆောင်ရွက်ချက်လည်း ပါဝင်ကြောင်း သိရသည်။

မြောက်ကိုရီးယားကို အရေးယူမည့် ယခုဥပဒေကို ၂၀၁၆ ခုနှစ်က မြောက်ကိုရီးယားနိုင်ငံ၌ ဖမ်းဆီးခံရပြီးနောက် ပြန်လွှတ်ပြီး သိပ်မကြာမီ အမေရိကန်တွင် သေဆုံးသွားခဲ့သော အော်တိုဝမ်ဘီယာကို အောက်မေ့သတိရသော အားဖြင့် ၎င်း၏အမည် ပေးထားကြောင်း သိရသည်။ ပင်ဆယ်ဗေးနီးယား ရီပတ်ဘလစ်ကန် အထက်လွှတ်တော်အမတ် ပက်တူမေးက ဆယ်စုနှစ်အတော်ကြာ မြောက်ကိုရီးယားနှင့် လုပ်သည့် စေ့စပ်ဆွေးနွေးပွဲသည် မြောက်ကိုရီးယား၏ ကစားကွက်သာဖြစ်ကြောင်း၊ မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားလက်နက်နှင့် ပဲ့ထိန်းတပ်ဒုံးကျည်များကို ဖွံ့ဖြိုးအောင်လုပ်ပြီး အမေရိကန်နှင့် မဟာမိတ်နိုင်ငံများကို ခြိမ်းခြောက်လာနေကြောင်း ပြောသည်။



အမေရိကန်လေတပ်မှ အက်ဖ်-၃၅အေ အမျိုးအစားတိုက်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

အမေရိကန်သမ္မတ ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့သည် ယခုရက်ပိုင်းတွင် စာဖြင့် အပြန်အလှန် ပေးပို့ဆက်သွယ်မှုများ ရှိခဲ့ကြောင်း သိရသော်လည်း ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး အပြုသဘောဆောင်တိုးတက်မှုများ ဖြစ်ပေါ်လာမည်လားဆိုသည်ကိုမူ မသိရသေးချေ။

**အေအက်ဖ်ပီ**

# ပါပူဝါနယူးဂီနီ မီးတောင်ပေါက်ကွဲမှုမှ အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူများကို ကူညီရန် တပ်ဖွဲ့များစေလွှတ်

**ကိုကိုပို ဇွန် ၂၈**

မီးတောင်နှစ်ကြိမ်ပေါက်ကွဲမှုဖြစ်ပွားရာ ပါပူဝါနယူးဂီနီမှ အိုးအိမ်စွန့်ခွာထွက်ပြေးရသော ဒေသခံထောင်ပေါင်းများစွာကို ကူညီရန် တပ်ဖွဲ့ဝင်များ စေလွှတ်ထားကြောင်း ဇွန် ၂၈ ရက်က ဝန်ကြီးချုပ်က ပြောသည်။

ကမ္ဘာ့အန္တရာယ်အရှိဆုံး မီးတောင်တစ်ခုဖြစ်သည့် အူလဝမ်မီးတောင်မှ မှုတ်ထုတ်သော ချော်ရည်နှင့်ပြာမှုန့်များသည် လျော့နည်းသွားသော်လည်း ဒေသခံ ၇၀၀၀ မှ ၁၃၀၀၀ ကြားသည် ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ပြီး အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့ရသည်။ စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များကို မီးတောင်ပေါက်ကွဲရာဒေသမှ ထွက်ခွာလာသူများအား လိုအပ်သော အကူအညီများပေးနိုင်ရန် အသင့်အနေအထား ရှိနေရန် မှာကြားထားကြောင်း ဝန်ကြီးချုပ်ဂျိမ်းမာရာပီက ပြောသည်။

မြို့တော်ဝန်သည် မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားရာဒေသတွင် ဒုက္ခသည်များကို ကူညီရန် မြေပြင်ကွင်းဆင်းဆောင်ရွက်နေကြောင်းနှင့်မိမိတို့ ဘယ်လိုမျိုး အကောင်းဆုံးကူညီရမည်ဆိုသည်ကို တွေ့မြင်နေရကြောင်း ဝန်ကြီးချုပ်က ဆက်ပြောသည်။

ပြည်နယ်လွှတ်တော်အမတ် ဂျိုးဆက်လီလန်က ဒေသခံပေါင်း ၁၃၀၀၀ ခန့် အိုးအိမ်များ စွန့်ခွာထွက်ပြေးကြရပြီး ၁၀၀၀ ခန့်မှာ ၎င်းတို့၏ အိုးအိမ်များဆုံးရှုံးသွားကြောင်း ပြောကြားခဲ့သည်။ အနောက်နယူးဗြိတိန် သဘာဝဘေးဒုက္ခဆိုင်ရာရုံးမှ အရာရှိတစ်ဦးဖြစ်သူ ပေါရီကူရာက အိုးအိမ်များ စွန့်ခွာထွက်ပြေးသူမှာ ၇၀၀၀ ခန့်ရှိကြောင်း ပြောသည်။

မိမိတို့၏ရည်ရွယ်ချက်မှာ မီးတောင်ပေါက်ကွဲမှုမှ ထွက်ပြေးလာသော ဒုက္ခသည်များကို လိုအပ်သောပစ္စည်းများ ထောက်ပံ့နိုင်ရေးပင်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**အေအက်ဖ်ပီ**

# ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် ထရမ့်နှင့်ပူတင်တို့ မျက်နှာချင်းဆိုင်တွေ့ဆုံ

**အိုဆာကာ ဇွန် ၂၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပနေသော ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်အား ရယ်ရယ်မောမော ဟာသနှော၍ လေပြည်သွေးကာ အမေရိကန်ရွေးကောက်ပွဲမှာ မဝင်ပါဖို့အရေး တောင်းဆိုလိုက်ကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဟာသနှောကာ ပြောကြားမှုအပေါ် ရုရှားသမ္မတ ဗလာဒီမာပူတင်ကလည်း အပြုံးနှင့်ပင် တုံ့ပြန်လိုက်သည်ကို နိုင်ငံတကာသတင်းများတွင် တွေ့မြင်ရမည်ဖြစ်သည်။



အမေရိကန်သမ္မတ ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၏ သီးခြားအလွတ်သဘော တွေ့ဆုံဆွေးနွေးမှုတွင် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ ရောဘတ်မူလာ၏ အစီရင်ခံစာ အပြီးသတ်ပြီးနောက် ယခုကဲ့သို့ တွေ့ဆုံမှုသည် အမေရိကန်နှင့် ရုရှားခေါင်းဆောင်နှစ်ဦးကြား ပထမဆုံးအကြိမ် တွေ့ဆုံမှုဖြစ်သည်။

ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသည် စီးပွားရေးလျင်မြန်စွာ ကြီးမားဖွံ့ဖြိုးသော နိုင်ငံကြီးများကြား နှစ်စဉ်ကျင်းပသော အစည်းအဝေးတစ်ခုဖြစ်သည်။ ယခုနှစ် ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပသော ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသည် ယခင်နှစ်များနှင့်မတူဘဲ ရာသီဥတုပြောင်းလဲမှု၊ အီရန်အရေး၊ ကိုယ့်ကျိုးစီးပွားကာကွယ်မှု၊ ကမ္ဘာ့ကုန်သွယ်ရေးကဏ္ဍများကို ဦးစားပေးကာ ထဲထဲဝင်ဝင်ဆွေးနွေးမည် ဖြစ်ကြောင်း သိရသည်။

ဇွန် ၂၈ ရက်က ဖော်ပြသော ဖိုင်နင်ရှယ်တိုင်းမ် သတင်းစာတွေ့ဆုံမေးမြန်းမှုတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က ကမ္ဘာ့နိုင်ငံရေးနှင့် ဒေသတွင်းနိုင်ငံရေးများအကြောင်း ၎င်း၏ အတွေးအမြင်များကို ဖော်ပြခဲ့သည်။

ဥရောပနှင့် အမေရိကန်တို့တွင် လွတ်လပ်စွာ တွေးခေါ်ခွင့်ပြုသော နိုင်ငံရေးဝါဒသည် ခေတ်နောက်ကျသော ဝါဒဖြစ်လာပြီး လူထုအကျိုးကို ရည်သန်သည့်ဝါဒ ပိုမိုအားကောင်းလာရန် အားပေးရန်လိုကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောသည်။ ထို့အပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အား မဲဆွယ်ရာတွင် ပါရမီရှိသူတစ်ဦးအဖြစ် ပူတင်က ဖော်ပြလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယခုလို ရုရှားသမ္မတ ပူတင်နှင့် အတူတကွရှိနေခြင်းသည် အကြီးအကျယ် ဂုဏ်ယူစရာကောင်းသော ကိစ္စတစ်ခုဖြစ်ကြောင်း ဂျီ-၂၀ အစည်းအဝေးအစမှာတင် ပြောကြားခဲ့သည်။ မိမိတို့သည် အလွန့်အလွန်ကောင်းသော ဆက်ဆံရေးရှိကြောင်းလည်း အမေရိကန်သမ္မတ ထရမ့်ကပြောကြားလိုက်သည်။

**အေအက်ဖ်ပီ၊ ဘီဘီစီ**

# ဂျီ-၂၀ ထိပ်သီးအစည်းအဝေးအတွင်း သဘောတူညီမှုများ ရှာဖွေမည်ဟု အာဘေးပြော

**အိုဆာကာ ဇွန် ၂၈**

ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲတွင် ပါဝင်သည့် နိုင်ငံများကြား ဘုံသဘောတူညီချက်ရရှိနိုင်ရေး ကြိုးပမ်းသွားမည်ဟု ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မကြာသေးမီက ထုတ်ဖော်ပြောကြားလိုက်သည်။

ဇွန် ၂၈ ရက်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ဂျီ-၂၀ ထိပ်သီးအစည်းအဝေး ကျင်းပနေပြီဖြစ်သည်။ လူများသည် နိုင်ငံတကာ အသိုက်အဝန်းများကြား ကွဲပြားမှုများအပေါ် အာရုံစိုက်ကြသော်လည်း ဂျပန်နိုင်ငံသည် အိမ်ရှင်နိုင်ငံအနေဖြင့် နိုင်ငံများကြား တူညီသည့်အရာများ၊ သဘောတူနိုင်သည့် အရာများအပေါ် အာရုံစိုက်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောသည်။

လွတ်လပ်သည့် ကုန်သွယ်မှုလှုံ့ဆော်ရန်၊ တီထွင်မှုမှ ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ဦးဆောင်ရန်၊ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းများချမှတ်ရန်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကိစ္စများတွင် ထောက်ပံ့ကူညီရန်နှင့် အမျိုးသမီးများ၏ စွမ်းဆောင်မှု ကျယ်ပြန့်လာစေရန် စသည့်ကဏ္ဍများတွင် ယခုအစည်းအဝေးမှ အရေးပါသည့် သတင်းစကားများ ထုတ်ပြန်နိုင်မည်ဟု မျှော်လင့်ကြောင်း အာဘေးက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# အီတလီ၏ ဒုက္ခသည်ဆန့်ကျင်ရေးမူဝါဒကို စိန်ခေါ်လာသည့် ကယ်ဆယ်ရေးသင်္ဘော

ချူးစန္ဒီမွေး

**အီတလီအစိုးရဟာ ရွှေ့ပြောင်းဒုက္ခသည်အရေးနဲ့ပတ်သက်ပြီး သဘောထား မပျော့ပျောင်းပါဘူး။ အစိုးရဟာ အီတလီနိုင်ငံရဲ့ လူဝင်မှုကြီးကြပ်ရေးမူဝါဒကိုလည်း တင်းကျပ်ထားပါတယ်။ ဒီလိုမျိုး အခြေအနေတွေကြားထဲမှာ ဒုက္ခသည် ၄၂ ယောက်ကို တင်ဆောင်လာတဲ့ သင်္ဘောဟာ အီတလီရေပိုင်နက်ထဲကို ရောက်လာပါတယ်။ ဒီဖြစ်ရပ်ကြောင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒတွေကို တင်းတင်းကျပ်ကျပ် ချမှတ်ထားတဲ့ အီတလီအစိုးရနဲ့ လူ့အခွင့်အရေးအုပ်စုတွေအကြား မပြေလည်မှုကို ပိုမိုအားကောင်းလာစေပါတယ်။ ဒုက္ခသည် ၄၂ ယောက်ကို တင်ဆောင်လာတဲ့ သင်္ဘောကတော့ Sea Watch 3 ဆိုတဲ့ သင်္ဘောပဲဖြစ်ပါတယ်။ ဂျာမနီက အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းပိုင်သင်္ဘောလည်း ဖြစ်ပါတယ်။**



ဒုက္ခသည်များကို တင်ဆောင်လာသည့် Sea Watch 3 သင်္ဘောကို တွေ့ရစဉ်။

**အီတလီရေပိုင်နက်ထဲရောက်ရှိ**

ဒီသင်္ဘောဟာ ပင်လယ်ထဲမှာ တဝဲလည်လည် ဖြစ်နေတာ နှစ်ပတ်လောက်ရှိပါပြီ။ လုံခြုံစွာ ကမ်းကပ်နိုင်ပြီး ဒုက္ခသည်တွေ ကုန်းပေါ်တက်နိုင်ရေးအတွက် ညွှန်ကြားချက်တွေကို စောင့်ဆိုင်းရင်း နှစ်ပတ်လောက်ကြာသွားတာပါ။ သင်္ဘောပေါ်ပါလာတဲ့ ဒုက္ခသည်တွေကတော့ လစ်ဗျားနိုင်ငံက ထွက်ခွာလာပြီး အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်အရောက်မှာ Sea Watch 3 သင်္ဘောနဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီနောက် ဇူလိုင် ၂၆ ရက် ညနေပိုင်းမှာ အီတလီနိုင်ငံ ရေပိုင်နက်ထဲကို ရောက်ရှိလာခဲ့ပါတယ်။ အီတလီနိုင်ငံရဲ့ ဥပဒေသစ်အရ အာဏာပိုင်တွေရဲ့ ခွင့်ပြုချက်မရဘဲ အီတလီဆိပ်ကမ်းကို သင်္ဘောဝင်ရောက်လို့ မရပါဘူး။ သင်္ဘောကမ်းကပ်ခွင့်ကို ပိတ်ပင်ထားပါတယ်။ Sea Watch 3 သင်္ဘောရေယာဉ်မှူးကတော့ အရေးပေါ်အခြေအနေကြောင့် ရှေ့ဆက်တိုးဖို့ ဆုံးဖြတ်ခဲ့ရပါတယ်။

**အရေးပေါ်အခြေအနေဟု ပြောကြား**

အရေးပေါ်အခြေအနေကြောင့် အီတလီရေပိုင်နက်ထဲကို ဝင်ရောက်ခဲ့ရတာ ဖြစ်ပါတယ်လို့ ရေယာဉ်မှူးကြီး ကာရိုလာရက်ကီတီက ပြောပါတယ်။ လမ်ပီဒူဆာက ဆိပ်ကမ်း အာဏာပိုင်အဖွဲ့ကို ရေဒီယိုကနေတစ်ဆင့် ဆက်သွယ်ပြီး သတင်းပို့ခဲ့ပါတယ်။ "ကျွန်တော့်အတွက်တော့ ဒီလုပ်ရပ်ဟာ အန္တရာယ်များလှပါတယ်။ သင်္ဘောပေါ်ပါလာတဲ့ ဒုက္ခသည် ၄၂ ယောက်ဟာလည်း ပင်ပန်းနွမ်းနယ်နေပါပြီ။ သူတို့ကို လုံခြုံစိတ်ချစွာ ပို့ဆောင်ပေးနိုင်ခဲ့တယ်" လို့ သူကဆက်ပြောပါတယ်။

**လူအချို့ကို ကုန်းပေါ်တက်ခွင့်ပေး**

အီတလီအစိုးရကတော့ ဒုက္ခသည်တွေအတွက် သူတို့ရဲ့ရေပိုင်နက်ကို ဖွင့်ပေးမှာ မဟုတ်ဘူးလို့ ထပ်ခါထပ်ခါ ပြောခဲ့ပါတယ်။ Sea Watch 3 သင်္ဘောဟာ လစ်ဗျားက ထွက်ခွာလာတဲ့ ဒုက္ခသည်တွေကို စတင်ကယ်ဆယ်ခဲ့တဲ့ ဇွန် ၁၂ ရက်မှာတော့ ဒုက္ခသည်စုစုပေါင်းဟာ ၅၃ ယောက် ရှိခဲ့ပါတယ်။ အဲဒီနောက် သုံးရက်အကြာမှာတော့ အီတလီအစိုးရဟာ ကလေးတွေနဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၀ ဦးခန့်ကို ကျန်းမာရေးစောင့်ရှောက်ပေးဖို့အတွက် ကုန်းပေါ်တက်ခွင့်ပေးခဲ့ပါတယ်။ အဲဒီနောက် နောက်ထပ်ဒုက္ခသည်တစ်ဦးဟာလည်း ကျန်းမာရေးအခြေအနေမကောင်းလို့ ကုန်းပေါ်တက်ခွင့် ရသွားပါတယ်။ Sea Watch 3 သင်္ဘောရေယာဉ်မှူးရဲ့ လုပ်ရပ်ကြောင့် အီတလီပြည်ထဲရေးဝန်ကြီး မက်တီရိုဆယ်ဗေနီ ဒေါသထွက်ရပါတယ်။ အီတလီပြည်ထဲရေးဝန်ကြီးဟာ ရွှေ့ပြောင်းဒုက္ခသည်တွေကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သူလည်း ဖြစ်ပါတယ်။ နိုင်ငံခြားအန်ဂျီအိုတွေဟာ အီတလီနိုင်ငံရဲ့ဥပဒေကို မလိုက်နာတာကို ခွင့်ပြုမပေးနိုင်ဘူးလို့ အီတလီပြည်ထဲရေးဝန်ကြီးက ပြောပါတယ်။

**သံတမန်ရေးရာအရ ဆွေးနွေး**

ဒါတင်မကသေးပါဘူး။ အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီကလည်း Sea Watch 3 သင်္ဘောရေယာဉ်မှူးရဲ့လုပ်ရပ်နဲ့ ပတ်သက်ပြီး ဝေဖန်ပြောကြားခဲ့ပါတယ်။ ဂျီ-၂၀ ထိပ်သီးအစည်းအဝေး တက်ရောက်ဖို့အတွက် ဂျပန်နိုင်ငံ အိုဆာကာမြို့ကို ရောက်ရှိစဉ် သတင်းထောက်တွေကို ပြောကြားခဲ့တာပါ။ Sea Watch 3 သင်္ဘောမှာ ဒတ်ချ်အလံလွှင့်ထူထားပြီး အခုဆိုရင် ဒတ်ချ်အစိုးရနဲ့ သံတမန်ရေးရာအရ ဆွေးနွေးမှုတွေ ပြုလုပ်နေတယ်လို့ အီတလီဝန်ကြီးချုပ်က ပြောပါတယ်။ ကုန်းပေါ်တက်ဖို့ ခွင့်ပြုချက်ရရေး စောင့်ဆိုင်းနေကြတဲ့ ဒုက္ခသည်တွေအကြောင်းကို အီတလီ သတင်းစာတွေမှာလည်း ဖော်ပြခဲ့ကြပါတယ်။ နောက်ပြီး လှေငယ်လေးတွေနဲ့ ထွက်ခွာလာကြတဲ့ဒုက္ခသည် ၃၀၀ ခန့်ဟာလည်း လွန်ခဲ့တဲ့ နှစ်ပတ်အတွင်းမှာ အီတလီနိုင်ငံ တောင်ပိုင်းကို ရောက်ရှိလာကြပါတယ်။

**ဒဏ်ငွေချမှတ်နိုင်**

အီတလီပြည်ထဲရေးဝန်ကြီးအသစ် ပြင်ဆင်ထားတဲ့ ဥပဒေအသစ်အရ ဒုက္ခသည်တွေကို တင်ဆောင်လာတဲ့ ကယ်ဆယ်ရေးလှေတွေ၊ သင်္ဘောတွေဟာ အီတလီအစိုးရရဲ့ ခွင့်ပြုချက်မရဘဲ အတင်းဝင်ရောက်လာမယ်ဆိုရင် လှေကို သိမ်းရုံသာမကပါဘူး။ ယူရို ၅၀၀၀၀ အထိ ဒဏ်ငွေချမှတ်နိုင်ပါတယ်။

**ကမ်းကပ်ခွင့်ပေးရေး တောင်းဆို**

အခုဆိုရင်လည်း အီတလီအစိုးရဟာ Sea Watch 3 သင်္ဘောက အမှုထမ်းတွေကို တရားစွဲလို့ ရပါတယ်။ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူတွေကို အားပေးအားမြှောက် ကူညီတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ တရားစွဲသွားလို့ ရပါတယ်။ ဇူလိုင် ၂၆ ရက်က အီတလီရဲ့အရာရှိတွေဟာ Sea Watch 3 သင်္ဘောကအမှုထမ်းတွေကို စစ်ဆေးခဲ့ပါတယ်။ အီတလီအစိုးရက ဒုက္ခသည်တွေ အရေးနဲ့ ပတ်သက်ပြီး သဘောထားတင်းမာပေမယ့် ဒါကိုပဲ ကန့်ကွက်ကြသူတွေလည်း ရှိပါတယ်။ လမ်ပီဒူဆာကျွန်းက ဘုန်းတော်ကြီး ရိုဗ်ကာမီလိုလာမာဂရာနဲ့ တချို့ဒေသခံတွေဟာ စုဝေးဆန္ဒပြခဲ့ကြပါတယ်။ ဒုက္ခသည်တွေကို တင်ဆောင်လာတဲ့သင်္ဘောကို ကမ်းကပ်ခွင့်ပေးဖို့ တောင်းဆိုခဲ့ကြတာပါ။

**အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရ**

Sea Watch 3 သင်္ဘောက အမှုထမ်းတစ်ဦးဖြစ်တဲ့ ဟိုင်ဒီဆာဒခ်ကတော့ သင်္ဘောပေါ်က ဒုက္ခသည်တွေအားလုံးဟာ အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ကြရသူတွေ၊ အများစုကတော့ ဆိုးဆိုးရွားရွား ညှဉ်းပန်းနှိပ်စက်ခံရသူတွေလို့ ပြောပါတယ်။ ပင်လယ်ပြင်မှာတွေ့ရတဲ့ ဘယ်သူ့ကိုမဆို ဥပဒေအရ လုံခြုံစိတ်ချရတဲ့နေရာကို ပို့ဆောင်ပေးရမယ်လို့ သူက ဆက်ပြောပါတယ်။ Sea Watch 3 က ဒုက္ခသည်တွေကို တင်ဆောင်ပြီးတဲ့အခါမှာ လစ်ဗျားကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ဒီလူတွေကို လစ်ဗျားကို ပြန်ပို့မှာလားလို့ မေးမြန်းခဲ့ပါတယ်။ ထရီပိုလီမြို့က ဆိပ်ကမ်းဆီ ပြန်ပို့ပေးမလားဆိုပြီး မေးခဲ့တာပါ။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေကတော့ လစ်ဗျားနိုင်ငံမှာ လုံခြုံစိတ်ချမှုရရှိမှာ မဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။

**ထပ်မံစောင့်ဆိုင်းဖို့ မဖြစ်နိုင်**

ဥရောပလူ့အခွင့်အရေးဆိုင်ရာ ခုံရုံးကလည်း ဒုက္ခသည်တွေ တင်ဆောင်လာတဲ့သင်္ဘော အီတလီမှာ ကမ်းကပ်ခွင့်ရရေး တောင်းဆိုမှုကို အခုသီတင်းပတ်အတွင်းမှာပဲ ပယ်ချခဲ့ပါတယ်။ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းမှာတော့ သင်္ဘောကမ်းကပ်ခွင့်ရရေး ဥရောပသမဂ္ဂကို ထပ်မံခွင့်တောင်းခဲ့ပြန်ပါတယ်။ အဲဒီနောက်မှာတော့ သင်္ဘောပေါ်မှာပါလာတဲ့ ဒုက္ခသည်တွေရဲ့အခြေအနေဟာ ဒီထက်ပိုပြီး စောင့်ဆိုင်းဖို့ မဖြစ်နိုင်တော့တာကြောင့် အီတလီရေပိုင်နက်အတွင်း အတင်းဝင်ရောက်ခဲ့ရတာပါလို့ ကယ်ဆယ်ရေးအဖွဲ့အစည်းက တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။

**တင်းတင်းကျပ်ကျပ်ကိုင်တွယ်ဖို့လို**

အရေးပေါ်အခြေအနေလို့ ပြောကြားပြီး အီတလီရေပိုင်နက်ထဲ ဝင်ရောက်ခဲ့တာဖြစ်လို့ ဒါဟာ အီတလီအစိုးရရဲ့ လူဝင်မှုကြီးကြပ်ရေးဥပဒေကို လက်တစ်လုံးခြား အသုံးချသွားတာပါလို့ စစ္စလီမြို့အခြေစိုက် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အထူးကျွမ်းကျင်သူ နီကိုလိုကန်စီယိုက ပြောပါတယ်။ "နိုင်ငံတစ်နိုင်ငံဟာ ပင်လယ်ပြင်မှာ လူတွေသေဆုံးမှာကို ထိုင်ကြည့်နေလို့ မရပါဘူး။ ဒါကြောင့် အရေးပေါ်အခြေအနေဆိုရင် စည်းမျဉ်းတွေလည်း ပြောင်းလဲသွားပါတယ်" လို့ သူက ဆက်ပြောပါတယ်။ ဒါပေမယ့် အီတလီနိုင်ငံကတော့ ကယ်ဆယ်ရေးသင်္ဘောတွေ ကမ်းကပ်တာကို မလိုချင်တဲ့အတွက် တင်းတင်းကျပ်ကျပ်ကိုင်တွယ်ဖို့ လိုတယ်လို့ သူက ဆက်ပြောပါတယ်။

**ရှေ့ဆက်ဘာဖြစ်မယ်မသိနိုင်**

လာမယ့်သီတင်းပတ်အတွင်း ဘာတွေဆက်ဖြစ်မယ်ဆိုတာကိုတော့ ဘယ်သူမှမသိနိုင်ပါဘူး။ Sea Watch 3 သင်္ဘောက အမှုထမ်းတွေ ဒဏ်ရိုက်ခံရတာတွေ၊ တရားစွဲဆိုခံရတာမျိုးတွေလည်း ဖြစ်လာနိုင်ပါတယ်။ ဥရောပကော်မရှင်ကတော့ အီတလီအစိုးရကို ဥရောပစည်းမျဉ်းတွေအတိုင်း လျင်မြန်စွာ လုပ်ဆောင်သွားဖို့ တောင်းဆိုထားပါတယ်။ ဒီဒုက္ခသည်တွေအတွက် ဘာလုပ်ပေးရမလဲဆိုတာ အဖြေရှာဖို့ လူတွေကို သင်္ဘောပေါ်မှာ ဆက်မထားဘဲ ကုန်းပေါ်ကို အရင်ရွှေ့သင့်တယ်လို့ ဒုက္ခသည်များဆိုင်ရာ ဥရောပမဟာမင်းကြီးက ပြောကြားခဲ့ပါတယ်။ ဒီလူတွေအတွက် အမြန်ဆုံး အဖြေရှာပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ကြောင်းလည်း ၎င်းက ဆက်ပြောပါတယ်။

**စိန်ခေါ်မှုတစ်ရပ်ဖြစ်လာ**

အီတလီမှာလည်း အစိုးရသစ် တက်ပြီးချိန်ကစလို့ လူဝင်မှုကြီးကြပ်ရေးကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်ခဲ့ပါတယ်။ အခုသင်္ဘောပေါ်မှာ ပါလာတဲ့ဒုက္ခသည် ၄၂ ယောက်အတွက် ဘယ်လိုဖြေရှင်းပေးမလဲဆိုတဲ့ အချက်ဟာ အီတလီရဲ့ ဒုက္ခသည်တွေကို ဆန့်ကျင်တဲ့မူဝါဒမှာ စိန်ခေါ်မှုတစ်ရပ် ဖြစ်လာခဲ့ပါတယ်။ ။

**ကိုးကား- နယူးယောက်တိုင်းမ်၊ ဆင်ဟွာ**

# နိုင်ငံတကာသတင်းတိုထွာ

## စစ်ပွဲများကို ဆန့်ကျင်ပြီး ငြိမ်းချမ်းရေးကိုသာ လိုလားဟု တရုတ်သမ္မတ ပြောကြား

**အိုဆာကာ ဇွန် ၂၈**

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပသည့် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံ ၂၀ မှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲ (ဂျီ-၂၀) အစည်းအဝေးမတိုင်မီ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်တို့ ဇွန် ၂၈ ရက်က တွေ့ဆုံခဲ့ကြောင်း သိရသည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်က ပင်လယ်ကွေ့ဒေသသည် ယခုအခါ စစ်နှင့်ငြိမ်းချမ်းရေးအတွက် အလွန်အရေးကြီးသော နေရာဖြစ်လာပြီး လုံးဝဆတ်ဆတ်ထိမခံသော အခြေအနေတွင်ရှိကြောင်း ပြောခဲ့သည်။

ထို့အပြင် ရှီကျင့်ဖျင်က တရုတ်နိုင်ငံသည် ငြိမ်းချမ်းရေးကိုသာ လိုလားရပ်တည်ကြောင်း၊ စစ်ပွဲဖြစ်ပွားမှုကို ဆန့်ကျင်သွားမည်ဖြစ်ကြောင်းကိုလည်း ကုလသမဂ္ဂအဖွဲ့ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ကို ပြောခဲ့သည်။ **ဆင်ဟွာ**

## ဂျီ-၂၀ အစည်းအဝေးတွင် အမေရိကန်နှင့် ဂျပန် နှစ်နိုင်ငံကုန်သွယ်ရေးအကျိုးဖြစ်ထွန်းရန် သဘောတူ

**အိုဆာကာ ဇွန် ၂၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးအကျိုးဖြစ်ထွန်းမှုကို ဆောင်ကြဉ်းရန် သဘောတူခဲ့ကြသည်။ ထို့အတူ နှစ်နိုင်ငံခေါင်းဆောင်များသည် မြောက်ကိုရီးယားနှင့် အီရန်အရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် ဇွန် ၂၈ ရက်တွင် အိုဆာကာ၌ကျင်းပသော စက်မှုထိပ်သီးနိုင်ငံများ (ဂျီ-၂၀) အစည်းအဝေး၏ သီးသန့်ဆွေးနွေးပွဲတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လွန်ခဲ့သောလက ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ၎င်း၏ခရီးစဉ်ကို ရည်ညွှန်းလျက် အဆိုပါခရီးစဉ်သည် အလွန်ဂုဏ်ယူစရာကောင်းသော ခရီးစဉ်အဖြစ် ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတထရမ့်က ခေါင်းဆောင်နှစ်ဦးတို့သည် ကုန်သွယ်ရေး၊ စစ်ရေးနှင့် ဂျပန်နိုင်ငံကဝယ်ယူမည့် စစ်လက်နက်ပစ္စည်းများအကြောင်း ဆွေးနွေးကြသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အာဘေးနှင့်အလွန်အောင်မြင်သော အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့ကြောင်းနှင့် ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူစာချုပ်များ မကြာမီ ကြေညာနိုင်ရန် အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ပုသိမ်၌ ကျန်းမာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်ကျင်းပ

**ပုသိမ် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန Pyi Gyi Khin နှင့် Community Partners တို့ ပူးပေါင်းပြုလုပ်သော လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု ကျန်းမာရေးဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများ ဖိုရမ်ကို ပုသိမ်မြို့ပုသိမ်ဟိုတယ်ခန်းမ၌ ယမန်နေ့က ကျင်းပသည်။

ဖိုရမ်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်က ၂၀၁၇ - ၂၀၂၁ ခုနှစ် လူတိုင်းလက်လှမ်းမီရေး ကျန်းမာရေးစီမံချက်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

အဆိုပါဖိုရမ်ကို နှစ်ရက်တာပြုလုပ်သွားမည်ဖြစ်ကာ တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များ တက်ရောက်သည်။

ကျန်းမာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများမှ လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုကို နားလည်စေရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သော အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇- ၂၀၂၀ တွင် အရပ်ဘက်အဖွဲ့အစည်းများမှအဓိပ္ပာယ်ရှိစွာ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ရန်၊ ကျန်းမာရေးဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများကွန်ရက် ဖွဲ့စည်းခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများဆွေးနွေးရန် အတွက် ဖိုရမ်ကိုရည်ရွယ်ပြီး ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထွန်းဇော်**



ကျန်းမာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများဖိုရမ် ကျင်းပစဉ်။

# လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနိုင်ရန် ဆွေးနွေး

**ပဲခူး ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ သင်ကြားပေးနိုင်ရန် Japan-Myanmar Center လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဗဟိုဌာနမှ ဒါရိုက်တာ ဒေါက်တာမျိုးသက်နှင့် ကိုယ်စားလှယ်များက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ယနေ့နံနက်က လာရောက်တွေ့ဆုံသည်။

ဒေါက်တာမျိုးသက်က မိမိတို့အဖွဲ့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ဂျပန်-မြန်မာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ထောင် ထားသည့် မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာနတစ်ခု ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် စီးပွားရေးနှင့် သက်ဆိုင်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်းများ၊ ဌာနဆိုင်ရာများအတွက် အုပ်ချုပ်ရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်းများ ပို့ချပေးနိုင်ရန် လာရောက်တွေ့ဆုံရခြင်းဖြစ်ပြီး၊ ယနေ့ခေတ်ကာလသည် လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်ပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်မှသာ အနာဂတ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်းနှင့် ဝန်ကြီးချုပ်၏ ညွှန်ကြားချက်များနှင့်အညီ ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ယမန်နေ့က ဝန်ကြီးဌာနအသစ်ဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနကို ဖွဲ့စည်းရန် ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်၍ ယင်းဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ပညာရေးနှင့်ပြုစုပျိုးထောင်မှုများ ဆောင်ရွက်နေသလို တစ်ပြိုင်တည်း အုပ်ချုပ်ရေးအပိုင်းကိုလည်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူနှင့် အစိုးရကြား ချိတ်ဆက်ပေးမည့် အရပ်ဘက်အဖွဲ့အစည်းများ အားကောင်းလာလေလေ ပြည်သူအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် တိုင်းဒေသကြီးအတွင်း လာရောက်ဆောင်ရွက်ပေးမည်ကို သိရ သဖြင့် မိမိတို့အစိုးရမှ ဦးဆောင်လျက်ရှိသော ဒီမိုကရေစီအုပ်ချုပ်ရေးလုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာမည်ဖြစ်ပြီး ပြည်သူအတွက်လည်း အလွန်အကျိုးရှိနိုင်မည်ဖြစ်၍ ကြိုဆိုကြောင်းနှင့် ယခုလို တိုင်းပြည်အနာဂတ်အတွက် ရေရှည်အကျိုးမျှော်ကိုးဆောင်ရွက်မှုအပေါ် လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် Japan-Myanmar Center လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဗဟိုဌာနမှ အဖွဲ့တို့ ဆွေးနွေးစဉ်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ JMC မှ ဒါရိုက်တာနှင့် အကြံပေးအရာရှိချုပ် မစ္စတာ ကူနီဟီရိုယာမာအူချီနှင့် မန်နေဂျာ ဒေါက်တာသန်းသန်းအောင်တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

# နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ရှင်းလင်းပွဲ ကျင်းပ

**မုံရွာ ဇွန် ၂၈**

နိုင်ငံတစ်ဝန်းမှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့က မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်က နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးက မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်၏ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခြင်း၊ မုံရွာမြို့နယ်တရားသူကြီး ဒေါ်စုနန္ဒာစိုးက မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ ဆောင်ရွက်မည့် နည်းစနစ်များကို ရှင်းလင်းတင်ပြခြင်းနှင့် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**မုံရွာ (ကိုယ်ပွား)**

# မြစ်ကြီးနားမြို့တွင်းလမ်းများ၏ လမ်းဘေးဝဲ/ယာတွင် အရိပ်ရပင်များ စုပေါင်းစိုက်ပျိုး

**မြစ်ကြီးနား ဇွန် ၂၈**

ကမ္ဘာ့သစ်ပင်စိုက်ပျိုးပွဲတော်နေ့ အထိမ်းအမှတ်အဖြစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ စီမံမှုဖြင့် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်၍ ယမန်နေ့က မြစ်ကြီးနားမြို့တွင်းရှိ လမ်းမများ၏ လမ်းဘေး ဝဲ/ယာများတွင် အရိပ်ရသစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အရိပ်ရသစ်ပင်များ စုပေါင်းစိုက်ပျိုးခြင်းကို သခင်နက်ဖေလမ်းတစ်လျှောက် မြစ်ကြီးနားဘူတာတိုက်တန်းရှေ့၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများက အရိပ်ရသစ်ပင် ၂၇ မျိုးကို စုပေါင်းစိုက်ပျိုးပေးကြသည်။

အလားတူပင် ဈေးကြီးလမ်း၊ ရွှေတောင်လမ်း၊ အောင်ဆန်းလမ်း၊ ရုံးကြီးလမ်း၊ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်နှင့် ကမ်းနားလမ်းတစ်လျှောက်တို့တွင် ရပ်ကွက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ချယ်ရီ၊ ငုဝါ၊ ပိတောက်၊ စိန်ပန်းပြာ၊ ကံ့ကော်၊ အာဆီယံသပြေ စသည့် အရိပ်ရပင် ၆၄၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၉ ခုနှစ် မိုးရာသီအတွင်း အရိပ်ရပင် အမျိုးအစား ၂၇ မျိုးဖြင့် စုစုပေါင်း ၁၃၀၀၀ ကျော်ကို ဆက်လက်စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် အရိပ်ရသစ်ပင် စိုက်ပျိုးပေးနေစဉ်။



ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု အမှာစကားပြောကြားစဉ်။

# စစ်တွေတက္ကသိုလ်၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး

**စစ်တွေ ဇွန် ၂၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် ဇွန် ၂၅ ရက်က စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ တက္ကသိုလ်ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ တက္ကသိုလ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်က ပညာရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် တက္ကသိုလ်၏ သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်နေရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယခုတွေ့ဆုံပွဲတွင် တက္ကသိုလ်၏ လိုအပ်ချက်များကို ဆရာ ဆရာမများ အနေဖြင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုကြောင်း၊ အမြင်ချင်းဖလှယ်၍ ပူးပေါင်း ဆောင်ရွက်သွားမည်ဆိုပါက တိုးတက်မှုများ ပိုမိုရရှိလာမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်က စစ်တွေတက္ကသိုလ်၏ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တက္ကသိုလ်မှ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများက သင်ထောက်ကူပစ္စည်းများ လိုအပ်မှု၊ လုံခြုံရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးစသည့် တက္ကသိုလ်၏လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဖြေရှင်းဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ချက်ချင်းဆောင်ရွက်၍ မရသည်များကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် စစ်တွေတက္ကသိုလ်ဝင်းအတွင်း သုံးထပ်စာသင်ဆောင်သစ်ဆောက်လုပ်နေမှု၊ စစ်တွေလေဆိပ်ခြံစည်းရိုးကာရံထားရှိမှုနှင့် လေဆိပ်ရှောင်ကွင်းလမ်းသစ်ဖောက်လုပ်ပေးနိုင်ရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ဟန်မင်း**

# ချင်းပြည်နယ်တွင် လယ်ယာသုံးထွန်စက်များဝယ်ယူနိုင်ရေး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် JICA တို့မှ ကူညီမည်

**ဟားခါး ဇွန် ၂၈**

ချင်းပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများအား စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် စိုက်ပျိုးရေးသုံးစက်ပစ္စည်းများ ဝယ်ယူလိုသူတို့ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် JICA တို့ ပူးပေါင်းမှုဖြင့် လူတစ်ဦးလျှင် ချေးငွေကျပ်သိန်း ၅၀၀ အထိ ချေးယူနိုင်မည့်အစီအစဉ်ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ ထုတ်ချေးမှုပြုလုပ်ရာတွင် ဝယ်ယူသူနှင့် ချေးငွေပေးမည့်ဘဏ်တို့အကြား ဆောင်ရွက်ရမည့် လုပ်ငန်းများကို တိတိကျကျနှင့် အမှားအယွင်းမရှိစေရေးအတွက် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်မန်နေဂျာအားလုံးကို ဇွန် ၂၄ ရက်မှ ၂၇ ရက်အထိ လေးရက်ကြာ သင်တန်းပို့ချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ချေးငွေက JICA Two Step Loan ချေးငွေလို့ ခေါ်ပါတယ်။ ချင်းတောင်ဒေသအတွင်းမှာရှိတဲ့ တောင်သူတွေအတွက် စိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးထုတ်ချေးပေးတဲ့ နှစ်တိုချေးငွေနဲ့ နှစ်ရှည်ချေးငွေတွေဖြစ်ပြီး လယ်ယာလုပ်ငန်းခွင်သုံး စက်ကိရိယာတွေဝယ်ယူနိုင်ဖို့ ထုတ်ချေးပေးပါတယ်။ တောင်သူတစ်ဦးကို အများဆုံး ငွေကျပ်သိန်း ၅၀၀ အထိ ချေးပေးပါတယ်။ ပြန်လည်ပေးဆပ်ချိန်မှာ ငွေအရင်း ၁၀၀ ကို အတိုးနှုန်း တစ်နှစ်ကို ၈ ရာခိုင်နှုန်းဖြစ်ပါတယ်။ သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲတွေမှာ ငွေစုစာရင်းဖွင့်လှစ်ပြီး ဝယ်ယူမယ့် စက်တန်ဖိုးရဲ့ ၃၀ ရာခိုင်နှုန်းနဲ့ ညီမျှတဲ့ စုဆောင်းငွေကို ကြိုတင်စုဆောင်းရမှာ ဖြစ်ပါတယ်” ဟု ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးကျော်လွင်က ပြောသည်။

ထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များကို နှစ်ရှည်ချေးငွေ ငါးနှစ်ငါးရစ်ဆပ်စနစ်ဖြင့်လည်းကောင်း၊ လက်တွန်းထွန်စက်နှင့် အခြားစက်များကို နှစ်တိုချေးငွေ သုံးနှစ်သုံးရစ်ဆပ်စနစ်ဖြင့်လည်းကောင်း ငွေသားကို ထုတ်ချေးပေးခြင်းမဟုတ်ဘဲ မိမိဝယ်ယူလိုသည့် စက်ကိုသာ ထုတ်ပေးသည့်ပုံစံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ စိတ်ဝင်စားသူများအနေဖြင့် နီးစပ်ရာ မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်များတွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။



ချေးငွေပေးခြင်းနှင့် ပတ်သက်၍ ချင်းပြည်နယ်အတွင်း မြို့နယ်မန်နေဂျာများကို သင်တန်းပေးစဉ်။

**သျှင်နေမင်း (ဂန့်ဂေါ)**

# ပြင်ဦးလွင်ဒေသ ဂန္ဓမာပန်းမျိုးများ ငါ့သရောက်ဒေသတွင် စိုက်ပျိုးအောင်မြင်

**ငါ့သရောက် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့ ဆည်ကျေးရွာ အမှတ် (၂) မြောက်ကုန်းရပ်တို့တွင် ပြင်ဦးလွင်ဒေသနှင့် ဟဲဟိုးဒေသမျိုးရင်း ဂန္ဓမာပန်းမျိုးများ စိုက်ပျိုးအောင်မြင်လာခြင်းကြောင့် စိုက်ပျိုးလာသည့် ပန်းစိုက်တောင်သူများလာနေပြီဖြစ်ကြောင်း အမှတ် (၂) ပျဉ်းပင်ရပ်မှ ဂန္ဓမာပန်းစိုက်တောင်သူ ဒေါ်မြင့်မြင့်စန်းက ပြောသည်။

ငါ့သရောက်မြို့သည် အပူပိုင်းရပ်ဝန်း မိုးခေါင်ရေရှားဒေသတွင်ပါဝင်ပြီး တစ်နှစ်ပတ်လုံး မိုးရေချိန် ၂၀ လက်မအောက်သာ ရွာသွန်းသည့်ဒေသဖြစ်ကာ မိုးရာသီတစ်ရာသီသာ မြေပဲ၊ နှမ်းစိုက်ပျိုးလေ့ရှိကြသည်။ ယခုအခါ မြေအောက်ရေအသုံးပြုပြီး ခရမ်းချဉ်၊ ဆလတ်ရွက်၊ ဘူး၊ ဖရုံ၊ ကန်စွန်းခင်းများပါ စိုက်ပျိုးလာခဲ့ကြပြီး ဂန္ဓမာပန်းမျိုးများပါ စမ်းသပ်စိုက်ပျိုးလာကြရာ အောင်မြင်ဖြစ်ထွန်းကြောင်း ဂန္ဓမာပန်းအမျိုးမျိုး စိုက်ပျိုးရောင်းချနေသည့် ကိုဖြိုးဝေထွန်းက ပြောသည်။

“ကျွန်တော်က စိုက်ပျိုးရေးတက္ကသိုလ်ဆင်း ကျောင်းသားတစ်ဦးပါ။ ပြင်ဦးလွင်တက်ပြီး ငါ့သရောက်ဒေသမှာ စိုက်လို့ရမယ့် ဂန္ဓမာပန်းမျိုး တက်ဝယ်တယ်။ ဂန္ဓမာပန်းရောင်းတဲ့ ပြင်ဦးလွင်က စိုက်ပျိုးရေးသမားတွေကလည်း အားလုံးရှင်းပြတယ်။ အပူပိုင်းဒေသမှာ စိုက်ပျိုးလို့ရတဲ့မျိုးတွေကို ရွေးချယ်ပေးတယ်။ ကျွန်တော် အခုဝယ်စိုက်ထားတာက ဝါ၊ ကြွေဖြူဂန္ဓမာအပွင့်ကြီးမျိုး၊ ကြွေဝါအပွင့်ကြီးမျိုး၊ ကြက်သွေးရောင်၊ ခရမ်းရောင်၊ ကိုရီးယားအဖြူ၊ ကိုရီးယားအဝါဂန္ဓမာမျိုးတွေ ဝယ်လာပြီး စိုက်ထားတာ။ ကိုရီးယားနာမည်ပါပေမယ့် ကိုရီးယားမျိုးမဟုတ်ဘဲ ပြင်ဦးလွင်ဒေသက ပန်းစိုက်တောင်သူတွေ၊ ပန်းစိုက်ပညာရှင်တွေ ပေးထားတဲ့ ဒေသထွက်ပန်းမျိုးတွေ ဖြစ်ပါတယ်” ဟု ကိုဖြိုးဝေထွန်းက ရှင်းပြသည်။

ဂန္ဓမာပန်းမျိုး ပြင်ဦးလွင်၊ ဟဲဟိုး တက်ဝယ်လျှင် ပန်းမျိုးပေါ်မူတည်ကာ တစ်ပင်ချင်းနှင့် အများဈေးဝယ်ရကြောင်း၊ တစ်ပင်လျှင် ၆ ကျပ်မှ ၁၅ ကျပ်အထိ ပန်းအမျိုးအစားပေါ်မူတည်ကာ ဝယ်ယူရကြောင်းနှင့် နွေ၊ မိုး၊ ဆောင်း စိုက်ပျိုး၍ရသည့် ဂန္ဓမာပန်းအမျိုးအစားအများကြီးရှိကြောင်း သိရသည်။ ယခုစိုက်ပျိုးထားသည့် ဂန္ဓမာပန်းမျိုးများအား မတ်လဒုတိယပတ်က စိုက်ပျိုးခဲ့ရာ ဇွန်လတွင် အဖူး၊ အပွင့်များနှင့် အပင်များ သန်မာပြီး ရောင်းတန်းလှသောကြောင့် တစ်ဆင့်ပြန်လည်ရောင်းချလိုသူများ ပန်းစိုက်ခင်းအထိ လာရောက်ဝယ်ယူကြသည်။ ရေလောင်းချိန် နံနက်၊ ညနေ နှစ်ချိန်လောင်းပေးရကြောင်း ဂန္ဓမာပန်းပင်များသည် အမြစ်အပေါ်ယံမှာသာရှိခြင်းကြောင့် ရေအစိုဓာတ်အသင့်အတင့်သာ ပက်ဖျန်းပေးခြင်းဖြင့် ရေလုံလောက်ကြောင်းသိရကာ ငါ့သရောက်ဒေသရှိ တောင်သူများ မိုးရာသီသာ စိုက်ပျိုးရေးမှီခိုလုပ်ကိုင်လာရာမှ မြေအောက်အဝီစိရေတွင်းများတူးကာ စိုက်ပျိုးရေးလုပ်ကိုင်လာကြပြီဖြစ်ကြောင်း သိရသည်။



ငါ့သရောက်မြို့နယ်၌ စိုက်ပျိုးအောင်မြင်နေသော ပြင်ဦးလွင်ဂန္ဓမာပန်းမျိုးများ။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျ ပုံမှန်ဆောင်ရွက်ရန်၊

(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊

(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊

(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဟု သံသယဖြစ်ဖွယ် တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှု အမြန်ဆောင်ရွက်ရန်၊

(၆) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်း မပြုရန်၊

(၇) တိရစ္ဆာန်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုရှိပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံ သတင်းပို့ရန်၊

(၈) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျမြေမြှုပ်ဖျက်ဆီးရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊

(၁၀) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၈-၆-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၁၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၁၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၀၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၅/၉၂၅ ကျပ် | ၉၃၀/၉၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၅/၉၃၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၁၅ ကျပ် | ၈၄၀/၈၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၀၅ ကျပ် | ၉၄၀/၉၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၂၅ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၉ ・ ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၂၀ ・ ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၇ ・ ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၂ ・ ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ ・ ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၅၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၁ ・ ၁၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၆ ・ ၅၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၃၈၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**
**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ ဒါရိုက်တာနှင့် သရုပ်ဆောင်သင်တန်း အမှတ်စဉ်(၁ / ၂၀၁၉)ဖွင့်လှစ်ပို့ချ



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ ဒါရိုက်တာနှင့် သရုပ်ဆောင်သင်တန်း အမှတ်စဉ်(၁/ ၂၀၁၉)ကို ဇွန် ၂၄ ရက်က ရန်ကုန်မြို့ဝက်ပါလမ်းရှိ ရုပ်ရှင်အစည်းအရုံး၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက "ကျွန်တော်တို့ နှစ်စဉ် သရုပ်ဆောင်သင်တန်းနဲ့ ဒါရိုက်တာ သင်တန်းတွေဟာ ရာဇဝင်နဲ့ချီပြီးတော့ အောင်မြင်ခဲ့တဲ့သူတွေလည်း ရှိခဲ့ပါတယ်။ ဒီကနေ သင်တန်းဆင်းတဲ့ ဒါရိုက်တာတွေ၊ သရုပ်ဆောင်တွေဟာ ဒီနေ့အထိ အောင်မြင်ကျော်ကြားသူတွေအနေနဲ့ ရုပ်တည်နေကြတာလည်း တွေ့ရပါတယ်။ ရှေးဦးပိုင်းက ဦးကျော်ဟိန်း၊ ဒေါ်မေသန်းနုတို့ကအစ၊ နောက် သူထူးစံ၊ ခန့်စည်သူတို့အပြင် တခြားတခြားသော သင်တန်းဆင်း သရုပ်ဆောင်တွေဟာ ဒီနေ့ မြန်မာ့ရုပ်ရှင်လောကမှာ နာမည်တစ်ခုနဲ့ ရုပ်တည်နေကြပါပြီ။ ဒါရိုက်တာသင်တန်းအနေနဲ့ကတော့ ကျွန်တော်တို့ရဲ့အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ဒါရိုက်တာ ဦးညီညီထွန်း အပါအဝင် ဦးစင်ရော်မောင်မောင်တို့လို နိုင်ငံတကာက အသိအမှတ်ပြုပြီး အောင်မြင်သူတွေအဖြစ် ရပ်တည်နေကြတာ ရှိပါတယ်။ ဒီနှစ်သင်တန်းက ကလေးတွေလည်း မြန်မာ့ရုပ်ရှင်ရဲ့ပခုံးပြောင်းတာဝန်ကို ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ တကယ်တမ်း ကြိုးစားရမှာကတော့ ကိုယ်တိုင်ကြိုးစားအားထုတ်ရပါမယ်။ အဓိကအချက်က စည်းကမ်းလိုက်နာရမှာ ဖြစ်ပါတယ်"ဟု သင်တန်းဖွင့်ပွဲတွင် ပြောကြားသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီး ဒါရိုက်တာဦးနှင်းမိုး၊ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့် သင်တန်းကြီးကြပ်မှုကော်မတီမှ ဟံသာမြေဦးဇော်မင်းတို့က အမှာစကားနှင့် သင်တန်းအတွက် လိုအပ်ချက်များကို ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ဒါရိုက်တာသင်တန်းသို့ တက်ရောက်သူ ၁၀ ဦးနှင့် သရုပ်ဆောင်သင်တန်းသို့ တက်ရောက်သူ အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး ၁၇ ဦးရှိပြီး သင်တန်းတက်ရန် စာရင်းပေးထားသူများလည်း ကျန်ရှိသေးကြောင်း၊ သင်တန်းတွင် ရုပ်ရှင်အတတ်ပညာများဖြစ်သော ဇာတ်ညွှန်း၊ သရုပ်ဆောင်၊ တည်းဖြတ်၊ အသံ၊ ကင်မရာ စသည်တို့ကို ဝါရင့် အသိပညာရှင် အတတ်ပညာရှင်ပေါင်း ၇၀ ကျော်က သင်တန်းကာလ သုံးလကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# ရှုတိုင်းယဉ် ဆင်တိုင်းလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကြီး ကျင်းပမည်




မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်၍ ဂျွန်လွင် (Star Event Production) နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်တင်ဆက်သော ရှုတိုင်းယဉ် ဆင်တိုင်းလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲကြီးကို ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့သုဝဏ္ဏ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁)၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် ရှုတိုင်းယဉ် ဆင်တိုင်းလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ၊ ဂီတဖျော်ဖြေပွဲကြီးနှင့် ပြဇာတ်အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ယခင်နှစ်များနှင့်မတူ တစ်မူထူးခြား ဆန်းသစ်သော တင်ဆက်မှုများကို ဒေါ်မြတ်မြတ်ဦးက စီစဉ်ပြီး ဒါရိုက်တာ ကိုဇော်(အရှက်ဦး)၊ ဇာတ်ညွှန်းစာရေးဆရာမ ခင်မေခနှင့် ဂျွန်လွင် (Star Event Production)တို့မှ ပံ့ပိုးကူညီ၍ တင်ဆက်သွားမည်ဖြစ်သည်။ ပြပွဲတွင် ပြသမည့် ဒီဇိုင်းနှင့် မိတ်ကပ်ပိုင်းတွင် ဒီဇိုင်နာများဖြစ်သော မျိုးမင်းစိုး၊ စုစုဝေ၊ မေမြတ်ဝါဆို၊ သျှတ္တရ၊ ယုံးယုံး၊ မိတ်ကပ်ပညာရှင် ခင်စန်းဝင်းနှင့် မေဦးမောင် (တော်ဝင်သူ) တို့က ပံ့ပိုးကူညီထားကြောင်း၊ ပြပွဲ၏ ဂီတပိုင်းဆိုင်ရာများကို နိုက်တင်ဂေး တေးဂီတအဖွဲ့က ပံ့ပိုးကူညီကြောင်း သိရသည်။

ပြပွဲအတွက် လက်မှတ်များကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌လည်းကောင်း၊ ဝေဇယန္တာလမ်းမပေါ်ရှိ Goal Hotel ဖုန်း-၀၉-၂၅၀၀၁ ၃၉၀၀ သို့လည်းကောင်း ဆက်သွယ်ဝယ်ယူနိုင်မည်ဖြစ်ပြီး လက်မှတ်ဈေးနှုန်းများမှာ နေရာအလိုက် ကျပ် ၂၀၀၀၀၊ ၁၅၀၀၀၊ ၁၀၀၀၀ နှင့် ၃၀၀၀ ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# ယခုနှစ် မိုးရာသီအကုန်မှာ ဗိုလ်ချုပ်ရုပ်ရှင်ကို စတင်ရိုက်ကူးမည်ဟု အကယ်ဒမီ လူမင်း ပြောကြား



လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ခံသမိုင်းကြောင်းကို ပြန်လည်ပုံဖော်ပြီး ရုပ်ရှင်အဖြစ် ဖန်တီးရိုက်ကူးမှုကို ယခုနှစ် မိုးကုန်သည်နှင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားတော့မည် ဖြစ်ကြောင်း သရုပ်ဆောင် အကယ်ဒမီလူမင်းက ပြောကြားသည်။

"ဗိုလ်ချုပ်ရုပ်ရှင်နဲ့ပတ်သက်ပြီး ပြင်ဆင်ရတာတွေက အလွန်ကို များပါတယ်။ တာဝန်လည်းကြီးတယ်။ ဇာတ်ကားနဲ့ပတ်သက်ပြီး ပြင်ဆင်မှုအပိုင်းတွေက ရာနှုန်းပြည့်တော့ မပြီးသေးပါဘူး။ ဒီနှစ်မိုးတွင်းအကုန်လောက်မှာတော့ မဖြစ်ဖြစ်အောင် စရိုက်နိုင်ဖို့ အသည်းအသန် ကြိုးစားနေပါတယ်။ အမေစုကတော့ ရုပ်ရှင်နဲ့ပတ်သက်ပြီး ဘယ်အချိန်ပြီးရမယ်။ ဘယ်တော့ရုံတင်ချင်တယ်။ ဘယ်အပိုင်းတွေကို မပါပါအောင် ထည့်ရမယ်ဆိုတာမျိုးတွေ တစ်ခုမှ မပြောပါဘူး။ အနုပညာဖန်တီးခွင့်ကို လွတ်လွတ်လပ်လပ် ရာနှုန်းပြည့်ပေးထားပါတယ်။ လိုအပ်တာတွေကိုလည်း အကြံပေးတယ်။ တချို့စာအုပ်တွေထဲမှာ မတွေ့ရတဲ့ ကိုယ်တွေ့အချက်အလက်တွေကိုလည်းပြောပြ အကြံဉာဏ်ပေးတာမျိုးတွေ ရှိပါတယ်"ဟု လူမင်းက ပြောသည်။

**ကိုလင်း**

# စိန်ဂေါ်လီမ ယောက်ျား ဟာသရုပ်ရှင်ကားကြီး စတင် ရုံတင်ပြသ

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်၍ ဒါရိုက်တာ ကိုဇော် (အရှက်ဦး)ရိုက်ကူးပြီး သရုပ်ဆောင် အကယ်ဒမီပြေတီဦး၊ ခင်လှိုင်၊ ညီထွဋ်ခေါင်၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ တက္ကသိုလ်ဂွမ်းပုံနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသည့် စိန်ဂေါ်လီမယောက်ျား ရုပ်ရှင်ဇာတ်ကားကြီးကို ဇွန် ၂၇ ရက်က စတင်ရုံတင်ပြသနေပြီဖြစ်သည်။

ဇာတ်ကားနှင့်ပတ်သက်၍ အကယ်ဒမီ စိုးမြတ်သူဇာက "ဒီဇာတ်ကားရိုက်ဖို့ မခိုင်လေးက စပြောခဲ့တာပေါ့နော်၊ မကြီးစိုးတို့ မခိုင်လေးနဲ့ မဂွမ်းတို့ဆိုတာက တစ်ယောက်နဲ့တစ်ယောက် အပေးအယူမျှတယ်လို့ ပြောလို့ရတယ်။ တစ်ယောက်က ဘာလုပ်မယ်ဆိုရင် နောက်တစ်ယောက်က ဘာလုပ်ရမယ်ဆိုတာ အော်တို သိကြတယ်ဆိုတော့ အချင်းချင်း ပျော်ဖို့လည်းကောင်းပါတယ်။ တရုန်းရုန်း တဝုန်းဝုန်းနဲ့ အဲဒီတိုက်ခန်းကျဉ်းလေးထဲမှာ ကားက ဘယ်လိုပြီးလို့ ပြီးသွားမှန်းတောင် မသိပါဘူး။ ဟာသလုပ်ရတာ တကယ်ခက်ပါတယ်။ အဲဒါကြောင့် မကြီးကတော့ ဟာသလုပ်တဲ့ အနုပညာရှင်တွေကို ချစ်တယ်၊ လူရွှင်တော်တွေဆိုလည်း အကုန်ချစ်တယ်။ ငိုတာက လိုက်ငိုအောင်လုပ်ဖို့ လွယ်တယ်။ ရယ်စရာလုပ်ပြပြီး လိုက်ရယ်ဖို့ဆိုတာ သိပ်မလွယ်လှဘူး"ဟု ပြောသည်။

အကယ်ဒမီ ခိုင်သင်းကြည်ကလည်း "ဒီကားမှာ မခိုင်လေးကတော့ တည်ငြိမ်သူ စိန်ယဉ်ကျေးပေါ့၊ မဂွမ်းကတော့ အိန္ဒြေရှင် စိန်သံသာယဉ်ကျေးပေါ့။ နောက်တော့ မခိုင်လေးက စိန်ဂေါ်လီမလို့ နာမည်ပြောင်းလိုက်တယ်။ ဒါကို အားကျမခံ မဂွမ်းကလည်း သံဂေါ်လီမလို့ ပြောင်းလိုက်တယ်။ ရွာမှာ သူများတွေကို နှိပ်စက်တယ်၊ စတယ်၊ နောက်တယ်၊ ရွာကနေ မြို့ပေါ်ရောက်လည်း ဒီလိုပဲ ထပ်ပြီး အမွှေအနှောက်တွေ လုပ်ကြတယ်ပေါ့၊ ဒီကားမှာ အမှတ်တရတွေကတော့ တစ်ဖွဲ့လုံး ညီကြတာ အမှတ်တရပါပဲ"ဟု ပြောသည်။

**ကိုလင်း**




## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# Charlie's Angels ဇာတ်ကားနမူနာပြသ

ပရိသတ်တွေကြားထဲမှာ ရေပန်းစားခဲ့တဲ့ Charlie's Angels ဇာတ်ကားကို ပြန်လည်ကြည့်ရှုခွင့်ရတော့မှာပါ။ ဒီဇာတ်ကားမှာ အဓိကပါဝင်သရုပ်ဆောင်မယ့် အမျိုးသမီးသုံးဦးကတော့ အီလာဘာလင်စကာ၊ ခရစ္စတင်စတီးဝပ်နဲ့ နာအိုမီစကောက်တို့ပဲ ဖြစ်ပါတယ်။ အသစ်ထွက်ရှိမယ့် Charlie's Angels ဇာတ်ကားရဲ့ဇာတ်ဝင်သီချင်းကိုတော့ မိုင်လေဆိုင်းရပ်စ်၊ အာရီယာနာဂရန်ဒီ၊ လာနာဒယ်ရေးလ်တို့က သီဆိုထားကြပါတယ်။ သူတို့သုံးဦး သီဆိုထားတဲ့ ဇာတ်ဝင်သီချင်းနမူနာကို ကြာသပတေးနေ့က ပြသခဲ့ပါတယ်။

မိုင်လေဆိုင်းရပ်စ်နဲ့ အာရီယာနာဂရန်ဒီတို့ နှစ်ဦးစလုံးဟာ Charlie's Angels ဇာတ်ကား နမူနာပြသမယ့်နေ့ကို လူမှုကွန်ရက်မီဒီယာကနေ ကြေညာပေးခဲ့ကြပါတယ်။ ဒီဇာတ်ကားကို ရုပ်ရှင်မင်းသမီးကြီး အဲလစ်ဇဘက်ဘန့်က ရိုက်ကူးထုတ်လုပ်ထားတာဖြစ်တဲ့အပြင် သူကိုယ်တိုင် ပါဝင်သရုပ်ဆောင်မှာလည်း ဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်က ထွက်ရှိခဲ့တဲ့ Charlie Angels' ဇာတ်ကားဟာ အစပိုင်းမှာတော့ ရုပ်သံဇာတ်လမ်းတွဲဖြစ်ပြီး ၁၉၇၆ ခုနှစ်မှာ စတင်ပြသခဲ့တာပါ။ အဲဒီနောက်ပိုင်းမှာတော့ ရုပ်ရှင်အဖြစ် အသက်သွင်းခဲ့ပါတယ်။

**စီအင်န်အင်န်**




အီလာဘာလင်စကာ၊ ခရစ္စတင်စတီးဝပ်နဲ့ နာအိုမီစကောက်တို့ အတူတကွ သရုပ်ဆောင်နေကြစဉ်။

## စူပါဟီးရိုး ဇာတ်ကားသစ်ရိုက်ကူးဖို့ ကလေးတွေရဲ့သဘောတူမှုကိုပါ ဂျိုလီတောင်းခံခဲ့

ရုပ်ရှင်မင်းသမီး အင်ဂျလီနာဂျိုလီဟာ Marvels ရုပ်ပြကာတွန်းဖြစ်တဲ့ "The Eternals" ဇာတ်ကားမှာ ဆာဆီအဖြစ် ပါဝင်သရုပ်ဆောင်ဖို့ သူတစ်ယောက်တည်း ဆုံးဖြတ်ခဲ့တာမဟုတ်ပါဘူး။ သူ့ရဲ့ ဆုံးဖြတ်ချက်မှာ သူ့ကလေးခြောက်ယောက်ရဲ့ သဘောတူမှုကိုလည်း ထည့်သွင်းစဉ်းစားခဲ့ပါတယ်။ ဂျိုလီမှာ မက်ဒေါက်၊ ပက်စ်၊ ဇာဟာရာ၊ ရှီလို၊ နော့စ်နဲ့ ဗီဗီယန်ဆိုတဲ့ ကလေးခြောက်ဦးရှိပါတယ်။

စူပါဟီးရိုးဇာတ်ကောင်နေရာမှာ ဂျိုလီပါဝင်သရုပ်ဆောင်သင့် မသင့်ကို ကလေးတွေကလည်း ဆုံးဖြတ်ပေးခဲ့တယ်လို့ ဂျိုလီနဲ့ နီးစပ်သူတစ်ဦးက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။ ကလေးတွေကလည်း ဒီဇာတ်လမ်းကို ရုပ်ပြကာတွန်းမှာကတည်းက ကြိုက်ကြတယ်လို့ ဆိုပါတယ်။ ဂျိုလီဟာ ကလေးခြောက်ယောက်ကို အချိန်ပေးနိုင်အောင် ကြိုးပမ်းနေသလို တခြားဖက်မှာလည်း ဟောလိဝုဒ်လောကမှာ ဆက်လက်ရှင်သန်အောင် ကြိုးစားနေပါတယ်။ လတ်တလောမှာတော့ ဂျိုလီဟာ "Those Who Me Dead" ဆိုတဲ့ ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားပြီး "The Eternals" ဇာတ်ကားရိုက်ကူးမှုကိုလည်း မကြာခင်စတင်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ စက်တင်ဘာလ အတွင်းမှာ စတင်ရိုက်ကူးဖို့ ရက်သတ်မှတ်ထားပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



ဆာဆီအဖြစ် သရုပ်ဆောင်မည့် အင်ဂျလီနာဂျိုလီ။

ခြား



# နှစ်လုံးတွဲများ (၅)

## မောင်ခင်မင် (ဓနုဖြူ)

"နာမ်နှစ်ခုတွဲရာမှာ ရှေ့နာမ်က နောက်နာမ်ကို အထူးပြုတဲ့ နှစ်လုံးတွဲတွေကတော့ အများကြီးပဲ။ အဲ... နောက်မှာရှိတဲ့နာမ်က ရှေ့မှာရှိတဲ့နာမ်ကို အထူးပြုတာမျိုးလည်းရှိတယ်။ နည်းတော့နည်းတာပေါ့"

"ဘယ်လိုစကားလုံးမျိုးပါလဲ ဆရာ"

"ပုပ္ပားတောင်နဲ့ ကပ်နေတဲ့တောင်ကို ဘယ်လိုခေါ်သလဲ"

"တောင်ကလပ်လို့ ခေါ်ပါတယ် ဆရာ"

"ဘာဖြစ်လို့ အဲဒီလိုခေါ်တာထင်သလဲ"

"ကြည့်လိုက်ရင် တောင်ကြီးက ကလပ်ကြီးတစ်ခု ထောင်ထားသလို ထင်ရပါတယ်။ ကလပ်နဲ့တူတဲ့ တောင်မို့ တောင်ကလပ်လို့ ခေါ်တာထင်ပါတယ် ဆရာ"

"ဟုတ်ပါပြီ။ ဒီတော့ ခုနမေးခွန်းမျိုးမေးရအောင်။ တောင်ကလပ်ဆိုတာ ကလပ်လား၊ တောင်လား"

"တောင်ပါ ဆရာ၊ ကလပ်မဟုတ်ပါဘူး"

" 'တောင်ကလပ်ပေါ်တက်ကြမယ်' ဆိုတဲ့ စကားကို 'တောင်ပေါ်တက်ကြမယ်' လို့ အစားထိုးရင် အရင်းခံအဓိပ္ပာယ်ပျက်သွားသလား"

"တောင်ပေါ်တက်တယ်ဆိုတဲ့ အရင်းခံအဓိပ္ပာယ်က ပျက်မသွားပါဘူး ဆရာ။ တောင်ကလပ်မဟုတ်ဘဲ ဘယ်တောင်မဆို ဖြစ်နိုင်တာမို့ အဓိပ္ပာယ်တော့ ကျယ်သွားပါတယ်။ ယေဘုယျကျသွားပါတယ်"

"ဟုတ်ပြီ။ 'တောင်ကလပ်ပေါ်တက်ကြမယ်' ကို 'ကလပ်ပေါ်တက်ကြမယ်' လို့ အစားထိုးရင်ကော"

"အရင်းခံအဓိပ္ပာယ်ပျက်သွားပါတယ်။ တောင်ပေါ်တက်တာမဟုတ်တော့ဘဲ တခြားအဓိပ္ပာယ်ဖြစ်သွားပါတယ် ဆရာ"

"ဒီတော့ ဘယ်ဟာက ဘယ်ဟာကို အထူးပြုတာလဲ"

"ကလပ်က တောင်ကို အထူးပြုတာပါ ဆရာ။ ကလပ်နဲ့တူတဲ့တောင်မို့ တောင်ကလပ်လို့ ခေါ်တာပါ။ နောက်နာမ်က ရှေ့နာမ်ကို အထူးပြုတာပါ"

"ဟုတ်ပါပြီ။ အဲဒီလိုစကားလုံးမျိုးတွေကို ကြည့်ရအောင် 'ကြက်ဆင်' ဆိုတာ ကြက်လား၊ ဆင်လား"

"ကြက်ပါ ဆရာ။ ဆင်မဟုတ်ပါဘူး"

"ကြက်ဆင်တစ်ကောင်ကို ကြက်တစ်ကောင်လို့ အစားထိုးလို့ ရသလား"

"ရပါတယ် ဆရာ။ ကြက်ဆိုတဲ့ အရင်းခံအဓိပ္ပာယ် ပြောင်းမသွားပါဘူး"

"ဆင်တစ်ကောင်လို့ အစားထိုးရင်ကော"

"မရပါဘူး ဆရာ။ အဓိပ္ပာယ်ပြောင်းသွားပါတယ်"

"ဒါလောက်ဆို သဘောပေါက်လောက်ပါပြီ။ အဲဒီလိုပဲ 'ငှက်ဆင်'၊ 'ငှက်ကုလားအုတ်'၊ 'ခွေးဘီလူး'၊ 'မုန့်လက်ကောက်' ဆိုတဲ့ စကားလုံးတွေလည်း နောက်နာမ်က ရှေ့နာမ်ကို အထူးပြုထားတာဆိုတာ အစားထိုးကြည့်ရင် သိနိုင်ပါတယ်"

"ဟုတ်ကဲ့ပါ"

"အဲ... အရေးကြီးတဲ့ အချက်တစ်ချက်ရှိတယ်။ 'တောင်ကလပ်' ကို ပြန်ကြည့်ရအောင်။ တောင်ကလပ်လို့ ဘာဖြစ်လို့ ခေါ်တာလဲ"

"ကလပ်နဲ့တူတဲ့တောင်မို့ ခေါ်တာပါ"

" 'ငှက်ကုလားအုတ်' လို့ ဘာဖြစ်လို့ ခေါ်တာလဲ"

"ကုလားအုတ်နဲ့ တူလို့ခေါ်တာပါ"

"မုန့်လက်ကောက်လို့ ဘာဖြစ်လို့ ခေါ်တာလဲ"

"လက်ကောက်နဲ့ တူတဲ့မုန့်မို့ ခေါ်တာပါ"

"ဒီတော့ တောင်ကလပ်ဆိုတာ တကယ့်ကလပ်မဟုတ်ဘူးပေါ့"

"ဟုတ်ကဲ့ပါ"

"ငှက်ကုလားအုတ်လည်း တကယ့်ကုလားအုတ်မဟုတ်ဘူး။ မုန့်လက်ကောက်လည်း တကယ့်လက်ကောက်မဟုတ်ဘူး။ တူလို့တင်စားပြီး နာမည်ပေးထားတဲ့ စကားလုံးတွေဖြစ်တယ်။ တင်စားတဲ့အဓိပ္ပာယ်က အဓိကပဲ"

"ဟုတ်ကဲ့ပါ၊ နားလည်ပါပြီ"

"ပိုရှင်းအောင် တကယ်ဟုတ်တဲ့ နာမည်နဲ့ တကယ်မဟုတ်ဘဲ တင်စားခေါ်တဲ့နာမည်ကို နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။ ကဲ... တောင်ကလပ်နဲ့ ငွေကလပ် ဘယ်လိုကွာသလဲ"

**"ခုပြတဲ့ သာဓကတွေမှာ လက်ကောက်တို့၊ ကုလားအုတ်တို့ဟာ အသံတစ်သံထက် ပိုတဲ့စကားလုံးတွေမို့ စကားလုံးတစ်လုံးစီလို့ပဲ မှတ်ရမယ်။ ဒါကြောင့် မုန့်နဲ့ လက်ကောက်နဲ့ ပေါင်းပြီး နှစ်လုံးတွဲထားတာ၊ ငှက်နဲ့ ကုလားအုတ်နဲ့ ပေါင်းပြီး နှစ်လုံးတွဲလုပ်ထားတာ သဘောချင်းအတူတူပါပဲ"**

**"နားလည်ပါပြီ ဆရာ"**

**"နောက် နှစ်လုံးတွဲတစ်မျိုးက ကြိယာနဲ့ နာမ်နဲ့ ပေါင်းပြီး နာမ်ဖြစ်လာတဲ့ နှစ်လုံးတွဲပေါ့။ 'သောက်ရေတို့၊ ဝင်ငွေတို့၊ ထိုးဆေးတို့၊ ပြပွဲတို့' အများကြီးပါ"**

"တောင်ကလပ်က တကယ့်ကလပ်မဟုတ်ဘူး။ တောင်ကို ကလပ်နဲ့တူလို့ တင်စားခေါ်တာပါ။ ငွေကလပ်ကတော့ တကယ့်ကလပ်ပါ"

"ငွေကလပ်ကို လက်နဲ့ မ လို့ရတယ်။ တောင်ကလပ်ကျတော့ မ လို့မရဘူးလေ။ တကယ့်ကလပ်မှ မဟုတ်တာ။ အဲဒီလိုပဲ။ စိန်လက်ကောက်က ဝတ်လို့ရပေမယ့် မုန့်လက်ကောက်က ဝတ်လို့မရဘူး။ အဲ... စိန်လက်ကောက်ကလည်း စားလို့မရဘူးပေါ့"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ခုက ခုပြတဲ့ သာဓကတွေမှာ လက်ကောက်တို့၊ ကုလားအုတ်တို့ဟာ အသံတစ်သံထက် ပိုတဲ့စကားလုံးတွေမို့ စကားလုံးတစ်လုံးစီလို့ပဲ မှတ်ရမယ်။ ဒါကြောင့် မုန့်နဲ့ လက်ကောက်နဲ့ ပေါင်းပြီး နှစ်လုံးတွဲထားတာ၊ ငှက်နဲ့ ကုလားအုတ်နဲ့ ပေါင်းပြီး နှစ်လုံးတွဲလုပ်ထားတာ သဘောချင်းအတူတူပါပဲ"

"နားလည်ပါပြီ ဆရာ"

"နောက် နှစ်လုံးတွဲတစ်မျိုးက ကြိယာနဲ့ နာမ်နဲ့ ပေါင်းပြီး နာမ်ဖြစ်လာတဲ့ နှစ်လုံးတွဲပေါ့။ 'သောက်ရေတို့၊ ဝင်ငွေတို့၊ ထိုးဆေးတို့၊ ပြပွဲတို့' အများကြီးပါ"

"ဟုတ်ကဲ့ပါ"

"အဲဒီမှာ ကြိယာက နာမ်ကိုအထူးပြုတဲ့သဘောရှိတာပေါ့။ ဝင်တဲ့ငွေမို့ ဝင်ငွေ၊ သောက်တဲ့ရေမို့ သောက်ရေ၊ ပြတဲ့ပွဲမို့ ပြပွဲ၊ ထိုးတဲ့ဆေးမို့ ထိုးဆေးဆိုတာမျိုး ဖွင့်နိုင်တယ်"

"ဟုတ်ကဲ့ပါ"

"နောက်နှစ်လုံးတွဲတစ်မျိုးက နာမ်နဲ့ ကြိယာနဲ့ ပေါင်းပြီး နာမ်ဖြစ်လာတဲ့ နှစ်လုံးတွဲပေါ့။ 'ရေအေး၊ ရေနွေး၊ လူကြီး၊ လူငယ်၊ အိမ်မြင့်၊ ပန်းဝါ၊ ပန်းဖြူ' ဆိုတာမျိုးတွေပေါ့ကွယ်။ အေးတဲ့ရေမို့ ရေအေးခေါ်တာဆိုတော့ နောက်ကြိယာက ရှေ့နာမ်ကို အထူးပြုတယ်လေ"

"ဟုတ်ကဲ့ပါ"

"အဲဒီမှာ ကြိယာနဲ့ နာမ် ရှေ့နောက်တွဲတဲ့ နှစ်လုံးတွဲ နာမ်နဲ့ နာမ်နဲ့ ကြိယာရှေ့နောက်တွဲတဲ့ နှစ်လုံးတွဲ နာမ်က ဘာကွာခြားသလဲဆိုတာ စဉ်းစားကြည့်ပါလား"

"ဟုတ်ကဲ့ ဆရာ"

"ကဲ... 'သောက်ရေ' က ကြိယာနဲ့နာမ်တွဲတာ၊ 'ရေနွေး' က နာမ်နဲ့ကြိယာတွဲတာ နှစ်လုံးတွဲဖြစ်လာတော့ နာမ်တွေဖြစ်လာတယ်။ သဘောချင်းအတူတူပဲ။ တွဲတဲ့ကြိယာတွေ ဘာကွာခြားပါလိမ့်"

"မသိပါဘူး ဆရာ"

"ဒီလိုဆိုရင် 'သောက်ရေ' တို့၊ 'ဝင်ငွေ' တို့၊ 'ထိုးဆေး' တို့မှာ သောက်၊ ဝင်၊ ထိုး ဆိုတဲ့ကြိယာတွေက ဘယ်လိုကြိယာမျိုးလဲ"

"ပြုလုပ်ဆောင်ရွက်မှုပြတဲ့ ကြိယာတွေပါ ဆရာ"

"ရေအေးတို့၊ လူငယ်တို့၊ ပန်းဝါတို့မှာ အေး၊ ငယ်၊ ဝါဆိုတဲ့ ကြိယာတွေကရော ဘယ်လိုကြိယာမျိုးလဲ"

"ဂုဏ်အရည်အသွေးကို ဖော်ပြတဲ့ကြိယာတွေပါ ဆရာ"

"ဂုဏ်ရည်ပြကြိယာဆိုပါတော့။ ဒီတော့ ဒီအချက်တွေကိုမှုတည်ပြီး ဘယ်လိုအဖြေထုတ်လို့ရမယ် ထင်သလဲ"

"ဩော်... သိပါပြီ ဆရာ။ ဆောင်ရွက်မှုပြတဲ့ ကြိယာဆိုရင် နာမ်ရဲ့ရှေ့က ထားရပါတယ်။ ဂုဏ်ရည်ပြတဲ့ ကြိယာဆိုရင် နာမ်ရဲ့နောက်က ထားရပါတယ်"

"ဟုတ်ပါပြီ။ ကဲနောက်ဆုံးတစ်မျိုးဆိုပါတော့။ ဘာနဲ့ဘာတွဲတာဖြစ်မလဲ"

"ကြိယာနဲ့ကြိယာပေါင်းပြီး ဖြစ်လာတဲ့ နှစ်လုံးတွဲ နာမ်ဖြစ်မှာပေါ့ ဆရာ။ ဒါပေမယ့် ဆရာ"

"ဟင် ဘာဖြစ်လို့လဲ"

"ကြိယာနှစ်လုံးပေါင်းပြီး နာမ်ဖြစ်ပါ့မလားလို့ စဉ်းစားမိလို့ပါ ဆရာ"

"စဉ်းစားစရာပဲပေါ့။ ကြိယာတွေပေါင်းပြီး နာမ်ဖြစ်တယ်ဆိုတာက မဖြစ်နိုင်သလိုပဲလေ။ ဒီလိုဆိုရင် မင်းတို့အိမ်ရှေ့က တောင်ပို့ကိုဖြိုရမယ်ဆိုရင် ဘာနဲ့ပေါက်ပြီး ဖြိုမှာလဲ"

"ပေါက်တူးနဲ့ပေါက်မှာပေါ့ ဆရာ"

"အဲဒီ ပေါက်တူးဆိုတာ နာမ်မဟုတ်လား။ 'ပေါက်' နဲ့ 'တူး' ပေါင်းထားတာလေ။ အဲဒီ 'ပေါက်' နဲ့ 'တူး' က ဘာတွေလဲ။ နာမ်တွေလား၊ ကြိယာတွေလား"

"ဟာ...ဟုတ်တယ်နော် ဆရာ။ 'ပေါက်' နဲ့ 'တူး' က ကြိယာတွေပဲ။ 'ပေါက်တူး' ကတော့ နာမ်ဖြစ်သွားရော"

"ပေါက်ရတူးရတဲ့ပစ္စည်းမို့ ပေါက်တူးလို့ နာမည်ပေးလိုက်တာပေါ့။ အဲဒီလိုပဲ ဟင်းတွေအကြောင်းပြောရင် ကြော်ချက်ကလေးတို့၊ ပြုတ်ကြော်ကလေးတို့ ပြောတယ်မဟုတ်လား။ အဲဒါတွေကရော"

"ဟုတ်ကဲ့၊ အဲဒါတွေကလည်း ကြိယာတွေပါ ဆရာ။ ကြိယာတွေပေါင်းပြီး နှစ်လုံးတွဲနာမ်တွေ ဖြစ်လာတာပါ"

"ရင်းမြစ်သိဖို့လိုတဲ့ နှစ်လုံးတွဲနာမ်တစ်ခု အကြောင်း သတိရလို့ ပြောရဦးမယ်။ 'ကြော်ငြာ' ဆိုတဲ့ နာမ်လေ"

"ဟုတ်ကဲ့ပါ"

"သာမန်အားဖြင့်ကြည့်ရင်တော့ 'ကြော်ငြာ' မှာပါတဲ့ 'ကြော်' နဲ့ 'ငြာ' ရဲ့ အဓိပ္ပာယ်ငုပ်နေတာပေါ့။ 'ကြော်' ဆိုတာ အသံပြုသည်လို့ အဓိပ္ပာယ်ရတယ်။ ကြွေးကြော်တို့၊ မောင်းကြော်တို့ ရှေးကသုံးတယ်။ တကြော်ကြော်အော်ခေါ်တယ်လို့လည်း သုံးတယ်။ 'ကြော်' ဟာ အသံပြုသည်လို့ အဓိပ္ပာယ်ရတဲ့ ကြိယာပဲ။ 'ငြာ' လည်း အသံပြုတာပဲ။ ရှေးစာတွေမှာ 'ဟစ်ကြွေးငြာသည်'၊ 'ကောင်းချီးငြာသည်' ဆိုတာမျိုး သုံးတာပေါ့။ ငြာသံပေးသည်လို့လည်း သုံးတယ်။ 'ငြာ' ဟာ အသံပြုတာပဲ။ ကြော်နဲ့ငြာနဲ့ ပေါင်းပြီး ကြော်ငြာဆိုတာကလည်း အသံပြုသည်။ ဟစ်အော်သည်လို့ အဓိပ္ပာယ်ရတယ်။ ရှေးက စာတွေမှာ 'ကယ်တော်မူကြပါ' ဟူ၍ 'ကြော်ငြာလေ၏' ဆိုတဲ့ အသုံးမျိုးရှိတယ်။ အဲဒီကမှ အများသိအောင်လုပ်သည်ဆိုတဲ့ အဓိပ္ပာယ်အထိ ကျယ်ပြန့်လာတာလေ။ ရှေးကတော့ မောင်းထုပြီး၊ ဟစ်အော်ပြီး အများသိအောင် လုပ်တာလေ။ 'ကြော်ငြာ' ကို ကြိယာလိုလည်း သုံးတယ်။ နာမ်လိုလည်း သုံးတယ်မဟုတ်လား"

" 'ကြော်' ဆိုတဲ့ကြိယာနဲ့ 'ငြာ' ဆိုတဲ့ ကြိယာ ပေါင်းထားတဲ့ နှစ်လုံးတွဲနာမ်တစ်ခုပေါ့ကွယ်။ ကဲ... ကဲ..."

# အာဆီယံဒေသတွင်းသို့တိုင် စီးပွားရေးမဏ္ဍိုင် မြဲခိုင်ဝံ့ကြွား မြန်မာ့သမဝါယမစွမ်းပကား

**စစ်လွမ်းနောင် ( မန်းမြေသား )**

**ကမ္ဘာပေါ်တွင် အရင်းရှင်များ၏ အတ္တကြီးမားစွာဖြင့် ကိုယ်ကျိုးရှာ ခေါင်းပုံဖြတ် အမြတ်ထုတ်မှု၊ လောဘလွန်ကဲမှုတို့ကြောင့် လူမှုဒုက္ခအပေါင်းကို မခံမရပ်နိုင်အောင် ခံစားခဲ့ကြရသည့် အရင်းမဲ့လူတန်းစား အလုပ်သမားများသည် လူအများကို ကောင်းကျိုးမပေးဘဲ ဆိုးကျိုးကိုသာပေးသည့် အရင်းရှင်စနစ်၏ အပြစ်ကို သိမြင်လာကြသည့်အတွက် ၁၇၆၀ ပြည့်နှစ်မှစ၍ တရားမျှတမှုမရှိသော အရင်းရှင်စနစ်ကို ဆန့်ကျင်တော်လှန်ရန်အလို့ငှာ တရားမျှတသော စီးပွားရေးစနစ်သစ်ကို ထူထောင်ရန် နှစ်ပေါင်း ၈၀ ကျော်မျှ ကြိုးပမ်းရှာဖွေခဲ့ရာမှ သမဝါယမစနစ် စတင်ပေါ်ပေါက်လာခဲ့ပါသည်။**

### အတ္တ၊ ပရ ဒွန်တွဲထားသော စနစ်

သမဝါယမစနစ်သည် လူသားများ၏ အတ္တဟိတ (ကိုယ့်အကျိုး)၊ ပရဟိတ(အများအကျိုး) ဒွန်တွဲမှုအပေါ်တွင် အခြေခံပြီး လူအများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် အောင်မြင်စေရန်အလို့ငှာ လူတန်းစားမခွဲခြားဘဲ သာတူညီမျှ သဘောတရားဖြင့် အချင်းချင်းဆက်ဆံပေါင်းသင်းကာ မိမိတို့၏ ဆန္ဒအလျောက် အတူတကွပူးပေါင်း ဆောင်ရွက်သည့် စနစ်ဖြစ်သည်။ ထို့ကြောင့် လူသားတို့သည် **လူတစ်ဦးတစ်ယောက်တည်း ကောင်းစားရေးထက် လူအများကောင်းစားရေးကို ရှေးရှုသော သမဝါယမစနစ်**ကို ကမ္ဘာပေါ်တွင် ပြန့်ပွားထွန်းကားစေရန် ၁၈၉၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် ( International Cooperative Aliance ) ကို ဖွဲ့စည်းခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၁၉၂၃ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ရာမှ ၁၉၉၄ ခုနှစ်တွင် ကျင်းပပြုလုပ်သော (၄၉) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ် ဇူလိုင်လ၏ ပထမပတ် စနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးခဲ့သည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှ သမဝါယမအဖွဲ့အစည်းများက နှစ်စဉ် ဇူလိုင်လ၏ ပထမပတ် စနေနေ့တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားများကို ကျင်းပနေကြခြင်း ဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ လူသားများသည် ဆင်းရဲ ချမ်းသာကွာဟမှု၊ လူမှုရေး၊ စီးပွားရေး မညီမျှမှုများကို စိန်ခေါ်မှုအဖြစ် နေ့စဉ်ကြုံတွေ့နေရသည့်အပြင် စစ်မက်ဖြစ်ပွားမှု၊ အစားအစာ ငတ်မွတ်ခေါင်းပါးမှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု၊ သဘာဝဘေးအန္တရာယ်ဆိုးများ ကျရောက်မှု၊ ရောဂါဆိုး ဖြစ်ပွားမှု၊ လူကုန်ကူးမှု၊ လူမျိုးရေးပဋိပက္ခများ ဖြစ်ပွားမှု၊ အလုပ်လက်မဲ့ဖြစ်မှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ ဖြစ်ပွားမှု စသဖြင့် များစွာသော ပြဿနာများကို ရင်ဆိုင်နေကြရပေသည်။ ထိုကဲ့သို့သော မညီမျှမှုများ၊ ပဋိပက္ခစိန်ခေါ်မှုများကို လျော့ပါးသက်သာစေရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၃၀ ပြည့်နှစ်အထိ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် (၁၇)ရပ်ကို ချမှတ်ထားပြီးဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်ကလည်း ကမ္ဘာ့နိုင်ငံများနည်းတူ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ပန်းတိုင် (၁၇) ရပ်ထဲမှ ပန်းတိုင် (၁၂) တွင် ပါရှိသော **စဉ်ဆက်မပြတ်စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများဖြစ်ပေါ်** ရေးကို သိသာထင်ရှားစွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် နိုင်ငံအသီးသီးမှ သမဝါယမအသင်းများကို တိုက်တွန်းနှိုးဆော်ထားပေသည်။

အဆိုပါ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်(၁၂)ကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လုပ်ဆောင်နိုင်စွမ်းကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံအားလုံးပါဝင်သည့် စဉ်ဆက်မပြတ်စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများ ပါဝင်သော မူဘောင်ချမှတ်ရေး၊ ၂၀၃၀ ပြည့်နှစ်တွင် သဘာဝအရင်းအမြစ်များကို အကျိုးရှိ ထိရောက်စွာ အသုံးချနိုင်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝနေထိုင်မှုအတွက် သတင်းအချက်အလက်ကို နေရာတိုင်း၌ လူတိုင်းရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ မြန်မာ့သမဝါယမကဏ္ဍအနေဖြင့်လည်း သမဝါယမလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍများတွင် လုပ်ငန်းအတွက် လိုအပ်သည့် ချေးငွေကို ထိရောက်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခြင်း၊ မျိုးစေ့ထုတ်လုပ်မှုနှင့် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုအခန်းကဏ္ဍတွင် လယ်ယာသွင်းအားစုများကို တောင်သူဦးကြီးများ၏ ဆန္ဒနှင့်အညီ ရောင်းချပေးခြင်း၊ လယ်ယာထုတ်ကုန်သီးနှံ တိုးမြှင့်ထုတ်လုပ်ရေးကွင်းဆက်တစ်လျှောက် သမဝါယမကဏ္ဍမှ တတ်နိုင်သလောက် ကူညီပံ့ပိုးပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

### တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဖြည့်ဆည်းပေး

နိုင်ငံတော်အစိုးရက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူများ၏ လူမှုစီးပွားဘဝများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မြန်မာ့သမဝါယမသည် စုပေါင်းအင်အားဖြင့် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပေသည်။ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေတောင်သူ လယ်သမားများ၏ အကျိုးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ဒုတိယကာလတို (၅) နှစ်အတွက် လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်း

> **“မြန်မာ့သမဝါယမကဏ္ဍမှလည်း မိမိတို့နိုင်ငံတွင်းရှိ သမဝါယမအသင်းနှင့် အသင်းသားများအတွက် ဆောင်ရွက်ပေးခြင်းအားဖြင့် အမျိုးသမီးများ အပါအဝင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် သမဝါယမအသင်းသား တောင်သူလယ်သမားမိသားစုများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာပြီး တစ်ဦးချင်းဝင်ငွေလည်း တိုးတက်ရရှိလာမည်”**

စဉ်များ အသစ်ပြန်လည်ချမှတ်ခဲ့ပြီး သမဝါယမစနစ် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များကိုလည်း လက်တွေ့ကျကျ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အသေးစားအရင်းအနှီးချေးငွေ ထုတ်ချေးခြင်းလုပ်ငန်း၊ လယ်ယာသုံးစက်ကိရိယာများ အရစ်ကျ ငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းလုပ်ငန်း၊ သမဝါယမပညာပေးရေးလုပ်ငန်း၊ သမဝါယမအသင်းများ ဖွဲ့စည်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စွမ်းအားမြှင့်ဆောင်ရွက်ခဲ့သကဲ့သို့ လယ်ယာကဏ္ဍအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး အစရှိသည့် လယ်ယာသွင်းအားစု ဖြန့်ဖြူးပံ့ပိုးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှု သမဝါယမအသင်းများ ပေါ်ပေါက်လာအောင်ဆောင်ရွက်ခြင်း၊ အသင်းနှင့် အသင်းသားများပိုင်ဆိုင်သည့် လယ်ယာမြေများကို လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် မြေယာများအဆင့်မြှင့်တင်ပြုပြင်ပေးခြင်း၊ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့် အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ထုတ်သမဝါယမ အသင်းများကို ဖွဲ့စည်းပေးခြင်းနှင့် ငွေကြေးထောက်ပံ့ပေးခြင်းလုပ်ငန်းများကို မြန်မာ့သမဝါယမက ဆောင်ရွက်လျက်ရှိပါသည်။

ယခုကဲ့သို့ သမဝါယမစနစ်ဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာ ပစ္စည်းများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်း၊ လယ်ယာသွင်းအားစုများ ပံ့ပိုးရောင်းချပေးခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အဆင့်မြှင့်တင်ပေးခြင်းတို့သည် လယ်သမားများ၏ လယ်ယာထွက်ကုန် ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးကို သမဝါယမကဏ္ဍမှ ဝင်ရောက်ကူညီဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုရလျှင် နိုင်ငံတော်၏ စီးပွားရေး မဏ္ဍိုင်မြဲခိုင်စေရေးအတွက် သမဝါယမစွမ်းပကားဖြင့် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခြင်းဖြစ်ရာ အနာဂတ်ကာလတွင် စီးပွားရေးအတွက် ယုံကြည်အားထားရသော အလားအလာကောင်းများ ပေါ်ထွန်းလာအောင် ဆောင်ရွက်နေခြင်းပင် ဖြစ်ပါသည်။

### အကြီးမားဆုံးသော လူမှုစီးပွားရေးလုပ်ငန်း

သမဝါယမစနစ်သည် ပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးဖြစ်စဉ်များနှင့် လိုက်လျောညီထွေဖြစ်အောင် ဖြည့်ဆည်းပေးနိုင်သော စွမ်းပကားကို ပိုင်ဆိုင်ထားပြီး သမဝါယမလုပ်ငန်းသည် အကြီးမားဆုံး လူမှုစီးပွားရေးလုပ်ငန်းဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေ ထက်ဝက်ဖြစ်သည့် လူသန်းပေါင်း ၃၀၀၀ ခန့်၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများကို ခိုင်မာစေခဲ့ကြောင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ထုတ်ပြန်ခဲ့ပါသည်။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၉၂ နိုင်ငံရှိရာ နိုင်ငံအားလုံးနီးပါး သမဝါယမစနစ်ဖြင့် သမဝါယမလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး အမေရိကန်ပြည်ထောင်စု၏ ၄၀ ရာခိုင်နှုန်းသော နိုင်ငံသားများသည် သမဝါယမအသင်းသားများဖြစ်ကာ ကမ္ဘာတွင် သမဝါယမအသင်းနှင့် အသင်းသားအများဆုံးရှိသော နိုင်ငံဖြစ်သည်။ ဒုတိယ အသင်းသားအများဆုံးနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး အသင်းသားပေါင်း ၉၃ ဒသမ ၇ သန်းရှိသည်။ အသင်းသားပေါင်း ၇၇ သန်းရှိသည့် ဂျပန်နိုင်ငံသည် ကမ္ဘာတွင် တတိယအသင်းသား အများဆုံးနိုင်ငံဖြစ်သည်။

ကင်ညာနိုင်ငံတွင် ဂျီဒီပီ၏ ၄၅ ရာခိုင်နှုန်း၊ နယူးဇီလန်နိုင်ငံတွင် ဂျီဒီပီ၏ ၂၂ ရာခိုင်နှုန်းသည် သမဝါယမအသင်းများက ထုတ်လုပ်သော ကုန်ပစ္စည်းတန်ဖိုးများဖြစ်ပြီး ဆွစ်ဇာလန်နိုင်ငံ၏ ၉၀ ရာခိုင်နှုန်းသော ကုန်သွယ်မှုလုပ်ငန်းကို သမဝါယမအသင်းများက ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ကိုလံဘီယာနိုင်ငံ၏ ၂၄ ရာခိုင်နှုန်းသော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းကို သမဝါယမအသင်းများက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာတွင် သမဝါယမ အသင်းသားပြည်သူ သန်း ၁၀၀၀ ကျော်ရှိပြီး ကမ္ဘာ့လူဦးရေ၏ ခုနစ်ပုံ တစ်ပုံ ရှိကာ သမဝါယမအသင်းများက အလုပ်အကိုင် သန်း ၁၀၀ ကို ဖော်ဆောင်ပေးနိုင်ပြီး သမဝါယမ၏ အလုပ်အကိုင် အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်မှုမှာ ပုဂ္ဂလိကလုပ်ငန်းကြီးများက ဖော်ဆောင်ပေးနိုင်မှုထက် ၂၀ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း ကမ္ဘာ့မှတ်တမ်းများမှ လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံရှိ ဗဟိုသမဝါယမအသင်းသည် ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၌ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည့်အတွက် မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး နိုင်ငံတကာရှိ သမဝါယမအသင်းများ အချင်းချင်းရင်းနှီးစွာ ပေါင်းသင်းဆက်ဆံနိုင်ရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ဆိုသည့် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ ရည်ရွယ်ချက်အတိုင်း အာဆီယံဒေသတွင်းနိုင်ငံများရှိ သမဝါယမအသင်းများနှင့် အချင်းချင်းရင်းနှီးစွာ ပေါင်းသင်းဆက်ဆံခြင်း၊ စီးပွားရေးလုပ်ငန်းများ မြှင့်တင်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံ ဒေသတွင်းနိုင်ငံများတွင် စိုက်ပျိုးရေး လုပ်ငန်းသည် အလွန်အရေးပါပြီး အာဆီယံ ဒေသတွင်းနိုင်ငံများရှိ လူဦးရေ၏ ၅၃ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေးကို အခြေခံ၍ အသက်မွေးဝမ်းကျောင်း ပြုသူများ ဖြစ်ကြပါသည်။ ကမ္ဘောဒီးယား၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများတွင် ကျေးလက်နေပြည်သူ ဦးရေမှာ နိုင်ငံ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်း အထိရှိကြောင်း စစ်တမ်းများအရ သိရှိရပါသည်။

### စိန်ခေါ်မှုများကို အတတ်နိုင်ဆုံး ကူညီဖြေရှင်း

ယနေ့ ကမ္ဘာပေါ်တွင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုနှင့် အတူ သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုတို့ကြောင့် လူသားများသည် စားနပ်ရိက္ခာမလုံလောက်မှု၊ အာဟာရမမျှတမှု၊ မပြည့်ဝမှု စသည့် ပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေကြရပေသည်။ ကမ္ဘာ့လူဦးရေသည် လက်ရှိ ၇ ဒသမ ၆ဘီလီယံ မှ ၂၀၅၀ ပြည့်နှစ်တွင် ၉ ဒသမ ၈ ဘီလီယံအထိ တိုးတက်လာမည်ဟု ခန့်မှန်းထားပြီး ကမ္ဘာ့လူဦးရေသည် နှစ်စဉ် ၇၃ သန်းခန့် တိုးတက်လာနိုင်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အရ သိရှိရပါ သည်။ ထိုသို့ ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှ နိုင်ငံတွင်း၊ ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်း စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရ သင့်တင့်မျှတစေရန် စိုက်ပျိုးရေးကဏ္ဍကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် တိုးချဲ့လုပ်ကိုင်ရေး၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်စွမ်းရှိအောင် နည်းလမ်းများရှာဖွေ လုပ်ကိုင်ရေးတို့သည် အရေးကြီးသော လိုအပ်ချက်တစ်ရပ် ဖြစ်လာပေသည်။

သို့အတွက်ကြောင့် အာဆီယံဒေသတွင်းနိုင်ငံများရှိ သမဝါယမအသင်းများပူးပေါင်းကာ **အာဆီယံစိုက်ပျိုးရေး သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့**ကို ဖွဲ့စည်းပြီး အာဆီယံဒေသတွင်းရှိ ပြည်သူများအတွက် ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများကို အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များက စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့သမဝါယမသည် အာဆီယံ စိုက်ပျိုးရေးသမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး အာဆီယံဒေသတွင်းရှိ ပြည်သူများ (အထူးသဖြင့် တောင်သူလယ်သမားများ) လူနေမှု အဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးသမဝါယမအသင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်၊ စိုက်ပျိုးရေးသမဝါယမအသင်းများ၏ လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို စဉ်ဆက်မပြတ်အားပေးမြှင့်တင်ဆောင်ရွက်ရန်၊ အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်အထောက်အကူဖြစ်စေမည့် သတင်းအချက်အလက်များ၊ အတွေ့အကြုံများနှင့် အယူအဆများဖလှယ်ရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေး၊ ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များ အဆင့်မြှင့်တင်ရာတွင် ပူးပေါင်းဆောင်ရွက်ရန်၊ စိုက်ပျိုးရေး သမဝါယမအသင်းများတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်ဆိုသည့် ကောင်းမွန်မွန်မြတ်သည့် အာဆီယံ စိုက်ပျိုးရေး သမဝါယမ အသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ ရည်ရွယ်ချက်များအတိုင်း လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့သမဝါယမသည် အဆိုပါ ရည်ရွယ်ချက်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးသမဝါယမအသင်းများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ဆောင်ရွက်ခြင်း၊ ဘဏ္ဍာငွေရရှိအောင် ဆောင်ရွက်ခြင်း၊ ဈေးကွက်များဖော်ဆောင်ခြင်း စသည့်လုပ်ငန်းစဉ်များကို အဓိကထားဆောင်ရွက်လျက်ရှိသည့်အပြင် အသင်းသားတောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ရှေးရှုပြီး သမဝါယမ

*စာမျက်နှာ ၂၁ သို့*

# ကော့မှူးမြို့နယ်၌ လေးနှစ်အတွင်း လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းခွဲပေါင်း ၇၉၇ ခု ဆောင်ရွက်နိုင်ခဲ့



လူထုဗဟိုပြုစီမံကိန်း၏ သက်ဆိုင်သူပေါင်းစုံပါဝင်သော ဆွေးနွေးပွဲကျင်းပစဉ်။

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော လေးနှစ်အတွင်း ကျေးရွာအုပ်စု ၅၅ စု၊ ကျေးရွာပေါင်း ၁၃၄ ရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းခွဲပေါင်း ၇၉၇ ခုကို ကျပ် ၆၄၁၁ သန်း အကုန်အကျခံ၍ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းရုံးမှ စီမံကိန်းတာဝန်ခံ ဒေါ်ဥမ္မာခိုင် ထံမှ သိရသည်။

ကော့မှူးမြို့နယ် လူထုဗဟိုပြုစီမံကိန်း(စတုတ္ထနှစ်စက်ဝန်း)အတွက် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ကော့မှူးမြို့နယ်ခန်းမ၌ ဇွန် ၂၇ ရက်က ကျင်းပခဲ့ရာတွင် စီမံကိန်းတာဝန်ခံက ပြောကြားခြင်းဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲတွင် ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လူထုဗဟိုပြု စီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းကာ ကျေးရွာအုပ်စုများမှ လူထုဗဟိုပြုစီမံကိန်း ကိုယ်စားလှယ်များကလည်း ခေါင်းစဉ် ခုနစ်ခုကို အုပ်စုများခွဲ၍ ဆွေးနွေးခဲ့ကြသည်။

ကော့မှူးမြို့နယ်၌ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို ဖော်ဆောင်နိုင်ခဲ့ခြင်းကြောင့် စီမံကိန်းမစတင်မီ အချိန်ထက် ၈၀ ရာခိုင်နှုန်းခန့် တိုးတက်မှုများရရှိလာကြောင်း သိရသည်။ ကော့မှူးမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဆွေဝင်းက "ကော့မှူးမြို့နယ်မှာ ဒီနှစ် အပါအဝင် နှစ်အလိုက် စက်ဝန်းအလိုက် လူထုကို တိုက်ရိုက်ထောက်ပံ့တဲ့ငွေတွေနဲ့ စီမံကိန်းလုပ်ငန်းတွေကို အကောင်အထည်ဖော်ပေးနိုင်ခဲ့လို့ နှစ်အလိုက် တိုးတက်လာတာလည်း မြင်ကြရမှာပါ"ဟုပြောကြားသည်။

ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးစိုးကျော်သူကလည်း "အခုလေးနှစ် အကောင်အထည်ဖော်ပေးခဲ့တာ အတော် ပြည့်စုံသလောက်ရှိသလို အချို့ရွာတွေမှာတော့ လိုအပ်ချက်တွေရှိသေးတယ်၊ ဒါကို မကြာခင်ကျင်းပမယ့် မြို့နယ်စီမံကိန်းရေးဆွဲရေး လုပ်ငန်းအစည်းအဝေးမှာ သက်ဆိုင်ရာဌာနတွေကို ချပြပြီး ဘတ်ဂျက်အလိုက် ဆောင်ရွက်နိုင်ရေးကို တင်ပြသွားပါ့မယ်"ဟု ပြောသည်။

ကော့မှူးမြို့နယ်၌ ယခုနှစ် စတုတ္ထနှစ် စီမံကိန်းစက်ဝန်းတွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၂၀၉ ခုကို ဖော်ဆောင်ခဲ့ရာ လက်ရှိတွင် လုပ်ငန်း ၁၉၈ ခုမှာ ရာနှုန်းပြည့်ပြီးစီး၍ ကျန်လုပ်ငန်းများမှာ ဇူလိုင်လအတွင်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**

# ကော့သောင်းခရိုင်၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ကွင်းဆင်းဆောင်ရွက်

**ကော့သောင်း ဇွန် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်း တရားမဝင်ကုန်စည်စီးဆင်းမှုများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် ဌာနဆိုင်ရာများ ပူးပေါင်းထားသည့် ကော့သောင်းခရိုင် တရားမဝင်ကုန်သွယ်မှုတားဆီးရေး အထူးအဖွဲ့ဖြင့် ကော့သောင်းမြို့နယ်အတွင်း တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးလုပ်ငန်းကို ဇွန် ၂၇ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



နယ်စပ်ဝင်ပေါက်လှေဆိပ်များ၌ တာဝန်ရှိသူများ လိုက်လံစစ်ဆေးစဉ်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့သည် တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ထိုင်း-မြန်မာ နယ်စပ်ဝင်ပေါက်များဖြစ်သည့် ကော့သောင်းမြို့ပေါ်ရေဆိပ်၊ ငွေပင်လယ်ဆိပ်ခံတံတား၊ တော်ဝင်ဆိပ်ကမ်းတံတား၊ နယ်စပ်ဖြတ် ကူးတို့လှေဆိပ်နှင့် ပါချန်မြစ်ကမ်းတစ်လျှောက်မှ နယ်စပ်ကျေးရွာများဖြစ်သည့် မလိဝမ်းကျေးရွာ၊ ၂၂ မိုင် ကျေးရွာ၊ ဘန်းကချွန်ကျေးရွာ လှေဆိပ်များမှတစ်ဆင့် တစ်ဖက်နိုင်ငံမှ တရားမဝင်ကုန်စည်များ ဝင်ရောက်လာခြင်းရှိမရှိကို ကြပ်မတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် ကော့သောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံအရပ်ရပ်သို့ ပြေးဆွဲထွက်ခွာမည့် ခရီးသည်တင်နှင့် ကုန်တင်ယာဉ်များတွင် တင်ဆောင်ထားသည့် ကုန်ပစ္စည်းများအတွက် နိုင်ငံတော်သို့ အခွန်ဆောင်ထားခြင်းရှိမရှိ၊ ကန့်သတ်တားမြစ်ထားသည့် တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်ခြင်းရှိမရှိနှင့် ဥပဒေနှင့်မလွတ်ကင်းသည့်ကုန်ပစ္စည်းများ တင်ဆောင်ခြင်းရှိမရှိ စသည်တို့ကိုလည်း လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ခင်ဦးမြို့နယ်တွင် မိုဘိုင်းဖုန်းသုံးစွဲမှုအခြေအနေ လေ့လာမှုစစ်တမ်းကောက်ယူ

**ခင်ဦး ဇွန် ၂၈**

ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုဆိုင်ရာတန်ဖိုးများကို ပိုမိုခိုင်မာသည့် ခန့်မှန်းမှုဖြစ်စေရန်နှင့် ၂၀၀၈ SNA နှင့်အညီ ပြုစုရာတွင် ဆက်သွယ်ရေးအော်ပရေတာ အမျိုးအစားအလိုက်၊ လအလိုက် ဆက်သွယ်ရေးဝန်ဆောင်ခနှင့် ကုန်ကျစရိတ်စာရင်းများကို သိရှိစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်း မိုဘိုင်းဖုန်းသုံးစွဲမှု အခြေအနေကို မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တိုးတိုးနိုင်နှင့် ဝန်ထမ်းများက ဇွန် ၂၆ ရက်မှစ၍ ကွင်းဆင်း စာရင်းကောက်ယူလျက်ရှိသည်။ အဆိုပါအဖွဲ့သည် ခင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်နှစ်ခုနှင့်ကျေးရွာအုပ်စုနှစ်စုရှိ မိုဘိုင်းဖုန်းသုံးစွဲသူများနှင့် မိုဘိုင်ဖုန်း အရောင်းဆိုင်ကြီး နှစ်ဆိုင်တို့ကို ကျပန်းရွေးချယ်၍ မိုဘိုင်းဖုန်းသုံးစွဲမှုအခြေအနေ၊ သုံးစွဲသည့် ဆင်းကတ်အမျိုးအမည်နှင့် သုံးစွဲမှု၊ ဆင်းကတ်နှင့် ငွေဖြည့်ကတ်ရောင်းချမှု၊ လုပ်ငန်းသုံး ကုန်ကျစရိတ်များ စသည့် အချက်များကို မေးမြန်းစစ်တမ်းကောက်ယူခဲ့ကြောင်းနှင့် အဆိုပါ စစ်တမ်းကောက်ယူမှုတွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုပေါင်း ၁၀၈ သိန်းကျော်အနက် အိမ်ထောင်စု ၁၃၂၀၀ ကို နမူနာကောက်ယူမည်ဖြစ်ကြောင်း ဦးစီးအရာရှိ၏ ပြောကြားချက်အရ သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

# မိုးနဲမြို့၌ တောင်သူပညာပေးဆွေးနွေးပွဲပြုလုပ်ပြီး အစားထိုးသီးနှံမျိုးစေ့များ ပေးအပ်

**မိုးနဲ ဇွန် ၂၈**

ရှမ်းပြည်နယ် မိုးနဲမြို့နယ် နောင်ယာဆိုင်းကျေးရွာမှ ဒေသခံတောင်သူများအား စိုက်ပျိုးရေးဆိုင်ရာများ ပညာပေးဆွေးနွေးပွဲနှင့် အစားထိုးသီးနှံမျိုးစေ့များ ပေးအပ်ပွဲကို ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဇွန် ၂၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးထက်က အစားထိုးသီးနှံများပေးအပ်သည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်မင်းပိုင်ဝင်းက မူးယစ်ဆေးဝါးကင်းစင်ရေးနှင့် လူကုန်ကူးမှုမဖြစ်စေရေး သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငိုပွယ်က ငမြောင်တောင်ပိုးကာကွယ်နှိမ်နင်းရေး ဆောင်ရွက်နေမှု အခြေအနေနှင့် တောင်သူများ ပိုးသတ်ဆေးဖျန်းရာတွင် ထိရောက်မှုရှိစေရေးအတွက် နည်းစနစ်များကိုလည်းကောင်း အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အစားထိုးသီးနှံမျိုးစေ့များအဖြစ် အထူးအထွက်တိုးစပ်မျိုးစပါး ၃၅၀ ကီလို(ဧက ၅၀ စာ)နှင့် ငမြောင်တောင်ပိုးသတ်ဆေးများကို ဒေသခံ တောင်သူများထံ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့သည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ဘော်လခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်များ၏ လူထုဗဟိုပြုစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပ

**ဖားဆောင်း ဇွန် ၂၈**

စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ္ဘာ့ဘဏ်အကူအညီဖြင့် ကယားပြည်နယ် ဘော်လခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်တို့၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)၏ မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ဇွန် ၂၇ ရက်က ဖားဆောင်းမြို့ ဖားစည်သံလွင်ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ် စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဘော့စကိုက လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းများကို ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်ခု၌ အကောင်အထည်ဖော်နေ၍ ပြည်နယ်လုံးကျွတ် လွှမ်းခြုံနိုင်ခြင်းဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် ပွင့်လင်းမြင်သာစွာဖြင့် နည်းစနစ်တကျ လုပ်ဆောင်ရသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် အားသာချက်၊ အားနည်းချက်နှင့် အခက်အခဲများရှိပါက ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်သူအောင်က လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ဘော်လခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးအောင်ကျော်ဦးက တတိယနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ဆွေးနွေးပွဲတက်ရောက်သူများက အုပ်စုများခွဲ၍ ဆွေးနွေးကြသည်။

ဆက်လက်၍ မြို့နယ်သုံးခုအတွင်း လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်ရာတွင် ကျေးရွာအုပ်စုအဆင့် အကောင်းဆုံးဆုနှင့် ကျေးရွာအဆင့် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကျေးရွာများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး မြို့နယ်အလိုက် စီမံကိန်းဆောင်ရွက်မှု ပြခန်းများကို တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

**ဝတ်ရည်**



မြို့နယ်အလိုက် စီမံကိန်းဆောင်ရွက်မှု ပြခန်းများကို တာဝန်ရှိသူများ ကြည့်ရှုနေစဉ်။

*စာမျက်နှာ ၂၀ မှ*

အသင်းများ၏ ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အရည်အသွေး စံချိန်စံညွှန်းပြည့်မီသည့် လယ်ယာထွက်ကုန်ပစ္စည်းများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ စိုက်ပျိုးထုတ်လုပ်ရာတွင် တွေ့ကြုံရနိုင်သည့် စွန့်စားရမှု အနည်းဆုံးဖြစ်အောင် နည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ရရှိထားပြီးဖြစ်သော ဈေးကွက်ကို ပိုမိုခိုင်မာမှုရှိအောင် တည်ဆောက်ပြီး ဈေးကွက်သစ်ရှာဖွေဖော်ထုတ်ရေးတို့ကို အာဆီယံဒေသတွင်း နိုင်ငံများအကြား ကွန်ရက်သဖွယ် သမဝါယမအသင်းအချင်းချင်း ပူးပေါင်း၍ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

**အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ဖို့ သမဝါယမအသင်းများက ဆောင်ရွက်စို့**

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတွင်းရှိ သမဝါယမ အသင်းသားပြည်သူများနှင့် အာဆီယံဒေသတွင်းရှိ သမဝါယမအသင်းသား ပြည်သူများအားလုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုအခက်အခဲများ လျော့ပါးသက်သာစေရေးအတွက် အာဆီယံဒေသတွင်း နိုင်ငံများရှိ သမဝါမအသင်းများအားလုံးက အလေးထားဆောင်ရွက်ကြရမည့်အပြင် သမဝါယမအသင်းများ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် သီးနှံအထွက်နှုန်း တိုးတက်မြင့်မားလာစေရေး၊ စိုက်ပျိုးရေး ထုတ်ကုန်များ ဈေးကောင်းရရှိစေရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်စေရေးတို့ကို ဦးတည်ဆောင်ရွက်ပေးရမည်ဖြစ်ပေသည်။ ထိုနည်းတူ မြန်မာ့သမဝါယမကဏ္ဍမှလည်း မိမိတို့နိုင်ငံတွင်းရှိ သမဝါယမအသင်းနှင့် အသင်းသားများအတွက် ဆောင်ရွက်ပေးခြင်းအားဖြင့် အမျိုးသမီးများ အပါအဝင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် သမဝါယမအသင်းသားတောင်သူလယ်သမား မိသားစုများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာပြီး တစ်ဦးချင်းဝင်ငွေလည်း တိုးတက်ရရှိလာမည်ဖြစ်ပေသည်။ သို့မှသာ ယခု ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကျရောက်သော (၂၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဆောင်ပုဒ်ဖြစ်သည့် **အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ဖို့ သမဝါယမအသင်းများက ဆောင်ရွက်စို့ ( Coops for Decent Work )** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာ့သမဝါယမစွမ်းပကားဖြင့် စီးပွားရေးမဏ္ဍိုင်ခိုင်မြဲမှုကို ထုတ်ဖော်ပြသနိုင်မည်ဖြစ်ပြီး အာဆီယံ ဒေသတွင်းသို့တိုင်အောင် ဂုဏ်ယူဝံ့ကြွားနိုင်မည် ဖြစ်ပေတော့သည်။ ။

**၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုလျက် ...**

## မြို့မကျောင်းသား/ကျောင်းသူဟောင်းအသင်း (အထက-၂/၃)ဒဂုံ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ (၃၉)ကြိမ်မြောက်သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကျင်းပမည့်အစီအစဉ်

၁၃၈၁ခုနှစ် ဝါဆိုလဆန်း ၅ရက် (စနေနေ့) ၆-၇-၂၀၁၉ရက်တွင် မြို့မကျောင်းသား/ ကျောင်းသူဟောင်းအသင်းတိုက်တည်ရှိရာ အမှတ်(၆၈)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်ရှိ မြတ်မွန်ရတနာခန်းမ၌ အောက်ဖော်ပြပါအတိုင်း အခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ပါသည်။

အစီအစဉ်(၁) - နံနက် ၈း၃၀ နာရီတွင် သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်း။

အစီအစဉ်(၂) - နံနက် ၁၀နာရီတွင် (၃၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့်သက်ကြီးဆရာ၊ ဆရာမများအား ပူဇော်ကန်တော့ပွဲကျင်းပခြင်း။

အစီအစဉ်(၃) - မွန်းလွဲ ၁း၃၀နာရီတွင် နှစ်ပတ်လည်အစည်းအဝေးကျင်းပခြင်း

မြို့မကျောင်းသားကျောင်းသူဟောင်းများ(အထက-၂/၃)ဒဂုံကျောင်းသား ကျောင်းသူဟောင်းများနှင့် ဆရာ/ဆရာမဟောင်းများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့မှ လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဖုန်း-၀၁-၂၅၀၁၅၃ 
၀၉-၇၃၀၁၁၇၀၇၊ ၀၉-၇၆၅၇၁၁၇၀၇

**အလုပ်အမှုဆောင်အဖွဲ့**
**မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း**




### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/7890 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 62W/41821, Honda Wave -110 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဇော်ဦး ၁၄/ဟသတ(နိုင်)၂၇၅၂၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟင်္သာတ)**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ် (၂/ဟော်ကုန်းရပ်)၊ ဦးပိုင်အမှတ် (၂၀)၊ မြေယာ အမှတ်(၅၇)၊ မြေဧရိယာ ၀ဒသမ ၁၂၉ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးမောင်မောင်ဝိန် ၉/မရမ(နိုင်)၀၆၄၅၆၉မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦး လွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ မြေပုံကျေးရွာအုပ်စု၊ကွင်းအမှတ် (ပြင်)၊ ဦးပိုင်အမှတ်(N-၄၇)၊ မြေဧရိယာ၂ဒသမ ၀၈ဧကရှိ ယာမြေအား ဒေါ်ယသသီဂီ ၅/စကန(သီ)၀၆၁၆၈ မှ သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် ပြင်ဦးလွင်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေပုဒ်မ(၃၀)အရ အခြားနည်း အသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါ လယ်ယာမြေနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**
**ပြင်ဦးလွင်**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော် အိမ်ရာဝင်းအတွင်းရှိ သန်လျင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့် တိုက်အမှတ်(ဘီ-၄)၊ အခန်းအမှတ်(၁၀၁၅)၊ Type-A, Area (၁၂၆၁)sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား တိုက်ခန်းရောင်းချသူများဖြစ်သော ဒေါ်စန္ဒာထွန်း ၁၂/ကမတ(နိုင်) ၀၅၃၆၄၈ ထံမှအပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံ သောစာချုပ်စာတမ်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီနီနွယ် (TKA-095635)**
**ဖုန်း-၀၉-၅၁၅၂၆၆၆**

### ရှင်းလင်းအသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၄၈)ပထမထပ်နေ ဦးစိန်ဝင်း** (ဦးအေးလှိုင်-ဒေါ်အေး)တို့၏သား ၁၂/မဂတ(နိုင်)၀၁၄၄၄၃ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းရှင်းလင်းအသိပေးကြေညာအပ်ပါသည်။ **ဦးစိန်ဝင်း၏ အစ်ကိုဖြစ်သူ ဦးခင်မောင်ဝင်း အသက်(၈၁)နှစ်သည်** ဦးစိန်ဝင်း၏ နေအိမ်တွင် ၂၃-၆-၂၀၁၉ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားခဲ့ပါသည်။

ဒေါ်တင်တင်အေးသည် **၇-၃-၁၉၉၈**ခုနှစ်ကတည်းက ခင်ပွန်းဖြစ်သူ ဦးခင်မောင်ဝင်းအား စွန့်ပစ်ခဲ့ပြီး လင်ခန်းမယားခန်းပြတ်စဲခဲ့သည်မှာ ဦးခင်မောင်ဝင်း ကွယ်လွန်သည့်အချိန်ထိ ဦးစိန်ဝင်း၏နေအိမ်တွင် ပေါင်းသင်းနေထိုင်ခြင်းမရှိခဲ့ပါ။ **(၂၇-၆-၂၀၁၉)**ရက်စွဲပါ သတင်းစာများတွင် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် ဒေါ်တင်တင်အေးမှ ကြော်ငြာခြင်းဖြစ်ကြောင်း၊ ဒေါ်တင်တင်အေးအနေဖြင့်ဦးစိန်ဝင်းနှင့် မိသားစုနေထိုင်သောအထက်ဖော်ပြပါ နေအိမ် နှင့်မည်သို့မျှပတ်သက် သက်ဆိုင်ခြင်းမရှိဘဲ ကြော်ငြာခြင်းပြုပါက တည်ဆဲဥပဒေများအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ဝင်း**
**B.A(LAW), LL.B, D.I.L,D.M.L,DA Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၉၄/၁၉၈၂)**
**အခန်း(D-1)၊ အမှတ်(၅၀)၊ (ပ)ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၅၄၁၅၄၊ ၀၉-၂၅၄၀၅၁၄၇၈**

### သားအဖြစ်မှစွန့်လွှတ်ခြင်း

မကွေးမြို့၊ အောင်စေတနာ(စီ)၆လမ်း၊ အမှတ် ၂၉၉နေ ဒေါ်သင်းသင်းခိုင်၏သား၊ မောင်ရှိုင်းဝေယံ ၈/မကန(နိုင်)၂၅၇၈၇သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ မိခင်အား ကိုယ်ထိလက်ရောက် ရန်ပြုမှုမှုများ ပြုလုပ်လာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင်-ဒေါ်သင်းသင်းခိုင်**
**၈/မကန(နိုင်)၀၃၇၂၅၂**

### ဖခင် အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ အထက(ခွဲ) စကု၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဉာဏ်လင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးဉာဏ ၈/မဘန(နိုင်)၀၈၀၇၅၇ ဖြစ်ပါကြောင်း။

**ဦးဉာဏ**

### ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊အထက ကုန်းဇောင်း တက္ကသိုလ်ဝင်တန်း (B) မှ မနှင်းအိရွှေရည်နှင့် ဆဋ္ဌမတန်း (A)မှ မကေဒီဒီဂျူးတို့၏ ဖခင်အမည်မှန်မှာ ဦးလှထွေး ၈/ပဖန(နိုင်)၀၃၅၁၈၈ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

သံဖြူဇရပ်မြို့နယ်၊ ကျုံကဒါတ် အထက တက္ကသိုလ်ဝင်တန်းမှ ဦးထွန်းနိုင်၏သမီး မနီနီလင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၇-၂၀၀၃ ဖြစ်ပါကြောင်း။

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ အင်ဂျင်နီယာမှူး (စက်မှု/တိုင်း) တိုင်း(၁)လက်အောက်ရှိ မိုးညှင်းစက်ရုံမှ ချောဆီပျက်(၁၉၆၄.၅)ဂါလံ၊ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်း(၃)လက်အောက်ရှိ မန္တလေးစက်ရုံမှ ချောဆီပျက်(၄၇၀၀)ဂါလန်နှင့် ပြင်ဦးလွင်စက်ရုံမှ ချောဆီပျက်(၇၀၀)ဂါလန်၊ စုစုပေါင်း ချောဆီပျက်(၇၃၆၄.၅)ဂါလန်ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ပါအတိုင်း လေလံတင် ရောင်းချမည်ဖြစ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၇-၂၀၁၉ရက်မှ ၂၉-၇-၂၀၁၉ရက် ညနေ ၄း၃၀ နာရီအထိ

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်) ရုံး၊ မန္တလေးဘူတာကြီး

(ဂ) **တင်ဒါယှဉ်ပြိုင်ကြေး ပေးသွင်းရမည့်ရက်** - ၃၀-၇-၂၀၁၉ရက် (အင်္ဂါနေ့) နံနက်၉နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ပေးသွင်းရမည်။

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ၃၀-၇-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီ

(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်)ရုံး၊ မန္တလေးဘူတာ၊ တတိယထပ်

၂။ တင်ဒါပုံစံများကို အထက်ဖော်ပြပါဌာနတွင် ၃-၇-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်)မန္တလေး**
**မန္တလေးဘူတာကြီး၊ တတိယထပ်၊ အထက်မြန်မာပြည်အုပ်ချုပ်ရေးဌာန**
**ဖုန်း-၀၂-၄၀၃၅၈၂၉၊ ၀၂-၄၀၃၅၈၂၈**

### ဖခင်အမည်မှန်

ဆိပ်ဖြူမြို့၊ အထက၊ နဝမတန်းမှ မောင်သန့်ဇင်အောင်၏ဖခင် အမည်မှန်မှာ ဦးမျိုးမြင့်မောင် ၈/ဆဖန(နိုင်)၀၆၀၀၄၂ ဖြစ်ပါကြောင်း။

**ဦးမျိုးမြင့်မောင်**

### ဖခင်အမည်မှန်

ဦးကွန်ထိုး၏သား သံဖြူဇရပ်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ဝင်းသိန်း၏ဖခင်အမည်မှန်မှာ ဦးအောင်ထိုး ၁၀/သဖရ(နိုင်)၀၆၅၅၀၁ ဖြစ်ပါကြောင်း။

**ဦးအောင်ထိုး**

### ဖခင်အမည်မှန်

ဆိပ်ဖြူမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်ပိုင်၊ အထက(ခွဲ) တပေါင်းကျေးရွာဆဋ္ဌမတန်းမှ မောင်ဇေယျာဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးစိန်လင်း ၈/ဆဖန(နိုင်)၀၅၇၂၈၆ ဖြစ်ပါကြောင်း။

**ဦးစိန်လင်း**

### ဖခင်အမည်မှန်

ဦးမောင်စိုး၏သား သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိကျေးရွာ အထက စတုတ္ထတန်းမှ မအေးသန္တာစိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးသိန်း ၁၀/သဖရ (နိုင်) ၁၂၀၁၆၉ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်သာမြို့၊ လှည်းကူးမအုပ်စု၊ ရတနာပုံကျေးရွာနေ ဦးကြည်စိုး၏ သမီး မဇာကြည်လင်းနှင့် မဇာခြည်လင်း ၉/တသန(နိုင်)၂၀၅၃၁၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

၂၀၁၉ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခုံအမှတ်(ဖရ-၂၅၈၆)ဖြင့် အောင်မြင်သော မအေးညီမ်း၏ဖခင်အမည်မှန်မှာ ဦးအောင်ကို ၈/ရနခ(နိုင်)၁၃၂၂၆၁ ဖြစ်ပါကြောင်း။

**ဦးအောင်ကို**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၅၄-က)၊ ဦးပိုင်အမှတ် (၁၈)၊ မြေဧရိယာ ၁ဒသမ ၃၀ဧကရှိယာမြေအား ဒေါ်ရီရီဆွေ ၉/မရမ(နိုင်)၀၀၆၀၆၉မှ အပန်းဖြေဥယျာဉ်နှင့် လူနေအိမ်ဆောက်လုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ(၃၀)အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါလယ်ယာမြေနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**
**ပြင်ဦးလွင်**

### အများသိစေရန်ကြေညာခြင်း

မြင်းမူမြို့နယ်၊ ဆပွန်းကုန်းကျေးရွာအုပ်စု၊ ဆိပ်သာကျေးရွာနေ ဒေါ်စန်းငွေ ပိုင်ဆိုင်သည့် အရှေ့လားသော် ဦးသန်းစိုး၊ အနောက်လားသော်-ရွာလမ်း၊ တောင်လားသော်-ဦးမောင်မော်၊ မြောက်လားသော်-ဦးဖိုးကျောက်၊ ဦးမြင့်သူတို့အတွင်းရှိ အိမ်၊ အိမ်ဝိုင်းမြေ၊ သစ်ပင်တို့အပါအဝင် လုပ်စားမြေဖြစ်သည့် လယ်ယာမြေအားလုံးတို့သည် သားသမီးများဖြစ်ကြသော ဒေါ်တင်နွယ် ၅/မမတ(နိုင်)၀၀၄၀၃၅၊ ဦးအောင်ကျော် ၅/မမတ(နိုင်)၀၃၇၀၁၂၊ ဒေါ်ညွှန့်ညွှန့်နွယ် ၅/မမတ(နိုင်) ၀၇၇၇၂၄၊ ဦးဝင်းဗိုလ် ၅/မမတ(နိုင်)၀၅၈၄၆၃ တို့ ပိုင်ဆိုင်သည့် အမွေဆိုင်ပစ္စည်းပါကြောင်းနှင့် ၎င်းတို့(၄)ဦး၏သဘောတူညီချက်မရှိဘဲ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားနည်းတစ်ခုခုဖြင့် လွှဲပြောင်းပေးခြင်းများပြုလုပ် ခွင့်ပြုမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်နွယ်၊ ဦးအောင်ကျော်**
**ဒေါ်ညွှန့်ညွှန့်နွယ်၊ ဦးဝင်းဗိုလ်**
**ဆပွန်းကုန်းကျေးရွာအုပ်စု၊ ဆိပ်သာကျေးရွာ**
**မြင်းမူမြို့နယ်**
**ဖုန်း-၀၉-၄၀၀၅၄၇၄၀၇**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၄)ရပ်ကွက်၊ နှင်းဆီလမ်းခွဲ၊ မြေတိုင်းရပ်ကွက်အမှတ် (င-၁၂)၊မြေကွက်အမှတ် (၃၃၁)၊ဧရိယာ (၆၀ပေ× ၆၀ပေ) အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့်ပတ်သက်၍ ဒုတိယဗိုလ်မှူးကြီးဝေလင်း ၁၂/သလန(နိုင်)၀၆၅၅၂၉၊ LTA-၀၀၃၁၆၂ မှ အမည်ပေါက်ပြီး ယခုအပိုင်ရောင်းချသူ ဒေါ်မြမြဝင်း ၁၂/လသန(နိုင်)၀၀၉၆၈၁က ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးမင်းဆွေ(စဉ်-၁၄၄၀၄)၊ ဒေါ်ခင်မာနွယ်(စဉ်-၁၄၂၆၂)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ရတနာမွန်(စဉ်-၂၇၆၃၅)၊ ဦးအောင်မျိုးသူ(စဉ်-၄၆၅၄၅)**
**အထက်တန်းရှေ့နေများ**
**အမှတ် ၁၄၇၊ တတိယထပ်၊ မြို့သစ် ၁ လမ်း၊ ကျောက်မြောင်း၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**(ဖုန်း)-၀၉- ၄၃၁၆၇၂၉၆၊ ၀၉-၄၂၁၀၂၂၁၁၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလထိ) (၁၂)လ ဘတ်ဂျက် ချင်းပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေနှင့် နတလ ဦးစီးဌာန ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ခွေဗားရေထွက်မှ ရေသွယ်ယူမည့် ထန်တလန်မြို့ ရေပေးရေးလုပ်ငန်းအား အထူးကျွမ်းကျင်မှုနှင့်လုပ်ငန်းသဘာဝအရ စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်းဆောင်ရွက်ရန်ဖြစ်ပါ၍ စံချိန်စံညွှန်းမီအရည်အသွေးပြည့်ဝသော HDPE ပိုက်၊ သံပိုက်နှင့်ပိုက်ဆက်ပစ္စည်းများကို မြန်မာ(ကျပ်ငွေ)ဖြင့်ဝယ်ယူလိုပါသဖြင့် ပစ္စည်းတင်ဒါပေးသွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ဒုတိယအကြိမ်ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၉-၆-၂၀၁၉ရက်(ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၃-၇-၂၀၁၉ရက် (ညနေ ၄း၃၀ နာရီ)
**တင်ဒါစိစစ်ရောင်းချမည့်ရက်** - ၁၅-၇-၂၀၁၉ရက် (နံနက် ၁၀နာရီ) ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့အစည်းအဝေးခန်းမ၊ ဟားခါးမြို့
**ဆက်သွယ်ရန်ဖုန်း** - ၀၇၀-၂၁၃၂၁၊ ၀၉-၄၅၉၅၉၈၁၅၁၊ ၀၉-၄၃၀၁၀၁၃၈၊၀၉-၂၆၂၆၉၉၅၉၁

၂။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ မြို့သစ်ရပ်ကွက်၊ တလန်ဟရောန်လမ်း၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ဖခင် အမည်မှန်

ပွင့်ဖြူမြို့နယ်၊ အထက ရောက်တော တက္ကသိုလ်ဝင်တန်း(D) မှ မောင်ခိုင်ဇော်ဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုး ၈/ပဖန(နိုင်)၁၂၈၇၂၅ ဖြစ်ပါကြောင်း။

**ဦးမောင်စိုး**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၆-၂၀၁၉ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၁)ရှိ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၆ဘီ၊ မြေကွက်အမှတ်-၁၅ဘီ/၁၉အေ-၁၊ ၀ဒသမ၀၇၇၈ဧက၊ မြေကွက်တည်နေရာ အမှတ်-၉၈ အက်ဖ်/၂၊ အင်းလျားလမ်း၊ (၉)ရပ်ကွက် တွင်ပိုင်ဆိုင်ကြောင်းစာသား အပြင်ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးဟု ပြင်ဆင်ဖတ်ရှုပါရန်။

### အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဟင်္သာတမြို့နယ်၊ သက္ကယ်ပြင်အုပ်စု၊ သဲထုံးကျေးရွာမှ ဦးလှဌေး၏သမီး မဇာနည်အောင်အား မဇင်မာဌေးဟု ပြောင်းလဲခေါ်ပါရန်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၉-၄-၁၉၈၉ ဖြစ်ပါသည်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဇလွန်မြို့၊ အထကပျဉ်းမကုန်း၊ ၂၀၁၉ခုနှစ် တက္ကသိုလ်ဝင်တန်းမှ အ.ဇ.ပ-၆ ဖြင့် အောင်မြင်ခဲ့သော မဝေမာထွန်း၏ဖခင်ဦးနိုင်ထွန်းနှင့် ဦးကျော်နိုင်ထွန်း ၁၄/ဇလန(နိုင်) ၁၅၀၀၈၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးနိုင်ထွန်း(ခ)ဦးကျော်နိုင်ထွန်း**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/6740 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ ၇ လမ်း၊ မြေကွက်အမှတ် (၃၇)၊ခေါင်းရင်းခြမ်း၊ ဧရိယာပေ (၁၂½X၅၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အား ပိုင်ဆိုင် ၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖွားတင် ၁၂/သဃက(နိုင်)၀၅၃၃၉၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်သန်း ၁၂/သကတ(နိုင်)၀၈၇၇၆၅က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**(ရုံး) အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**(ဖုန်း)-၀၉- ၈၉၂၀၉၀၁၇၂**

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ်(က)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(ဂ)ဟု ခေါ်တွင်သည့် (၂)ခန်းတွဲ(၉)ထပ်တိုက်အဆောက်အအုံ၏ (၆-လွှာ)တိုက်ရှေ့ မျက်နှာမူလျှင် (ညာ-ဘက်)၊ အကျယ်အဝန်း(၁၄ပေထ ၆ဂပေ)ရှိ တိုက်ခန်းအား ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဦးစည်သူမျိုးလွင် ၁၀/မလမ(နိုင်)၀၇၅၈၃၅ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေများမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉၊ ၀၉-၂၅၄၂၇၈၃၃၆**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ငရုတ်ကောင်းမြို့၊ ငပုတောမြို့နယ်၊ ကျွေချိုင်ကျေးရွာ၊ ကွင်းအမှတ် ၆၇၈၊ ဦးပိုင်အမှတ်( N ၂၉၈) ၊ ဧရိယာ ၅ဒသမ ၀၀ဧက မြေနှင့် ယင်းမြေ၏ အကျိုးခံစားခွင့် အရပ်ရပ် ကို လက်ဝယ်ထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းဝင်း ၁၂/သကတ(နိုင်)၀၄၆၁၄၆ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကိုလတ် ၁၂/ဒဂတ(နိုင်) ၀၈၀၃၆၇ မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော် ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကိုလတ် ၁၂/ဒဂတ(နိုင်)၀၈၀၃၆၇ MHT၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူလွင်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၂၃)**
**တိုက်(၉/၁၁)၊(လေးလွှာ)၊ အခန်း (၃၀၆)**
**၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၁၃၂၉၇၈**

## ဒေါ်ခင်လှကြည်(ခ)ဒေါ်လှလှ
**(တောင်တွင်းကြီး)**
**အသက်(၈၃)နှစ်**

တောင်တွင်းကြီးမြို့၊ အုန်တော(၁)၊ အပိုင်း၅နေ ဦးမောင်ငယ်-ဒေါ်သိန်းမေတို့၏သမီး၊ (ဦးသိန်းဝင်း)၏ဇနီး၊ ဦးဘသွင်-ဒေါ်သိန်းတင့်၊ (ဦးမောင်မောင်မြင့်)-ဒေါ်ခင်သင်းကြူတို့၏ညီမ၊ ဦးမြသွင်-ဒေါ်စန်းစန်းတို့၏အစ်မ၊ (ဦးမျိုးသွင်)၊ ဦးစောမြင့်-ဒေါ်ချိုချိုဝင်း၊ ဒေါ်စိုးစိုးဝင်း၊ ဦးကျော်ဆောင်-ဒေါ်ဆွေဆွေဝင်း၊ ဒေါ်အေးအေးဝင်းတို့၏မိခင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၇-၆-၂၀၁၉ရက် ည ၁၁း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၉ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူးစောမြတ်မင်း (ငြိမ်း)
**O.T.S (၃၉)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ် ၇၃(မြေညီ-B)နေ ဒေါ်ခင်လင်းမေ(အထက -၂၊ လသာ၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးစောလုံ-ဒေါ်စောမြ)တို့၏သား၊ (ဦးမိုင်-ဒေါ်အေးကြည်)တို့၏ သားသမက်၊ ဒေါ်ထူးထူးမြတ်မင်း၊ ဦးမင်းကျော်ဇင်-ဒေါ်နိုင်နိုင်ဦး၊ ဦးပြည့်စုံချစ်တို့၏ဖခင်၊ မောင်အံ့ဘုန်းမောင်၏ အဘိုးသည် ၂၈-၆-၂၀၁၉ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၉ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
**ဦးမောင်မောင်ဝင်း** အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ ၂၂လမ်း၊ အမှတ် ၁၆၈/ခ နေ အသင်းဝင် ဦးမောင်မောင်ဝင်းသည် ၂၆-၆-၂၀၁၉ရက်တွင် ကွယ်လွန် သဖြင့် ၂၈-၆-၂၀၁၉ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် ပြီးစီးပါကြောင်း။ **အမှုဆောင်အဖွဲ့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဦး(ခ)ဦးကျော်ထူး
**အသက်(၆၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ခနီးကျေးရွာနေ ဦးမရမ်းသီး-(ဒေါ်ခင်လှ)တို့၏သား၊ ဦးကုသလနန္ဒ(မြ-ငါးဆူကျောင်းတိုက်ဆရာတော်)၏အစ်ကို၊ ဦးမြသိန်း-ဒေါ်သန်းဝင်းတို့၏ညီမောင်၊ ဦးခင်မောင်စိုး-ဒေါ်ငွေးမြင့်၊ ဦးသက်ဆွေ-ဒေါ်နွဲ့၊ ဦးလှတင်-ဒေါ်ချို၊ ဦးထင်ကျော်-ဒေါ်ခိုင်ခိုင်လွင်၊ ဦးသန်းငွေးအောင်-ဒေါ်ခင်ဆွေဦး၊ (ဒေါ်ခင်မိုးကြည်)၊ ဦးကျော်နိုင်ရွှေ-ဒေါ်ညိုညိုစန်း၊ ဦးဖြိုးဝေမင်း-ဒေါ်ခင်ပြုံးဝင်း၊ ဦးဇော်ဇော်ထိုက်-ဒေါ်ခင်ခက်ခက်ခိုင်၊ ဦးမြင့်-ဒေါ်ခင်မျိုးမြင့်တို့၏အစ်ကိုသည် ၂၈-၆-၂၀၁၉ရက် နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၉ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (က)ရပ်ကွက်၊ မလွကုန်းငွေးကြွယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၅၆ နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။] **ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၄၊မြေကွက်အမှတ်-၉၆၃၊ မြေကွက်တည်နေရာအမှတ်(၉၆၃)၊(၁၄)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးရွှေမောင်(ISN-၁၂၂၂၅၅)အမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပေါက် ဦးရွှေမောင်ထံမှ(၅.၇.၁၉၉၇)ရက်စွဲပါအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူဦးလောချို(၁၃/ကတန(နိုင်)၀၇၁၆၁၆)မှပါမစ်မူရင်းတင်ပြ၍ဂရန်သစ်လျှောက်ထားလာခြင်းအားကွင်းဆင်းစစ်ဆေးရာထရံကာသွပ်မိုးအဆောက်အဦး(၂)လုံးရှိပြီး ၎င်းအဆောက်တွင်ဒေါ်ငွေးငွေးထံမှမြေငှားနေထိုင်သူမြသန်းငွေးမိသားစုနေထိုင်၍ယာဘက်တွင်ဦးအောင်လွင်၊ဒေါ်ငွေးငွေးမိသားစုနေထိုင်ပါသည်။မြေပြင်နေထိုင်သူဒေါ်ငွေးငွေးမှမြေကွက်မှာ၎င်းတို့ပိုင်ဆိုင်ကြောင်း၊၎င်းတို့တွင်လည်းပိုင်ဆိုင်မှုစာရွက်စာတမ်းများရှိကြောင်း၊ယခုအိမ်တွင်မရှိသေး၍ရုံးသို့လာရောက်ကန့်ကွက်တင်ပြရန်ပြောကြားခဲ့ခြင်းနှင့်ပက်သက်၍ပိုင်ဆိုင်မှုအထောက်အထားမူရင်းများတင်ပြရန်အကြောင်းကြားခဲ့ရာ(၁၂.၅.၂၀၁၇)ရက်နေ့တွင်ပါမစ်မူရင်းတင်ပြ၍ကန့်ကွက်စာတင်သွင်းလာပါသဖြင့်မြေတစ်ကွက်တည်းအားပါမစ်(၂)စောင်ထွက်ရှိနေကြောင်းစိစစ်တွေ့ရှိရပါသဖြင့်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ဦးလောချိုတင်ပြသောပါမစ်မူရင်းနှင့်ဒေါ်ငွေးငွေးတင်ပြသောပါမစ်မူရင်း(၂)စောင်တို့တွင်မည်သည့်ပါမစ်မူရင်းသည်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှထုတ်ပေးထားသောပါမစ်အစစ်အမှန်ဖြစ်ကြောင်းစိစစ်ပြန်ကြားပေးပါရန်ပါမစ်မိတ္တူပူးတွဲ၍မေးမြန်းခဲ့ရာမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ (၂၈.၉.၂၀၁၈)ရက်စွဲပါစာဖြင့်ဦးလောချိုတင်ပြသောပါမစ်မိတ္တူသည်၎င်းဦးစီးဌာနရှိရုံးလက်ခံပါမစ်နှင့်ကိုက်ညီမှုရှိကြောင်းတွေ့ရှိရပြီးမြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှထုတ်ပေးထားသောပါမစ်အစစ်အမှန်ဖြစ်ပါကြောင်းပြန်ကြားလာပါသဖြင့်ဌာနအတွင်းဂရန်လျှောက်ထားသူနှင့်ကန့်ကွက်သူတို့အားခေါ်ယူရှင်းပြပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ဦးလောချိုမှပါမစ်မူရင်းတင်ပြ၍ဂရန်သစ်လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/2563၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/1056၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ခေါင်းလောင်း ဒါယိကာမကြီး
## ဒေါ်ဂုဏ်ကြီး(ခ)ဒေါ်ခင်မြင့်
**အသက်(၉၇)နှစ်**

မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ သီရိရပ်ကွက်၊ အမှတ် ၁၈၆နေ (ဦးအုပ်ချုံ-ဒေါ်မင်းတွန့်)တို့၏သမီး၊ (ဒေါ်သန်းတင်)၏ညီမ၊ နယ်စီးတောအုပ်ကြီး(ငြိမ်း)(ဦးဘချစ်)၏ဇနီး၊ (ဦးငြိမ်းမောင်)ကျောင်းဆရာ(ငြိမ်း)-ဒေါ်ခင်မြင့်ကြည်၊ ဒုဗိုလ်မှူးကြီးခင်မောင်တိုး(ငြိမ်း)-ဒေါ်ညွန့်တင်၊ (ဦးခင်မောင်စိုး)အထက ကျောင်းအုပ်ကြီး-ဒေါ်တင်တင်ဝင်း၊ (ဗိုလ်ဇော်လင်း)၊ ဒေါ်ခင်မာလာ၊ ဆရာမ ဒေါ်မြင့်မြင့်အေး၊ ဆရာမ ဒေါ်မြင့်မြင့်ထွေးတို့၏မိခင်၊ ဦးမျိုးမြင့်ထူး-ဒေါ်အိအိ၊ ဗိုလ်မှူးချုပ်ထူးမြတ်တိုး-ဒေါ်ဇင်ဝင်းသန်း၊ ဦးရဲရင့်မြတ်တိုး-ဒေါ်ဇေကရီကျော်၊ ဒေါ်ဇင်မာစိုး၊ ဦးရဲဝင့်စိုး-ဒေါ်နေဇာအောင်တို့၏အဘွား၊ မြစ်ခုနစ်ယောက်၊ တီတစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၆-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ဆောမြို့သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ရဟန်းအစ်မ
## ဒေါ်စောပု (ခတ္တိယ)
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ No(69) ပထမထပ်ခြေရင်းခန်းနေ (ဦးသက်ရှည်-ဒေါ်စိမ်းခင်)တို့၏သမီး၊ (ဦးဘငွေး)၏ဇနီး၊ ဒေါက်တာဒေါ်မြမြသောင်း ဒု-ညွှန်မှူး(သမိုင်းသုတေသနဦးစီးဌာန)၊ ကိုသိန်းငွေး-မမာမာ၊ ကိုသိန်းဝင်းတို့၏ချစ်လှစွာသောမိခင်၊ မောင်အောင်အုပ် သန့်၊ မောင်သန်းထိုက်ဇေယျာတို့၏ဘွားဘွားကြီးသည် ၂၈-၆-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၉ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူ အားရည်စူး၍ ၄-၇-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဦးစန်းမြိုင်
## လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပို့/ဆက်ဦးစီးဌာန
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်စျေးလမ်း၊ အမှတ် ၁၉၅(ပထမထပ်)နေ ဒေါ်မြင့်မြင့်ကြည်(ရုံးအုပ်-ငြိမ်း၊ ပြည်တွင်းရေကြောင်း)၏ခင်ပွန်း၊ ဗိုလ်မှူးသန့်စင်လင်း(ငြိမ်း)-မမျိုးပပ၊ မဆွေဇင်လင်းတို့၏ဖခင်၊ မဝတီတင့်ရွှန်း၊ မယွန်းရတီဦးတို့၏အဘိုးသည် ၂၈-၆-၂၀၁၉ရက် (သောကြာနေ့) နံနက် ၀၀း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၁၉ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဒေါ်သစ်သစ်ဝင်း
**အမက(၁၂)**
**သဃ်န်းကျွန်း(ငြိမ်း)**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်၁၉၇နေ (ဦးရွှေဝင်း-ဒေါ်ပွဲ)တို့၏သမီး၊ [ဦးဇော်ဝင်း(ခ) ဦးကိုကိုလတ်] - ဒေါ်တင်တင်ရီ၊ ဦးစိန်ဝင်း-ဒေါ်ခင်မြရီ၊ ဦးခင်ဝင်း၊ ဦးစိုးဝင်း - ဒေါ်သန်းသန်းအေး၊ ဒေါ်အေးအေးဝင်း၊ ဦးလှမိုး-ဒေါ်သက်သက်ဝင်း တို့၏ညီမ၊ ဦးကျော်စည်သူ၊ ဦးနေဝင်းဇံ-ဒေါ်မေစည်သူတို့၏မိခင်၊ မသက်နေနွယ်၏အဘွား၊ ဦးသန်းထွန်း၏ချစ်လှစွာသောဇနီးသည် ၂၇-၆-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၉-၆-၂၀၁၉ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်စီ
**(သခင်မ-မခင်စီ)**
**(စာတိုက်မှူး-ငြိမ်း)၊ ထန်းတပင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး**
**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ (၈)ရပ်ကွက်၊ ခင်ညိုလမ်း၊ အမှတ် (၃၉၉-ခ)နေ ဦးဘစိုး-ဒေါ်စိုးမင်းတို့၏သမီး၊ (ဦးဝင်းမြင့်)၏ဇနီး၊ ဦးဝင်းထိန်(R.O)-ဒေါ်သောင်းတင်၊ ဦးငွေးအောင်(ကျောင်းဆရာ-ငြိမ်း)-ဒေါ်အေးအေးမြင့်(သ/မရုံးချုပ်-ငြိမ်း)၊ (ဦးကြည်လွင်)-ဒေါ်မိုးမိုးဝင်း(ကျောင်းဆရာမ-ငြိမ်း)၊ ဦးမြင့်သိန်း-ဒေါ်လေးလေးမြင့်တို့၏ချစ်လှစွာသောမိခင်၊ ဦးမောင်မောင်ဇင်မင်း(M.D of S.Y.M Co,Ltd)-ဒေါ်မိမိစန်း၊ ဦးနန္ဒာစိုး (Raffl Technical Service Pte-Ltd)-ဒေါ်နန္ဒာအေးငယ်၊ ကိုကောင်းထက်စံ(TTPMC)၊ ကိုစည်သူလွင်-မခိုင်ချိုဇာ(သ/မဦးစီး)၊ မောင်ချမ်းငြိမ်းဆန်း(ဆေး-၂)၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၆-၆-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၉ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ချမ်း
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၄)လမ်း၊ အမှတ်(၂၇) လေးထပ်နေ (ချူ ချိန်ကွန်း-ရပ်ချွန်တီ)၊ (ဦးစူးဟုတ်-လင်ဖိတ်တင်)တို့၏သမီး၊ [ချူဟုတ်ရီ(ခ)ဦးစိန်မြင့်]၏ဇနီး၊ ဒေါ်ဝင်းဝင်းရီ-ဦးအေးသိန်း၊ ဒေါ်နိုင်နိုင်ဝင်း-လီချောင်ဇုမ်၊ ဒေါ်မြတ်မြတ်အောင်၊ ဦးထိန်လင်း-ဒေါ်အေးမွန်ခိုင်၊ ဦးမျိုးမင်းအောင်-ဒေါ်ခင်မီမီလတ်တို့၏မိခင်၊ မဝင်းရတနာအေး၊ လီကျွတ်အန်း၊ လီဝေ့ကျဲ၊ မခင်ရတနာမင်းတို့၏အဘွားသည် ၂၇-၆-၂၀၁၉ရက်(ကြာသပတေးနေ့) ညနေ ၄း၅၅နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်ညို(ညိုညို) (ကျောက်ဖြူ)
**မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး(ငြိမ်း)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ်(၆၄ A)ပထမထပ်နေ (ဦးစံရွှေမောင်)(လေဆိပ်အရာရှိ-ငြိမ်း)၏ဇနီး၊ ဘဒ္ဒန္တဦးပဏ္ဍိတ(စစ်တွေ)၏မယ်တော်၊ ဒေါ်စိုးစိုးရွှေ(ခ)မိစု-ရဲမှူးခင်စောမောင်(ဒလမြို့နယ်ရဲတပ်ဖွဲ့မှူး)၊ ဦးဇော်အောင်ရွှေ (2/E ခေတ္တမော်ရိုကိုနိုင်ငံ)-ဒေါ်ဆုဝေနှင်း(အထက်တန်းပြ)၊ (ဦးဝင်းအောင်ရွှေ)-ဒေါ်မြသန်းအေး၊ ဒေါ်ခင်ခင်စိုး(ခ)မီးမီး(ရုပ်ရှင်ဌာနခွဲ)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘောင်ရှင်သည် ၂၇-၆-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၉ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဘဝမ်း (အင်ဂျင်နီယာမှူးကြီး-ငြိမ်း)
**အသက်(၇၆)နှစ်**

လေယာဉ်မှူးကြီးဇော်ဟိန်း(Wings Air Lions air group Indonesia)-ဒေါ်ရီသန္တာမြင့်တို့၏ချစ်လှစွာသောဖခင် ဦးဘဝမ်း(အင်ဂျင်နီယာမှူးကြီး-ငြိမ်း)သည် ၂၉-၆-၂၀၁၉ရက်(စနေနေ့)တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှမြင့်-ဒေါ်ရီရီညွန့်**
**မြင့်မိသားစုကုမ္ပဏီ(မန္တလေးမြို့)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်မြတ်ကျော်
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၃၆)နေ (ဦးတင်ဦး-ဒေါ်သန်းစိန်)တို့၏သား၊ ဒေါ်လှအေး၏ခင်ပွန်း၊ (ဒေါ်အေးမြင့်ကြည်-ဦးသောင်းရွှေ)၊ ဦးကိုကိုလေး(Australia)၊ (ဒေါ်ခင်သိန်းဆင့်)၊ ဦးသောင်း-ဒေါ်အေးမြကြည်တို့၏မောင်၊ ကိုသန်းငွေးကျော်-မခင်သီတာ၊ ကိုလှအောင်ကျော်-စံတိုမီ၊ မခင်ကျော့ဝေ-မောင်မြတ်သူ၊ မမေရှုပါကျော်တို့၏ဖခင်သည် ၂၈-၆-၂၀၁၉ရက် (သောကြာနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၁၉ရက်(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဦးကိုကိုဇော် (စာရေးဆရာ SOE Z KO)
**(B.A Geography)၊ (စစ်ကွင်းမြို့)**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ အမှတ် ၇၄/ကနေ (ဦးအောင်မြတ်)-ဒေါ်မြင့်နွယ်တို့၏သား၊ ဦးအေးကြွယ်(ကောင်းမြတ်နွယ်)-ဒေါ်ခင်သက်မော်၊ ဒေါက်တာဇော်ဝင်း (ပါမောက္ခ၊ဌာနမှူး၊ မြန်မာစာဌာန၊ မြိတ်တက္ကသိုလ်)-ဒေါက်တာဝေဝေမြင့်(ပါမောက္ခ၊ ဌာနမှူး၊ ငြိမ်း၊ ပညာရေးတက္ကသိုလ်၊ PISM)၊ ဦးသက်လွင်တို့၏ညီ/မောင်၊ (ဦးဝင်းမော်)-ဒေါ်နီနီမာ(ထိရောက်ကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဦးဝင်းမော်သန့်-ဒေါ်ချိုချိုစန်း၊ ဦးဝင်းကြည်-(ဒေါ်စုစုဝင်း)၊ ဦးအောင်ကျော်မိုး-ဒေါ်ညိုသန့်ထွေးတို့၏အစ်ကို၊ တူ၊တူမ ၁၂ယောက်တို့၏ ဦးလေးသည် ၂၈-၆-၂၀၁၉ရက် (သောကြာနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်စုစုကြည်
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ သာယာဝတီလမ်း၊ အမှတ် ၃၅(ခ)နေ (ဦးအိန်စွန်း)-ဒေါ်နှင်းကြည်တို့၏သမီး၊ ဦးဖေကျော်ထင်-ဒေါ်နုနုကြည်၊ ဒေါ်မိမိကြည်၊ ဦးခင်မောင်ကြည်- ဒေါ်နှင်းနှင်းယု၊ ဦးညိုကြည်၊ဒေါက်တာ ကျော်မင်း-ဒေါ်မွေးမွေးကြည်၊ ဒေါ်ငွေးငွေးကြည်၊ ဦးအောင်လတ်တို့၏ညီမ၊ တူ/တူမ ၁၇ ယောက်တို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏ဘွားလေးသည် ၂၇-၆-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၅း၁၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၉ရက် (သောကြာနေ့) နံနက် ၈း၄၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဒေါက်တာမျိုးသိန်း (ဗိုလ်မှူး-ငြိမ်း)
**B.D.S, Dip.D.Sc, M.D.Sc(Ygn)**
**F.I.C.D(U.S.A)**
**အသက် (၅၈)နှစ်**

၂၈-၆-၂၀၁၉ရက် (သောကြာနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသည်။ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့နံနက် ၁၁း၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ (၇၂) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်၊ အာဇာနည်နေ့အခမ်းအနား ပြင်ဆင်ဆောင်ရွက်ထားရှိမှု လှည့်လည်ကြည့်ရှု

**ရန်ကုန်  ဇွန်  ၂၈**

၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်ကွပ်ကဲရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီ နာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ (၇၂) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်မြင့်နွယ်နှင့် ဦးကြည်မင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ကျင်းပမည့် (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အဆင်ပြေချောမွေ့စွာကျင်းပနိုင်ရေးအတွက် (၇၂) နှစ်မြောက်

*စာမျက်နှာ ၇ ကော်လံ ၁* ❐



**ဒုတိယသမ္မတ ဦးမြင့်ဆွေ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး) ရှိ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းဝင် မော်ကွန်း ကျောက်စာတိုင်နေရာ၌ ပြင်ဆင်ထားမှုကို ကြည့်ရှုစဉ်။** သတင်းစဉ်

## MNL တန်းဆင်းဇုန်အတွက် အရေးပါသည့်ပွဲတွင် Southern နိုင်ပွဲရရှိ



**Chinland နှင့် Southern အသင်း ယှဉ်ပြိုင်နေစဉ်။** ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် ဇွန် ၂၈**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄) ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ Southern အသင်းက Chinland အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

တန်းဆင်းဇုန်အတွက် အရေးပါသည့်ပွဲတွင် Southern အသင်း အနိုင်ရခဲ့ပြီး ရှုံးပွဲကြုံတွေ့ခဲ့သည့် Chinland အသင်းမှာမူ ဇယားအောက်ဆုံးရောက်သွားကာ ဖိအားပိုများသွားခဲ့သည်။ ဒုတိယပိုင်းမှ အပြန်အလှန်သွင်းဂိုးများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး Southern အသင်းက နောက်ကျဂိုးဖြင့် အနိုင်ရခဲ့သည်။

Chinland အသင်းသည် နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သလို Southern အသင်းကလည်း ပြည့်ဖြိုးအောင်၊ ကောင်းစည်သူ၊ စွမ်းထက်အောင်၊ ဝင်းမင်းထွဋ်တို့ဖြင့် ပြန်လည်ရင်ဆိုင်ခဲ့သည်။ ပထမပိုင်းတွင် Southern အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး Chinland အသင်းသည် ထိရောက်သည့် ဂိုးသွင်းခွင့်များ မဖန်တီးနိုင်ခဲ့၍ ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ Southern အသင်းသည်

*စာမျက်နှာ ၁၂ ကော်လံ ၁* ❋

**နည်းပညာဆိုင်ရာ လုံခြုံမှုအဆင့်မြှင့်တင်ထားသည့် "ခ"၊ "ဂ"၊ "ဃ" နှင့် "င" ယာဉ်မောင်းလိုင်စင် Smart Card များကို ကောက်ခံသည့်နှုန်းထား ပြောင်းလဲခြင်းမရှိဘဲ ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စတင်ပြောင်းလဲထုတ်ပေးသွားမည်**

*စာမျက်နှာ - ၁၂*

**ရနောင်းလူသတ်မှုမှာ မြန်မာရွှေ့ပြောင်းလုပ်သားများ ဖြစ်ပွားခဲ့သော လူသတ်မှုများအနက် ပထမဆုံး အယူခံအနိုင်ရရှိခဲ့သောအမှုဖြစ်**

*စာမျက်နှာ - ၁၃*




City College Yangon

BTEC
PEARSON
Center No: 96045

ရန်ကုန်မှာတက်ရင်း သုံးနှစ်ခွဲအတွင်း UK Degree ရယူနိုင်မည့် အခွင့်အရေး

UK Degree & Diploma

ENGINEERING
(Civil, Mechnical, Electrical & Electronic)

COMPUTING& IT
(Including CompTIA, CCNA)

BUSINESS
(Management, Marketing, Human Resources , Finance & Accounting)

Enroll Now!
July Intake

အဆောင်ကိစ္စကို ကူညီစီစဉ်ပေးပါသည်။

City College ကိုဘာကြောင့်ရွေးချယ်သင့်သလဲ?

- UK အစိုးရမှ အသိအမှတ်ပြုထားသော ကျောင်းဖြစ်ခြင်း
- ဘာသာရပ်အလိုက် ပါမောက္ခနှင့် ဝါရင့်ကျွမ်းကျင် ဆရာ၊ ဆရာမများမှ ဂရုတစိုက်သင်ကြားပေးခြင်း
- အလုပ်အကိုင် အခွင့်အလမ်းအတွက် အဆင့်သင့်ဖြစ်စေရန် (၂၁)ရာစု ကျွမ်းကျင်မှုများသင်ကြားပေးခြင်း
- နောက်ဆုံးနှစ်တွင် Inernship Program ရှိခြင်း
- သင့်တင့်မျှတသော ကျောင်းလခနှင့် အရစ်ကျပေးချေနိုင်မှု




ဘယ်သူတွေတက်ရောက်သင်ကြားနိုင်ပါသလဲ?

- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် မအောင်မြင်သေးသူများ
- UK Degree ကိုထပ်မံရယူလိုသည့် ပြည်တွင်းဘွဲ့ ရရှိပြီးသူနှင့်
- အဝေးသင် တက်ရောက်ဆဲကျောင်းသား၊ ကျောင်းသူများ
- IGCSE အောင်မြင်ပြီးသူများနှင့် မအောင်မြင်သေးသူများ

တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးသော်လည်း UK Degree ရယူနိုင်မည့် အထူးအခွင့် အရေး

Diamond Condo, Tower (A), 1st Floor, Hledan, Pyay Road, Yangon. facebook.com/citycollegeyangon 09 450 634 402~3~4